
မစန္ဒာ
ပန်းစကား
စတုတ္ထအကြိမ်

## ဒို့တာဝန်အရေး ၃ ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

**ပြည်ပအားကိုး ပုဆိန်ရိုး** အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
**နိုင်ငံတော်**တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို **နှောင့်ယှက်ဖျက်ဆီးသူ**များအား ဆန့်ကျင်ကြ
**နိုင်ငံတော်၏**ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ**များအား ဆန့်**ကျင်ကြ
**ပြည်တွင်းပြည်**ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

**နိုင်ငံတော်**တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
**အမျိုးသား**ပြန်လည်စည်းလုံးညီညွတ်ရေး
**ခိုင်မာ**သည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
**ဖြစ်ပေါ်**လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်**သော** နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ၄ ရပ်

**စိုက်ပျိုးရေး**ကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး **တိုးတက်အောင်** တည်ဆောက်ရေး
**ဈေးကွက်စီးပွား**ရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
**ပြည်တွင်းပြည်**ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး **ဖွံ့ဖြိုးတိုးတက်အောင်** တည်ဆောက်ရေး
**နိုင်ငံတော်စီးပွား**ရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် **တိုင်းရင်းသား** ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် ၄ ရပ်

**တစ်မျိုးသားလုံး၏** စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
**အမျိုးဂုဏ် ဇာတိဂုဏ်** မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသား**ရေးလက္ခဏာများမ**ပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
**မျိုးချစ်စိတ်ဓာတ်ရှင်သန်**ထက်မြက်ရေး
**တစ်မျိုးသားလုံး ကျန်းမာ**ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မစန္ဒာ

# ပန်းစကား

ပါရမီ
စာပေ

**ပန်းစကား**
စတုတ္ထအကြိမ်၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ  ဇော်မောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၁၀/ ၂၀၀၂(၁၂)နှင့် စာမူ
ခွင့်ပြုချက်အမှတ် ၉၈၀/ ၂၀၀၂(၁၀)တို့အရ ဦးတင်ရှိန်
(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီ မြို့သစ်၊
မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို
ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

**တန်ဖိုး ၅၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဆောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

‘ကြွေ့’ကို မောင်မောင် စတွေ့သည်မှာ တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ဖြစ်သည်။ ရက်အားဖြင့်လည်း နိုဝင်ဘာလ လေးရက်နေ့ ဖြစ်သည် ကို မှတ်မှတ်ထင်ထင် ရှိသည်။

ထိုနေ့က မောင်မောင်တို့ စက်မှုတက္ကသိုလ်နှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘတ်စကက်ဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြလေသည်။

‘ငါတို့တွေတော့ ရှုံးဖို့တစ်ဝက်ပါပဲကွာ၊ ဘဲဥကွဲရင်တောင် ကံကောင်း’

မျိုးဝင်းသည် အားငယ်သလို ညည်းရှာသည်။ မျိုးဝင်း အားငယ်လည်း ငယ်စရာပါပေ၊ ယောကျ်ားလေးအသင်းများအနေနှင့် အခြားအသင်းများကိုယှဉ်နိုင်သော်လည်း စက်မှုတက္ကသိုလ် မိန်းကလေးအသင်းများသည်ကား အသင်းဖြစ်အောင်ပင် မနည်းဖွဲ့ထားရသော ခနော်နီခနော်နဲ့ အသင်းများဖြစ်သည်။ ထိုစဉ်ကစုစုပေါင်းမှ မိန်းကလေးနှစ်ယောက်တစ်ပိုင်းသာရှိသည်မို့ စက်မှုတက္ကသိုလ်တွင် မိန်းကလေးလက်ရွေးစင်ဖြစ်ရန် မခက်ခဲလှချေ။ ဘောလုံးကိုပိုက်တန်းကျော်အောင် ပုတ်တတ်ပါက ဘော်လီဘော လက်ရွေးစင်ဖြစ်တော့သည်။ ခြင်းဆီသို့ ဘောလုံးရောက်အောင် ပစ်မြှောက်တတ်ပါက ဘတ်စကက်ဘောလက်ရွေးစင်ဖြစ်ရသည်။ ချေးများပြီး ရွေးချယ်နေရန် လူမရှိ။ ထိုကဲ့သို့သော

အသင်းသည်လည်း လူအများထဲမှ အသေအချာ စစ်စီပြီးရွေးထုတ်ထား သော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အသင်းကိုကား နိုင်မည်မဟုတ်သည်ကို မောင်မောင်လည်း ဇဗဒင်မမေးဘဲ သိပြီးဖြစ်သည်။

'ယှဉ်ပြိုင်ခြင်းသာ အဓိကပေါ့ဗျာ နော် မဟုတ်ဘူးလား မအေး ငြိမ်းရာ'

မောင်မောင်သည် မျက်နှာလေး ငယ်ငယ်နှင့် ရပ်နေသော မအေးငြိမ်းကို အားပေးသလိုပြောလိုက်သည်။ မအေးငြိမ်းသည် ပြုံးမဲ့မဲ့ လေးနှင့် ခေါင်းညိမ့်ပြရှာလေသည်။ သူ့ခမျာ သွေးပူလေ့ကျင့်ခန်း ယူ နေသော တစ်ဖက်အသင်း၏သွက်လက်မှုကိုကြည့်ပြီး စိတ်အားငယ်နေ ဟန် ရှိလေသည်။

'မအေးငြိမ်းကွ အေးအေးငြိမ်းငြိမ်းကနေပြီး ဆူဆူပူပူ ကစားပြ လိုက်စမ်း'

စက်မှုတက္ကသိုလ် တံဆိပ်ပါသော အားကစားအင်္ကျီ ဝါဝါဝင်း ဝင်းနှင့် ဘောင်းဘီအနက်ကလေးများဝတ်ထားသော မိန်းကလေးများ ကွင်းထဲသို့ စီတန်းပြီး ဝင်သွားချိန်တွင် မျိုးဝင်းသည် အခြောက်တိုက် ထအော်လေသည်။

မျှော်လင့်ထားသည့်အတိုင်းပင်ဖြစ်ပါသည်။ တစ်ဖက်အသင်း မှ တရုတ်ကပြား မိန်းကလေးနှစ်ဦးသည် သွက်လက်လှသည်။ မအေး ငြိမ်းတို့တစ်တွေ အစွမ်းကုန် ကာကွယ်နေကြသည့်ကြားထဲမှ ဘောလုံး ကို ခြင်းဆီသို့ရောက်အောင်ဝင်အောင် ပစ်နိုင်ကြသည်။ တစ်ဖက်အသင်းမှ အမှတ် ငါးမှတ်ရသည်အထိ မောင်မောင်တို့စက်မှုတက္ကသိုလ်အသင်း သည် လုံးဝ အမှတ်မရသေးချေ။ မောင်မောင့်ဘေးမှ မျိုးဝင်းနှင့် အေး လွင်တို့သည် ခုန်ကာပေါက်ကာနှင့် အသံကုန်အားပေးနေသည်။ တစ် ဖက်သင်းမှဘောလုံးသွင်းတိုင်း သြဘာသံညံနေသည်ကို မခံချင်သလို ရှိသမျှအသံကို အကုန်ဟစ်ကာ အော်ကြသည်။ စက်မှုတက္ကသိုလ်

အသင်းမှ ပထမဦးဆုံး ဘောလုံးသွင်းပြီး အမှတ်ရချိန်တွင်မူ နှစ်ဦးသား ထခုန်ကြတော့သည်။

'ဒေစီကွ အေးငြိမ်းကွ ဘဲဥကွဲပြီညီမတို့ရေ၊ ချုံထားတဲ့ပညာတွေကို ပြလိုက်စမ်း'

မျိုးဝင်းသည် ကျောင်းစိတ် ကျောင်းစွဲကြီးလှသည်။ ခါတိုင်း သူမျက်လုံးကျွတ်မတတ် လိုက်ကြည့်လေ့ရှိသော ဝိဇ္ဇာသိပ္ပံမှကျောင်းသူ ချောချောလှလှလေးများကိုပင် ငဲ့မကြည့်အားချေ၊ သူ့အသံကျယ်လွန်း၍ မသိမသာထိုးကြသော မျက်စောင်းလှလှများကိုလည်း ဂရုမပြုအား လောက်အောင် ငမ်းစိတ်တွေပျောက်နေလေသည်။

'ညီမတို့ရေ သိပ်ချုံမထားနဲ့တော့ ချုံထားတာတွေ ထုတ်ပြီး အစွမ်းပြလိုက်စမ်း'

ရှုံးသည်ကိုပင် ရှုံးသည်ဟု ဝန်မခံ၊ တမင် လျှော့ပေးထားသလိုလို လေကျယ်နေသော မျိုးဝင်း၏အသံကြောင့် ဝိဇ္ဇာသိပ္ပံကျောင်းသူ ကျောင်းသားများ မခံချင်ဖြစ်ကြရသည်။ မောင်မောင်ကမူ မျိုးဝင်း လောက် ကျောင်းစွဲမကြီးသောကြောင့်ထင်သည်။ သူတို့လောက် အာကျယ်ပါကျယ် မအော်ဟစ်မိချေ။ အေးလွင်လောက်လည်း လက်သီး လက်မောင်းမတန်းမိချေ။

'အိမ်သာဆောက်တတ်တယ်ဟေ့ ဟေးဟေး၊ ချေးပိုက်ပြင်တတ်တယ် ဟားဟား၊ အိမ်သာဆောက်တတ်တယ်'

မခံချင်ဖြစ်လာဟန်တူသော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ကျောင်းသား တစ်စုသည် မောင်မောင်တို့ဘက်ကို လက်ညှိုးထိုးပြီး ကရော်တိုက်ကြ လေသည်။ စက်မှုတက္ကသိုလ်ဟူသည်မှာ ဆောက်လုပ်ရေး ပြင်ဆင်ရေး တည်ဆောက်ရေး စသည်များကို ဆည်းပူးရသူများမို့ သူတို့စကားသည် ထိလှမိလှချေသည်။

'ဟာ အီတယ်ဟေ့'

အေးလွင်သည် မျက်လုံးကြီးပြူးရင်း မတိုးမကျယ် အော်လိုက်လေသည်။ မောင်မောင်တို့တစ်တွေလည်း ကစားကွင်းထဲမှလှုပ်ရှားမှုများကိုပင် အာရုံစူးစိုက်မှုပြတ်ပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။ တစ်စုံတစ်ခုပြန်လည်ချေပချင်သော်လည်း ဘာပြောရမည်မှန်းမသိဘဲ ကြောင်အအ ဖြစ်နေကြသည်။ ထိုစဉ်တွင် မျိုးဝင်းသည် နေရာမှဖြုန်းခနဲထလိုက်ပြီး လက်ညှိုးကလေးကွေးလိုက်ဆန့်လိုက်နှင့် အသံနေအသံထားကျကျ အော်လိုက်သည်။

'အိမ်သာဆောက်ဖို့ လူလိုတယ်၊

ဘီအေတွေကို ငှားနိုင်တယ်၊

ချေးပိုက်ပြင်ဖို့ လူလိုတယ်၊

ဘီအက်စီတွေ လာခဲ့လာခဲ့'

တစ်ကွင်းလုံး ဝါးခနဲဖြစ်သွားကြသည်။ ဖြတ်ထိုးဉာဏ်ရွှင်လှသော သူကောင်းသား မျိုးဝင်းကြောင့် မောင်မောင်တို့အားလုံး ရွှင်ပြုံးပြီး ကြွစောင်းစောင်းဖြစ်သွားကြသည်။

'အောင်မယ် အောင်မယ် ကြီးကျယ်လိုက်တာ'

မောင်မောင်တို့ နောက်ဘက်တန်းမှ မခံနိုင်မရပ်နိုင် ပြောလိုက်သောအသံကို ကြားရသည်။ မောင်မောင်သည် ဟက်ဟက်ပက်ပက်ရယ်နေရာမှ လှည့်ကြည့်လိုက်မိလေသည်။

မောင်မောင့်ကို စူးစူးရဲရဲစိုက်ကြည့်နေသော မျက်လုံး လက်လက် ကလေးတစ်စုံကို တွေ့ရသည်။ ဝင်းဝင်းဝါသော အသားလေးမှာ မခံချင် စိတ်ကြောင့် နီတွေးတွေးအရောင်ပင် သန်းနေသည်။ ခေါင်းကို ဆတ်ခနဲလှည့်လိုက်သောအခါ ကုပ်ပေါ်တွင်ဝဲနေသော ဆံပင်ကလေးများသည် ဖွားခနဲ ဝေ့ပြီးခါသွားသည်။

'ကြားလား ကြွေ ကြားရဲ့လား၊ အင်မတန်ကြီးကျယ်တယ်'

မဒေါသကလေးလှည့်ပြောလိုက်သော မိန်းကလေးသည် ညင်

ညင်သာသာလေး ခေါင်းညိတ်ပြလေသည်။ ဆံတိုမလေးများကြားထဲတွင် တစ်ပတ်လျှိုထုံးထားသော သူ့အသွင်သည် အေးချမ်းငြိမ်သက်လှသည်။ ဘာပန်းမှန်းတော့မသိ လွလွလေးဖြူသောပန်းတစ်ပွင့်ကို ဆံထုံးဘေးတွင်ကပ်၍ ပန်ထားသည်။ သူတို့ကိုသမင်လည်ပြန်လှည့်ကြည့်နေသော မောင်မောင့်ကိုလှမ်းကြည့်လိုက်သော မျက်ဝန်းညိုညိုလေးများသည် အေးဆေးပြီး မာနရိပ် ကင်းစင်လှလေသည်။

မောင်မောင်သည် ဖျတ်ခနဲရှေ့ဘက်ပြန်လှည့်လိုက်သည်။ သို့သော် သူ့အာရုံတွင် တစ်ပတ်လျှိုဆံထုံးနှင့် ပန်းဖြူဖြူလေးသည် ကပ်ငြိပါလာသည်။

ဩော် သူ့နာမည်က ကြွေတဲ့။

❖

'ကြွေရုပ်လေးလိုလှလို့ "ကြွေ" လို့ခေါ်တာလား၊ ကြွေပန်းလေးနဲ့တူလို့ "ကြွေ" လို့ခေါ်တာလား'

အေးသွယ်သည် မျက်စလေးချီကာမေးရင်း ကြွေ့ကို ခပ်ငေးငေးလေး ကြည့်နေသည်။ ကြွေ့ အသားဖွေးဖွေးများသည်ထိလျှင် ကြွေကျခမန်း နုနယ်လှသည်ကား အမှန်ပင်။ ကြွေ့အသားက ဖြူသောကြောင့် နဖူးပြင်ပေါ်တွင် ဝေ့ဝဲကျနေသော ဆံပင်နွယ်များသည် ပိုပြီးနက်သွားသယောင် ရှိသည်။

'ကြွေ မသိပါဘူး အေးသွယ်ရယ်၊ ကြွေ လူမှန်းသိစကတည်းက ကြွေ့ကို ကြွေလို့ခေါ်ကြတာပဲ၊ ကြွေ့မေမေနဲ့ဖေဖေကတော့ ကြွေရုပ်မ လို့ တစ်ခါတလေခေါ်တယ်၊ နောက် "ကြွေ" ကြီးလာတော့လည်း အား လုံးက ကြွေလို့ခေါ်ကြတာပဲ၊ ကြွေကတော့ ကိုယ့်နာမည်ကို ကိုယ် မကြိုက်ပါဘူး၊ ကြွေ ဆိုတဲ့နာမည်ကို ကြွေမကြိုက်ပါဘူး အေးသွယ်ရယ်'

'ဘာဖြစ်လို့'

အေးသွယ်သည် တအံ့တသြ မေးလိုက်မိသည်။ အမည်တူရှားသော "ကြွေ" ဟူသည့်အမည်ဆန်းဆန်းလေးကို အေးသွယ်နှစ်သက်မိသောကြောင့် ဖြစ်သည်။

'အေးသွယ် ငယ်ငယ်က မြန်မာသဒ္ဒါသင်ဖူးတယ် မဟုတ်လား ဟင်'

'ဦးဖေမောင်တင် မြန်မာသဒ္ဒါစာအုပ် ဝါဝါလေးတွေ မဟုတ်လား၊ နာမ်တို့ နာမဝိသေသနတို့ ကြိယာတို့ အေးသွယ် အတော်ကျက်ခဲ့ရသေးတယ်၊ အဲဒါနဲ့ဘာဆိုင်လို့လဲ'

ကြွေသည် သဲ့သဲ့လေး ပြုံးလိုက်ပြီး မှန်ပြတင်းမှတစ်ဆင့် ကောင်းကင်ပြာကို ငေးမောကြည့်နေလေသည်။

'နာမ်အနေနဲ့ဆိုရင်တော့ ကြွေဆိုတာ ဖြူဖြူဖွေးဖွေး နုနယ်တဲ့ အမျိုးအစား သတ္တုလေးမို့ ကောင်းတယ်ဆိုပါတော့၊ ကြိယာအနေနဲ့ဆိုရင်တော့ ကြွေဆိုတဲ့အဓိပ္ပာယ်က မကောင်းဘူး အေးသွယ်ရဲ့'

'ဟာ ဒါကတော့ ကြွေက အနက်ကောက်လွန်းတာကိုး'

'စဉ်းစားကြည့်လေ၊ ကြွေကျတယ်၊ ကြွေလွင့်တယ် ကြွေ ကြွေ'

ကြွေသည် တိုးတိုးလေး ရေရွတ်နေသည်။ မှိုင်းမှိုင်းညိုသော မျက်လုံးညိုညိုလေးများသည် စားပွဲပေါ်ရှိ စာအုပ်ကလေးများကိုငေးစိုက်ကြည့်နေသော်လည်း မြင်ဟန်မရှိချေ။ ထိတ်လန့်မှု၊ စိုးရွံ့မှု၊ ကြေကွဲမှုတို့ ရောနှောလာသော မျက်ဝန်းလေးတွင် မျက်ရည်ကြည်များ မသိမသာလေး ရစ်ဝဲနေသည်။

'ကြွေ ကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘာတစ်မျိုးမှန်းတော့ အေးသွယ် မသိဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲ'

အေးသွယ်က အူကြောင်ကြောင် မှတ်ချက်ချသောအခါတွင်ကား ကြွေသည် မည်းနက်စင်းရှည်သော မျက်တောင်များကို ဖျပ်ခနဲခတ်လိုက်ပြီး ယောင်ချာချာလေးပြုံးလိုက်လေသည်။

'ဟုတ်တယ် ကြွေက တစ်မျိုးပဲ'

ဝန်ခံသလိုပြောသော ကြွေမျက်နှာလေးသည် မသိမသာ ညှိုးနေသည်။ စာအုပ်များကို ကောက်သိမ်းပြီး အဆောင်သို့ ပြန်လာသည်

အထိ နောက်ထပ်စကားမဆက်ကြတော့ဘဲ ငြိမ်နေမိကြသည်။ မကြာခဏ ညှိုးရော်သွားတတ်သော ကြွေ၏ မျက်လုံးလေးများ နောက်ကွယ်တွင် အေးသွယ်မသိသေးသော စိတ်ဝင်စားဖွယ်ဇာတ်လမ်းလေးများ ရှိခဲ့လိမ့်မည်ဟု အေးသွယ်တွေးနေမိလေသည်။ အခန်းဖော်ချင်း၊ အဓိက ဘာသာ တူသူချင်းမို့ ငြိမ်သက်အေးဆေးသော "ကြွေ"ဟူသော မိန်းကလေးနှင့် ခင်မင်ခဲ့ကြသော်လည်း ကြွေ့ အကြောင်းကိုကား အေးသွယ် အသေအချာ မသိသေးချေ။

အေးသွယ် သိသည်ကား တစ်ခုတည်းသာ။

ကြွေ့ နာမည်က ကြွေ။

နောက်ပြီး ဖွေးဖွေးဖြူသော စကားပန်းလေးကို နှစ်နှစ်သက်သက် ပန်ဆင်တတ်သည်။

ဒါအပြင် အေးသွယ် ပိုမသိ၊

သြော် တစ်ခုတော့ ပိုသည်။

ကြွေ့ အဆင်အပြင် အမူအရာက မြင်ရသူ ရင်အေးဖွယ်ဖြစ်သော်လည်း ကြွေ့ ရင်ထဲတွင်ကား အေးမနေကြောင်းကိုတော့ အေးသွယ် သိသည်ထင်သည်။

မည်သို့ပင်ဆိုစေ၊ စကားကို တိုးတိုးလေးပြောတတ်ပြီး သဲ့သဲ့လေးပြုံးတတ်သော ကြွေ့ကို အေးသွယ် ခင်မင်သည်ကား အမှန်ပင်။

ကြွေနှင့်အတူ လမ်းလျှောက်သွားလျှင် သနပ်ခါးနံ့ သင်းသင်းကို သာမက လေသင့်လျှင် ပျံ့ပျံ့လေးမွှေးသော စကားပန်းနံ့ကိုပါ ရှူရှိုက်ရသည်ကို အေးသွယ်နှစ်သက်မိသည်ကိုလည်း မငြင်းနိုင်။

သို့သော် အေးသွယ်၏ရင်ထဲတွင် မကြာခဏ တီးတိုး မှတ်ချက်ချမိသည်။

"ကြွေ့ကိုကြည့်ရတာ တစ်မျိုးလေးပဲ"

❖

'တစ်မျိုးပဲဗျ၊ ရန်ကုန်ဆောင်း အေးပုံက တစ်မျိုးလေးပဲ။ အေးအေးစိမ့် စိမ့်နေပေမယ့် အရိုးခိုက်အောင် မချမ်းဘူး၊ အနွေးဓာတ်ကလေးက မပြယ့်တပြယ် ကျန်နေတယ်'

'အောင်မယ်လေး ကိုကြီးအောင်ရာ ခင်ဗျားက တောင်ပေါ်မြို့က လာပြီး အနွေးဓာတ်လေးမပြယ့်တပြယ်လုပ်မနေစမ်းပါနဲ့ ကျွန်တော်တော့ ချမ်းတာပဲ'

မောင်မောင်သည် ရေချိုးခန်းထဲမှ ခုန်ပေါက်ထွက်လာရင်း အသံ တုန်တုန်နှင့် ပြောသည်။ ပါးစပ်ကိုဟ၍ ဟားခနဲ လုပ်လိုက်သော အခါ အငွေ့များထွက်လာသည်။ ဆပ်ပြာမွှေးနံ့နှင့်အတူ ရေငွေ့လေးများပါ ဝဲပြီးပါလာဟန်ရှိသည်။

'ချမ်းရင် ဘာလို့ စောစောစီးစီး ရေချိုးတုံးကွ'

'အာဗျာ ကျောင်းက မနက် ရှစ်နာရီ ကျောင်းတက်တာ ဒီအချိန် ရေမချိုးလို့ ဘယ်အချိန် ချိုးရမှာလဲ'

'အောင်မယ်လေး ငါ့လူရယ် ရေမချိုးလို့ သေတဲ့လူ မရှိပါဘူး၊ ဟား ဟား ဟား ရေချိုးမှားလို့ သေတဲ့ မသာတွေတော့ တန်းကိုစီလို့'

ကိုမြအောင်သည် စောစောစီးစီး ရေချိုးပြီး ခိုက်ခိုက်တုန်နေသော မောင်မောင့်ကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်နေသည်။ မောင်မောင်သည် ကိုယ်ကို မျက်နှာသုတ်ပဝါနှင့် ခပ်ကြမ်းကြမ်း ပွတ်တိုက်ရင်း မှန်တရုတ်ကပ်ကလေးကို ဖွင့်လိုက်သည်။ အေးမြသောလေသည် နှင်းမှုန်များနှင့်အတူ ခပ်လောလောကလေး ပြေးဝင်လာသည်။ မောင်မောင် နေသော ယောကျ်ားလေးအဆောင်မှ တန်းမြင်နေရသော စက်မှုတက္ကသိုလ် မိန်းကလေးဆောင်ကိုပင် မမြင်ရတော့လောက်အောင် မြူနှင်းများက သိပ်သိပ်သည်းသည်း ကျနေသည်။ ဘောလုံးကွင်းကြီး တစ်ကွင်းလုံးလည်း နှင်းမှုန်များနှင့် ပိတ်ဆိုင်းနေသည်။ ဘောလုံးကွင်းအစပ်ရှိ စက်မှုတက္ကသိုလ်ဆေးရုံကလေးကိုကား နှင်းများအောက်တွင် ရေးရေးလေး တွေ့နိုင်သေးသည်။ ဆေးရုံရှေ့ရှိ ပျဉ်းမပင်ပျိုလေး သုံးပင်သည် နှင်းများနှင့်စိုရွှဲကာ ငြိမ်ငြိမ်သက်သက်ကလေး ရပ်နေကြသည်။

'ကိုကြီးအောင် ခင်ဗျား လက်ဖက်ရည် မသောက်ဘူးလား၊ ဒီနေ့ ထမင်းကြော်ကျွေးမယ် ထင်တယ်ဗျ'

'သောက်တာပေါ့'

ကိုမြအောင်သည် အိပ်ရာမှ ပျင်းတိပျင်းတွဲထလိုက်ရင်း စားပွဲပေါ်ရှိ သွားတိုက် သွားပွတ်တံကို လှမ်းယူလိုက်သည်။ ကိုမြအောင် ရေချိုးခန်းဝင်လျှင် တဝုန်းဝုန်း ရေချိုးသံကိုကြားခဲလှသည်။ ရေချိုးမှားမည်ကို သေမလောက်ကြောက်သောသူဖြစ်သဖြင့် မျက်နှာသစ်ပြီး ပြန်ထွက်လာမည်သာဖြစ်၏။

'ကိုကြီးအောင် ခင်ဗျား သိပ်ညစ်ပတ်တယ်'

'အို ညစ်ပတ်လို့ သေတဲ့မသာ မရှိဘူး'

'နံတာပေါ့ဗျ'

'အိုကွာ မင်းကောင်မလေးတွေက ငါ့ကျောက ချေးနံ့ကိုလိုက်မရှူနိုင်ပါဘူး'

ဟုတ်တော့လည်းဟုတ်သည်ပင်။ ကိုမြအောင် အဝတ်အစား လဲပြီး ထွက်လာချိန်တွင်မှ သန့်ရှင်းသပ်ရပ်နေသည်။ လူကိုသာမလျှော် သော်လည်း အဝတ်မှန်မှန်လျှော်သူမို့ သူ့ကျောတွင်တင်နေသော ချေးနံ့ ကို မည်သူမျှရမည်မဟုတ်ချေ။

အဆောင်အပြင်ရောက်ပြီး လမ်းမသို့ထွက်မိသောအခါ စိမ့်စိမ့် အေးသော နှင်းငွေ့နှင်းမှုန်များက ဆီးကြိုပက်ဖျန်းလိုက်သည်။ လူနေကျဲ ပါးသော ကြို့ကုန်းဘက်တွင်ရောက်နေ၍လားတော့မသိ။ ရန်ကုန်မြို့ထဲ ထက် ပိုပြီး နှင်းများ သိပ်သိပ်သည်းသည်း ကျလေ့ရှိသည်ကို မောင် မောင် သတိပြုမိသည်။

'ကိုကြီးအောင် တနင်္ဂနွေနေ့ကျရင် ကျွန်တော်နဲ့ မျိုးဝင်းနဲ့ ဂျပ်ဆင်မျှော်စင်ကို ခတ်ပုံသွားရိုက်ကြမလို့ ခင်ဗျား လိုက်မလား'

'ဘာလုပ်ဖို့လဲကွ'

'ဟိုကောင် မျိုးဝင်း စာတမ်းတင်ဖို့တဲ့ဗျာ၊ ကိုလိုနီခေတ် ဗိသု ကာ အဆောက်အအုံများတဲ့၊ ကျွန်တော်က လိုက်ကူပေးရမှာ၊ ပန္နက်ပုံ တိုင်းရင် ပေကြိုးဆွဲရမှာ လူလိုတယ်'

'တော်ပါပြီမောင်ရာ အမေက မှာလိုက်တယ်၊ မင်းတို့လို စာ တမ်းတင်ခါနီး စစ်တမ်းတင်ခါနီး ဗိသုကာ ကျောင်းသားတွေနဲ့ မပေါင်း နဲ့ ငါ့သားတဲ့ ပင်ပန်းတတ်တယ်တဲ့'

ကိုမြအောင်သည် အတည်ပေါက်ပြောရင်း ရယ်နေသည်။ ထမင်းစားဆောင်ဆီသို့ ခပ်သုတ်သုတ်လာနေကြသော ကျောင်းသူတစ် စုကိုတွေ့သောအခါ ချက်ချင်းမျက်နှာပိုးသတ်ပြီး ဣန္ဒြေဆည်လိုက်သည်။ ကိုမြအောင်သည် အကြောင်းမသိတာလည်းမဟုတ်။ သူ့ကိုယ် သူ ဘုန်း ကြီး သဖွယ် သိက္ခာ တင်လှသည်။ မိန်းကလေးများကို ရှေ့တွင် မကြည့် ဘဲ အဆောင်ရောက်မှ မှန်ပြောင်းနှင့်ချောင်းကြည့်တတ်သော အကျင့်ကို ကား မောင်မောင် အတော်ချဉ်သည်။

'ခင်ဗျားဗျာ သိက္ခာတင်မနေစမ်းပါနဲ့၊ ခင်ဗျား ခေါင်းရင်းမှာ ကပ်ထားတဲ့ ဘားဒေါ့ပုံအကြောင်း ကောင်မလေးတွေမသိဘူး ထင်လို့လား'

'မင်း သွားပြောတယ်ပေါ့လေ'

'ကြဲကြဲဖန်ဖန်ဗျာ မပြောပါဘူး၊ မယုံရင် ခင်သီတာတို့ကိုမေး ကြည့်လေ ငါ့ခေါင်းရင်းမှာ ဘားဒေါ့ပုံကပ်ထားတယ်လို့ မောင်မောင် ပြောသလားလို့ပေါ့'

'ခွေးသားလေး'

ကိုမြအောင်သည် အသံကိုအုပ်၍ ကျိတ်ဆဲလိုက်သည်။ မချို မချဉ်ပြုံးနေသော မောင်မောင့်ကို မျက်လုံးကြီးပြူး၍ကြည့်နေပြီးမှ ရက်ကိုး ရက်ကန်း ရယ်လိုက်သည်။

❖

‘ခွေးသားလေးတွေ’

ကိုမြအောင်သည် ပေကြိုးကြီးကို တရှဲရှဲဆွဲသွားရင်း ပဋ္ဌမအကြိမ်မြောက် ကျူးရင့်လေသည်။ ဂျပ်ဆင်မျှော်စင်၏ ပန္နက်ပုံကို ပုံကြမ်းဆွဲရင်း အတိုင်းအတာမှတ်နေသော မျိုးဝင်းသည် မကြားချင်ယောင်ဆောင်ပြီး ပြုံးနေသည်။

‘မင်းတို့နဲ့ပေါင်းရင် တစ်ခုခုတော့ လုပ်ပေးရတော့တာပဲ၊ ဟိုတစ်ခါတုန်းကလည်း ဟီးနိုးကားထိုင်ခုံထဲက ဆွဲထုတ်လာတဲ့ ရော်ဘာစတွေနဲ့ သစ်ပင်လုပ်ပေးရတယ်၊ တစ်ခါလည်း သဘော်ဆေးတွေ ကတ်ပြားချပ်တွေမှာ သုတ်လိုက်ရတာ ဖားဖားကိုလန်ရော၊ ခုတစ်ခါ မင်းပေကြိုးကြီးနဲ့တိုင်းရပြန်ပြီ၊ ခင်သီတာနဲ့ ပြောပေးဆိုတော့ ဘယ်ခွေးသားကမှ မလှုပ်ဘူး’

‘ပြောပေးပါတယ် ကိုကြီးအောင်ရာ’

တဖျစ်တောက်တောက်နှင့် စိတ်တိုင်းမကျတိုင်း ဆဲဆိုတတ်သော်လည်း ကိုမြအောင်သည် မျိုးဝင်းနှင့် မောင်မောင်ကို ထာဝစဉ်ပင် အကူအညီပေးရလေ့ရှိသည်။ မျိုးဝင်းတစ်ယောက် စတုတ္ထနှစ်က စာမေးပွဲကျသောအခါကလည်း စိတ်မကောင်းဖြစ်၍ မဆုံးနိုင်တော့ချေ။ ဗျစ်တောက်ဗျစ်တောက်နှင့် ဆူတတ်သော သူ့အကျင့်ကြောင့် မောင်မောင်

ရော မျိုးဝင်းပါ ကိုမြအောင်နှင့် ပေါင်းရသင်းရသည်ကို ခပ်လန့်လန့်ရှိကြသည်။ သို့သော် ကျောင်းပိတ်ရက် အိမ်ပြန်ပါက ရေချိုးပျင်းသော သူတို့၏ကိုကြီးအောင်ကို တမ်းတမ်းတတ လွမ်းမိတတ်ကြသည်။

'လာကွာ မျှော်စင်ပေါ် တက်ကြည့်ရအောင်'

'ခဏကလေး ကိုကြီးအောင် ဒီ ဘုရားရှိခိုးကျောင်းထဲမှာ အလင်းရောင်ပေးပုံ ကောင်းလွန်းလို့'

'နောက်ကျမှ ကြည့်စမ်းပါ ငမျိုးရာ မျှော်စင်ပေါ် အရင်တက်ရအောင် ငါလည်း တစ်ခါမှ ဒီမျှော်စင်ပေါ် မရောက်ဖူးသေးဘူး'

ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဟူသည်မှာ မောင်မောင်တို့တစ်တွေ၏ နယ်မြေမဟုတ်ချေ၊ တက္ကသိုလ်အပန်းဖြေရိပ်သာနှင့်ယမ်းဘီလူးအအေးဆိုင်တို့ကို ကျွမ်းသင့်သလောက်ကျွမ်းသော်လည်း ဂျပ်ဆင်မျှော်စင်ပေါ်သို့ကား တစ်ခေါက်မျှ မရောက်ဖူးသေးချေ။ ထာဝစဉ်ပိတ်ထားလေ့ရှိသဖြင့် တက်ချင်လျက်နှင့်လက်လျှော့ခဲ့ရသည်ကား အခါခါ၊ သူကောင်းသား မျိုးဝင်း စာတမ်းတင်ရန် အကြောင်းပြချက်နှင့် သော့တောင်းခဲ့ သောကြောင့်သာ ခြေမချဖူးသော မျှော်စင်ထဲသို့ ရောက်လာကြခြင်း ဖြစ်သည်။

လူတစ်ကိုယ်စာ သံလှေကားကျဉ်းကျဉ်းလေးများသည် အချိုးနေရာများ၌ ဆွေးနေသည်။ သံချေးများတက်ခါ တချို့တစ်ဝက်ပျက်နေ သော လှေကားထစ်ကလေးများမှ ကွေ့ကာ ဝိုက်ကာနှင့် အသည်းတယား ယား တက်လာကြရသည်။

'အမေရေ အမေရေ ကြောက်တယ်ဗျ၊ လှေကားပြုတ်ကျရင် သေ မှာဗျ ဟီး အမေ့သား ရည်းစားလေးတောင်မထားရသေးဘူး၊ ဗာလတည်းဟူသော ကိုမြအောင်ရဲ့အလိုကိုလိုက်မိလို့ ဟီး ဟီး သေတွင်းနှုတ် ခမ်းဝမှာ လျှောက်နေရတာဗျ၊ ကြောက်တယ်ဗျ'

မျိုးဝင်းသည် ရှေ့ဆုံးမှတက်နေရင်း ပြောင်ချော်ချော်နှင့်ပေါက်ကရ အော်နေလေသည်။ ရေချိုးရမှာပျင်းသကဲ့သို့ အမြင့်တက်ရမှာ

ကြောက်သော ကိုမြအောင်သည် သတိလက်လွတ်မည်ကြောက်၍ မျိုးဝင်းကိုပင် မဆွဲအားရှာချေ။ မောင်မောင်တို့ကျောင်းက ရေစင်ကြီးအပေါ် ကိုပင် တစ်ခါမှမတက်ခဲ့သော ကိုမြအောင်သည် ဂျပ်ဆင်မျှော်စင်ကျမှ ရောက်ဖူးလိုဇောနှင့် အရဲစွန့်ပြီး တက်ခြင်းဖြစ်သည်။ မောင်မောင်နှင့် မျိုးဝင်းသည် ထစ်ကျော်နင်းပြီး ခပ်ပေါ့ပေါ့တက်သွားကြသော်လည်း ကိုမြအောင်ခမျာ ကြောက်ဇောနှင့် တုန်ချည့်ချည့်ဖြစ်နေရှာသည်။

'ဟား ကောင်းတယ်ဟေ့ ဟေး ဟေး'

မျှော်စင်ထိပ်ရောက်၍ တံခါးလေးကို တွန်းဖွင့်လိုက်သောအခါ သန့်ရှင်းအေးမြသော လေက ဆီးကြိုပြီးပက်ဖျန်းလိုက်သည်။ ထိုအခါမှ ကိုမြအောင်တစ်ယောက်လည်း အမောပြေသွားသလို အားရပါးရ ပြုံးနိုင်တော့လေသည်။

'ကြည့်စမ်း သစ်တိုပင်ကြီး ငါတို့အောက်ကိုရောက်သွားပြီ'

ဂျပ်ဆင် မျှော်စင်နှင့်အတူ ပြိုင်တက်နေသော သစ်တိုပင် စိမ်းစိမ်း အုပ်အုပ်ကြီးသည် ပုဝပ်ပြီးကျန်ခဲ့သည်။ မော့ကြည့်ခဲ့ရသော သစ်ပင်ကြီးကို အပေါ်ဘက်မှ စီးပြီး ကြည့်ရသောအခါ အမြင်တစ်မျိုး ဖြစ်သွားလေသည်။ တစ်ခုတည်းသော သစ်ပင်ဖြစ်သော်လည်း အုပ်ဆိုင်းဝေဆာပုံခြင်းပင် ကွဲပြားသွားသလိုလို၊ စည်ပင်မြင့်မားပုံခြင်းပင် မတူတော့သလိုလို ဇဝေဇဝါ ထင်မှတ်နေရသည်။

'ဟော ဟိုမှာ အင်းလျားကွ၊ အံမယ် ရွက်လှေ ဖြူဖြူလေးတွေရော ဟိုမှာ မှုန်တိမှုန်ဝါးရွေ့နေတာ လှေကလေးမဟုတ်လား မောင်မောင်မင်း ဒီနေ့ လှေလှော်မသွားတော့ဘူးလား'

မျိုးဝင်းသည် လက်ညှိုးတထိုးထိုးနှင့်ပြောရင်း မောင်မောင့်ကို လှည့်မေးသည်။ တက္ကသိုလ်လှေလှော်အသင်းဝင် မောင်မောင် တစ်ယောက် လှေပြိုင်ပွဲအတွက် ကျင့်နေသည်ကို မျိုးဝင်း အမှတ်တရရှိသောကြောင့် ဖြစ်၏။

ပြာလဲ့လဲ့အင်းလျားရေပြင်တွင် ခပ်ရိပ်ရိပ်ကလေး ပြေးနေသော လှေမည်းမည်းကလေးကို မျှော်ကြည့်ရင်း မောင်မောင်လည်း သွက်လက်လာသည်။ လှော်တက်များကို တက်ညီလက်ညီခတ်ပြီး ရေပြင်ပေါ်တွင် လေနှင့်အတူ လျှောတိုက်ပြေးရသော အရသာကို မောင်မောင်တို့ လှေသမားများသာ နားလည်လိမ့်မည်ထင်ပါသည်။ ထို့ကြောင့်လည်း မျှော်စင်အောက်သို့ရောက်လျှင် ရောက်ချင်း အင်းလျားဘက်သို့ ခြေဦးလှည့်မိလေသည်။

'အေးကွာ ငါလှေလှော်သင်းကို ဆက်သွားဦးမယ် လိုက်ကြဦးမလား'

'တော်ပါပြီမောင်ရာ'

မျိုးဝင်းနှင့်ကိုမြအောင်သည် ပုံဆွဲစာရွက်များ ပေကြိုးများကို ပိုက်ကာ လမ်းခွဲသွားကြသည်။ မောင်မောင်လည်း လမ်းချိုးလေးမှ ကွေ့ထွက်ခဲ့သည်။ သူငယ်ချင်းသုံးဦး ပြောကြဆိုကြရယ်မောကြနှင့် ဆူညံနေစဉ်က မသိသာလှချေ။ တစ်ဦးတည်းကျန်ခဲ့သောအခါမှ ရုတ်ချင်းတိတ်ဆိတ်ငြိမ်သက်သွားသောဝန်းကျင်ကို သတိပြုမိသည်။ ဗွတ်ကလုံငှက် အော်သံလေးကိုသာ အဆက်မပြတ်ကြားနေရသည်။ တစ်ချက်တစ်ချက်တွင်ကား ရွှေဘိုဆောင်မှ ရေချိုးခန်းမင်းသားတို့ ကုန်းဟစ်လိုက်သော သီချင်းသံများ ဝေ့ဝဲလာသည်။

နှင်းရည်များ မပြယ့်တပြယ်လိမ်းကျံထားသော မြက်ပင်များပေါ်တွင် ပန်းပွင့်ဝါဝါလေးများ ကြွေနေသည်။ သင်းပျံ့ပျံ့ရနံ့လေးကပါ လေတွင်ဝဲလာ၍ အနံ့မွှေးသောပန်းဟု မောင်မောင့်စိတ်ထဲတွင် မှတ်ယူမိသည်။ ဂျပ်ဆင်အဆောက်အအုံမှအထွက် ဘွဲ့နှင်းသဘင်အဆောက်အအုံကိုဖြတ်ပြီး အင်းလျားဘက်သွားရန် ရည်ရွယ်မိရင်း ဖြစ်သော်လည်း တစ်စုံတစ်ဦးကိုမြင်ရ၍ မောင်မောင့်ခြေလှမ်းများ တုံ့နှေးသွားရသည်။

"သူပဲပေါ့ သူ"

မြက်ခင်းပြင်အစပ် လမ်းမနှင့်ကပ်လျက်စိုက်ထားသော သစ်ပင် တစ်ပင်၏ခြေရင်းတွင် သူ့ကိုတွေ့ရသည်။ မြက်ခင်းပြင်သည် မြနှစ်ရောင်ပြေးပြီး စိမ်းညိုနေသည်။ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ကြွေနေသော ပန်းပွင့်ဖြူဖြူလေးများသည် ဆေးနှင့်ရေးခြယ်ထားသလို ကြွနေသည်။ ထိုပန်းပွင့်လေးများကို ဒူးကလေးထောက်၍ကောက်ယူနေသူကား 'ကြွေ' ဟူသည့် မိန်းကလေး။

အင်္ကျီဖြူဖြူနှင့် ပန်းရောင်ဖျော့ဖျော့ လုံချည်ကိုဝတ်ထားသော သူ့အသွင်သည် ရိပ်ရိပ်မှိန်မှိန်လေးဖြစ်နေသည်။ ခေါင်းလျှော်ထားရော့ သလားမသိ မည်းနက်ဖားလျားသောဆံပင်များကို ဖြန့်ချထားသဖြင့် လေပြည်ထဲတွင် လွန့်လူးနေသည်။ တိတ်ဆိတ်ငြိမ်သက်လှသောဝန်းကျင်တွင် ဆံကေသာ ဖားဖားဝေဝေ လွန့်လူးနေသော မိန်းမပျိုလေး ပန်းကောက်နေပုံသည် အိပ်မက်ဆန်လှသည်။ ခေါင်းတွင် အသာအယာ ထိုးစိုက်ပန်ဆင်လိုက်သော ပန်းပွင့်ဖြူဖြူလေးကို မောင်မောင်သည် အမှတ်မထင် ငေးကြည့်နေမိသည်။ နက်မှောင်သောဆံပင်သည် ပန်းအဖြူကြောင့် ပိုပြီးနက်သွားသည်။ ပန်းပွင့်ဖြူဖြူသည်လည်း နောက်ခံဆံပင်အမည်းကြောင့် ဖွေးနုသွားလေသည်။ မောင်မောင့်ကို သတိမမူမိသော မိန်းကလေးသည် ပန်းပွင့်လေးများကို စိတ်အေးလက်အေး ကောက်ယူနေလေသည်။

'ဘာပန်းတွေပါလိမ့်'

မောင်မောင်သည် တစ်ဦးတည်း တီးတိုးရေရွတ်မိသည်။ နှင်းဆီနှင့်စံပယ်ကလွဲလျှင် ပန်းအမျိုးအမည်ကို ခွဲခြားတတ်သူမဟုတ်သဖြင့် မောင်မောင့်အနေနှင့် သိရန်မလွယ်ကူလှချေ။

'ဟင်'

ဒူးကလေးထောက်ရာမှ ထလိုက်သော မိန်းကလေးသည် သူ့ကို ငေးကြည့်နေသော မောင်မောင့်ကို သတိပြုမိပြီး တိုးတိုးလေး အော်

ဟစ်လိုက်သည်။ ထိုအခါမှ မောင်မောင်လည်း မျက်လွှာကို ရုတ်ခနဲ ချလိုက်မိသည်။ မိန်းကလေးတစ်ဦးကို ဣန္ဒြေပျက်လောက်အောင် တငေးတမော ကြည့်နေမိသော ကိုယ့်ကိုယ်ကိုလည်း တီးတိုးကျိန်ဆဲမိလေသည်။

ခေတ္တခဏမျှ ကြောင်အအ ရပ်နေမိကြသော်လည်း မိနစ်ပိုင်းအတွင်းတွင် သူတို့နှစ်ဦးသား တစ်ဦးကိုတစ်ဦး ဂရုမမူမိသလို ကျောခိုင်းလျှောက်ခဲ့ကြသည်။ မြေပေါ်တွင်ကြွေနေသောပန်းလေးတစ်ပွင့်ကိုကား မောင်မောင် မသိမသာ ကောက်ယူမိခဲ့လေသည်။

လှေလှော်အသင်းတွင်တွေ့သော ခင်သီတာအား ကောက်ယူခဲ့သောပန်းလေးကိုပြမိသည်။ တဆက်တည်းပင် ဘာပန်းလဲဟုမေးသောအခါ ခင်သီတာသည် မောင်မောင့်ကို မျက်မှောင်လေးတွန့်၍ ကြည့်သည်။ ထို့နောက် ပြုံးရယ်ရင်း ပြောလေသည်။

'အမယ်လေး မောင်မောင်ရယ် ဒါတောင် မသိဘူးလား၊ အကျော် ပွင့်လေ စကားပန်းလို့လည်း ခေါ်တယ် စကားပန်းပေါ့၊ အဲဒါ ဘာလုပ်ဖို့ လဲ'

မောင်မောင်သည် ရေထဲတွင်ပြေးနေသော ငါးသလဲထိုး မွှားမွှားလေးများကို ငေးစိုက်ကြည့်ရင်း ပြုံးနေမိသည်။ ဘာလုပ်ဖို့လဲဟု မေးနေသော ခင်သီတာကို ဘာမှပြန်မဖြေမိချေ။ ဘာဖြေရမည်မှန်းလည်း မသိချေ။

'အို မေးနေတာလည်း မဖြေဘူး၊ ရူးများနေသလား မသိဘူး'

'အင်း ရူးများ ရူးလားမသိ'

ခင်သီတာသည် မကျေနပ်သလို နှုတ်ခမ်းကိုမဲ့ရင်းပြောသောအခါတွင်ကား မောင်မောင်သည် ပြက်ချော်ချော်ပြောရင်း ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။

❖

'ကြွေရယ်၊ ကြွေကလည်း သွေးကြောင်လိုက်တာ လွန်ရော သတိထား စမ်းပါဦး၊ ဒီလောက်သွေးကလေးများ အေးသွယ်တော့ မကြောက်ပါဘူး၊ အေးသွယ်ကိုယ်ထဲမှာ သွေးတွေ အများကြီးကျန်သေးတယ်'

နီရဲသောသွေးစက်သည် စာရွက်ဖြူဖြူလေးပေါ်သို့ ပေါက်ခနဲ ခုန်ဆင်းလာသည်။ အေးသွယ်သည် ဓားရှထားသော လက်ညှိုးလေးကို ဖိညှစ်ပြီး ခါချနေသည်။ နေ့လယ်ခင်း နေပူချိန်မို့လားတော့ မသိရချေ။ သွေးများသည် အတောမသတ်အောင် တစ်စက်စက် ကျနေလေသည်။ ဖွတ်တိ ဖွတ်ထိုးနှင့် သတ္တိကောင်းသော အေးသွယ်သည် အပြုံးပင်မပျက် သော်လည်း ဘေးတွင်ကြည့်နေသော ကြွေမျက်နှာလေးသည် ဖြူရော် လာလေသည်။ အေးသွယ် အနာကို ဆေးထည့်ရန် ဂွမ်းစယ်ကို အရက် ပြန်ဆွတ်ပေးသော်လည်း သွေးစက်နီနီများကိုမကြည့်ဘဲ မျက်နှာလွှဲ ထားသည်။

အေးသွယ်သည် အနာပေါ်တွင် အရက်ပြန်ဖိအုပ်လိုက်ရင်း တရှုံးရှုံး တရှဲရှဲအော်နေသည်။ လက်တစ်ဖက်က အငြိမ်မနေဘဲ စာရွက် ဖြူဖြူပေါ်ရှိ သွေးစက်လေးများကို ဆက်ဆွဲပြီး အသဲပုံဖော်နေသည်။

'ကြွေရေ ကြည့်စမ်း သွေးရဲ့အသည်းလေ၊ ဟော ချစ်သွေး တွေက တစ်စက်စက်ကျလို့'

ကြွေသည် ပိတ်စဖြူဖြူလေးကို ကတ်ကြေးနှင့် ညီညီညာညာ ညှပ်လိုက်ပြီး အေးသွယ်၏လက်ညှိုးကို လုံလုံစည်းပေးသည်။ ဓားရှပြီး အသားဟက်တက်ကွဲသော အနာဆိုလျှင် ဘာဆေးမျှထည့်ရန် မလိုချေ။ ဖုံမဝင်အောင်၊ ပိုးမဝင်အောင် လုံလုံလဲလဲစည်းနှောင်ဖုံးအုပ်ထားနိုင်ပါက သူ့အလိုလို ကျက်ပြီးအသားစေ့သွားသည်သာဖြစ်၍ အေးသွယ်က လည်း သိပ်ပြီး အရေးမစိုက်ချေ။ မိုးပျံအောင် ဆော့သော အေးသွယ် ခမြာ တစ်ကိုယ်လုံးရှိ အမာရွတ်ကလေးများကို လိုက်၍ပင် ရေတွက်နိုင် မည်မထင်။ သံဆူးကြိုးငြိသော အမာရွတ်၊ ရေနွေးပူလောင်သော အမာ ရွတ်၊ ခွေးကိုက်သော အမာရွတ်၊ ဆူးခြစ်သောအမာရွတ်၊ ပုလင်း ကွဲရှ သော အမာရွတ် စသည်ဖြင့် အမာရွတ်ပေါင်းစုံကို တစ်ဦးတည်း ထိန်း သိမ်းထားသော အေးသွယ်ခမျာ ခဲတံချွန်ရင်း မုတ်ဆိတ်ရိတ်ဓား ရှ တာလောက်ကို အရေးပင် မစိုက်ချင်ပေ။

သို့သော် ခက်သည်က ကြွေ ဖြစ်သည်။ ဓားရှတာလေးလောက် ကိုပင် မျက်နှာပျက်သည်။ သွေးနီနီကိုပင် မကြည့်ရဲသလို မျက် နှာလွှဲ သည်။ ကြွေ ငယ်ငယ်က လုံးဝထိခိုက်အနာတရ မဖြစ်ဖူးလောက်အောင် ပင် နုနုနယ်နယ် နေခဲ့ရော့သလား မသိရပေ။

'ကြွေ ငယ်ငယ်က မဆော့ဘူးလား'

'ကြွေလား ဆော့တာပေါ့'

'တစ်ခါမှ အနာမဖြစ်ဘူးလား'

'ဖြစ်တာပေါ့ အေးသွယ်ရာ၊ ကြွေ ဆိုရင် သစ်ပင်ပေါ်ကလည်း လိမ့်ကျတာပဲ၊ လှေကားထစ်ပေါ်ကဆိုရင်လည်း ထစ်ကျော်ခုန်ဆင်းတာ ပဲ၊ တစ်ခါများ ကြွေ သရက်ပင် အမြင့်ကြီးပေါ်ကကိုချော်ကျတာ သေ ရော အောက်မေ့မိတာ'

'မသေဘူးလား'

'ဟင့်အင်း ကြွေကတော့ ဘာမှ မဖြစ်ပါဘူး'

အေးသွယ်သည် သူ့လက်မှအနာကို ခပ်ဖွဖွလေး ဆုပ်နယ်ရင်း ကြွေမျက်နှာကို ဂရုတစိုက်ကြည့်နေမိသည်။ လေသံအေးအေးနှင့် တိုးတိုးလေးပြောနေသော ကြွေအသံသည် မသိမသာလေးအဖျားခတ်ပြီး တုန်ယင်သွားသည်။ အေးသွယ်ကိုကြည့်နေရာမှ ရေတမာပင် ပုပုလေးများကိုလွှဲပြီး ငေးနေသော ကြွေ့မျက်လုံးညိုညိုလေးများသည် မှုန်မှိုင်းနေ လေသည်။

'ကြွေက ဘာမှမဖြစ်ဘူး ဟုတ်လား၊ ဘယ်သူက ဘာဖြစ်လို့လဲ ဟင်'

'ကိုလေး လေ ကိုလေးပေါ့၊ ကြွေ လိမ့်ကျတာမြင်လို့ သစ်ပင်အောက်ကို အတင်းပြေးလာပြီး ဆီးဖမ်းတာ'

'ကိုလေး သူဘာဖြစ်သွားလို့လဲ'

'ခြေသလုံးပွတ်တိုင် လည်သွားတာပေါ့'

'သြော် ကြွေမှာ အစ်ကို ရှိတာကိုး၊ အေးသွယ်ကို တစ်ခါမှတောင် မပြောပြဘူး'

အေးသွယ်သည် မသိမသာလေး အေးနေသော ကြွေလက်ဖဝါးကို ခပ်ညှစ်ညှစ်လေးဆုပ်နယ်လိုက်ပြီး ပြောလိုက်သည်။ ကြွေသည် အေးသွယ်ကို ခပ်ငေးငေးကြည့်နေပြီးမှ ငိုမဲ့မဲ့လေးပြုံးလိုက်လေသည်။

'ကြွေ အစ်ကိုက ကြွေကို မခေါ်တော့ဘူး အေးသွယ်ရဲ့၊ သူ့အပေါ်မှာ ကြွေ အကြွေးတွေ အများကြီးတင်နေတယ်'

'ဘာရယ် ကြွေ၊ မောင်နှမချင်းများ အကြွေးတင်တယ် ဟုတ်လား'

မျက်လုံးလေး ဝိုင်းဝိုင်းနှင့် တအံ့တသြပြောသော အေးသွယ်ကို ကြည့်ရင်း ကြွေသည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။ ထို့နောက် ဘာမှပြန်မဖြေဘဲ အေးသွယ် လက်ဆော့ထားသော စာရွက် ဖြူပေါ်ရှိ အသည်းပုံ နီနီရဲရဲကို ငေးစိုက်ကြည့်နေသည်။ ဖြူဖွေး ဝင်းဝါသော

ကြွေအသားလေးများသည် ဖြူရော်ပြီး သွေးဆုတ်သလို ဖြစ်နေ သည်။

'မကြည့်နဲ့တော့ ကြွေရယ်၊ ကြွေကိုကြည့်ရတာ သွေးကိုသိပ် ကြောက်သလိုပဲ'

အေးသွယ်သည် စာရွက်ကလေးကိုဆွဲယူပြီး လုံးချေပစ်လိုက် သည်။ အေးသွယ်ရင်ထဲတွင် ကြွေမျက်နှာထား ငိုမဲ့မဲ့လေးနှင့်ပတ်သက် ၍ မရှင်းလင်းသော်လည်း ဆက်ပြီး မစပ်စုရက်တော့ချေ။ သူ့မေးခွန်း များနှင့်စပ်လျဉ်းပြီး ကြွေငိုချလိုက်မည်ကို စိုးရိမ်နေမိသည်။

'လာကွာ ကြွေ ထ၊ အင်းလျားမှာ ဘူးသီးကြော်သွားစားမယ်၊ ထကွာ ထ'

အေးစက်နေသော ကြွေ့လက်ကလေးများကို ဖွတ်အတင်း ဆွဲယူပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ဖွတ်တရွတ်ဆွဲခေါ်နေ သော အေးသွယ်ကို ပြုံးမဲ့မဲ့လေးကြည့်ရင်း ကြွေသည် တိုးတိုးလေး ပြောသည်။

'ကြွေကို မကြောက်တတ်အောင် သင်ပေးပါလား အေးသွယ် ရယ်'

❖

'အေးသွယ်ရေ ထ ထ ကြည့်စမ်း နှင်းတွေကို ပိတ်လို့ ဖုံးလို့'

ကြွေသည် အေးသွယ်ကို သာသာလေး လှုပ်နှိုးလိုက်သည်။ အေးသွယ်သည် အိပ်ရာထဲတွင် ဘယ်ညာလူးရင်း မျက်လုံးကိုစုံမှိတ်ထားသည်။ အကြောအခြင်များ ဆိုင်းကာ ချမ်းစိမ့်နေလေသည်။

'အေးသွယ်ရာ ထ ပါကွာ၊ ထ ကြည့်စမ်းပါ'

တောင်းတောင်းပန်ပန်လေးပြောသော ကြွေအသံနွဲ့နွဲ့ကြောင့် အေးသွယ်ခမျာ အိပ်ရာထဲတွင် ဆက်ပြီး မကွေးနိုင်တော့ချေ။ ကြွေဆွဲခေါ်ရာ ပြတင်းဝသို့ ဆုတ်ကန်ကန် လျှောက်လာရင်း အပြင်ဘက်သို့ မျှော်ကြည့်မိလျက်သားဖြစ်သွားရသည်။

'အေး ဟယ် နှင်းတွေမှ အများကြီး'

မှိုင်းမှုန်ပြီး တဖွဲဖွဲနှင့် ရိပ်ရိပ်လေးကျနေသော နှင်းစက်နှင်းမှုန်လေးများသည် သိပ်သည်းလှသည်။ ကြွေတို့၏ သီရိဆောင်ကြီး တစ်ဆောင်လုံးကို နှင်းထုကြီးက ဝါးမျိုထားသလို အေးစိမ့်နေလေသည်။

'ဟာ ဟာ နှင်းတွေမှအများကြီးရယ်၊ ဒီလိုဆို အန်တီအေးတို့ခြံမှာ ဆောင်တော်ကူးပန်းတွေပွင့်မှာပဲနော် နော် ကြွေရယ် သွားခူးကြရအောင်'

စံရိပ်ငြိမ်ရှိ အန်တီအေးတို့ခြံထဲမှ ပွင့်လုလု ဆောင်တော်ကူးအဖူးအင့်များကို မြင်ယောင်မိသောအခါ အေးသွယ်၏အိပ်ရာကို ခင်

သော စိတ်ကလေး ပျောက်သွားသည်။ ရုတ်ချင်းသွက်လက်လာပြီး အေး စိမ့်စိမ့်ရေနှင့် မျက်နှာကို ကမန်းကတန်းသစ်မိကြလေသည်။

အန်တီအေးသည် နှင်းဆီပင်များကို အချိန်ပြည့် ပြုစုယုယနေသော အပျိုကြီးဖြစ်သည်။ စီးပွားဖြစ်မဟုတ်ဘဲ ဝါသနာပါ၍စိုက်သည့် ပန်းချစ်သော အပျိုကြီးပေမို့ ကြွေတို့အေးသွယ်တို့လို ကျောင်းသူလေးများနှင့် အလွမ်းသင့်လှသည်။ အဖြူ၊ အနီ၊ အဝါ၊ ခရမ်း ကြိုက်ရာပန်းများကို စျေးချိုချိုနှင့်ဝယ်ယူနိုင်သည့်အပြင် အလျှဉ်းသင့်ပါက လက်ဖက်ရည်၊ ကော်ဖီများကိုပါ တိုက်လွှတ်တတ်သောသူမို့ အန်တီအေးဆိုပါက ကြွေတို့အားလုံးသိကြ၊ ခင်မင်ကြသည်သာ ဖြစ်၏။

'ဟား အေးတယ်ဟေ့ အေးတယ်'

အဆောင်အပြင်သို့ အပြေးလေးထွက်လာသော ကြွေတို့ နှစ်ဦး ကို နှင်းမှုန်များက ခပ်သဲသဲလေးဆီးပြီး ပက်ဖျန်းလိုက်သည်။ 'အေးသွယ်ရယ် အင်းလျားဘက်မှာဆို သိပ်ကောင်းမှာ၊ တာရိုးကြီးပေါ်မှာ လျှောက်ရရင်လေ၊ ကြွေ တစ်ခါ မနက်အစောကြီး လျှောက်ဖူးတယ်၊ ပုံလွှားငှက်လေးတွေကလေ နှင်းတွေသဲနေတော့ လူကိုမမြင်ဘူး၊ ပုံရင်းက ဖြုန်းခနဲဝင်တိုးတတ်ကြတယ်၊ ကြွေတစ်ကိုယ်လုံးလည်း နှင်းတွေနဲ့ရွှဲလို့၊ ချမ်းလိုက်တာလည်း ခိုက်ခိုက်ကိုတုန်လို့၊ ဒါပေမဲ့ သိပ်ပျော်စရာကောင်းတာပဲ သိလား၊ တံတားဖြူလေးပေါ်က တစ်ယောက်တည်း ပြေးဆင်းရတာ သိပ်ကောင်းတာ'

'ဟယ် ကြွေ မကြောက်ဘူးလား၊ အစောကြီးကို တစ်ယောက်တည်း'

နှင်းတွေကျလွန်းရင် အဲဒီဘက်မှာ လူပြတ်တယ်၊ အဲဒါကြောင့် နောက်ထပ်မသွားရဲတာပေါ့၊ ကြွေသာ မကြောက်ရင် နေ့တိုင်းသွားမှာပေါ့'

ကြွေသည် ရိပ်ရိပ်လေးကျနေသော နှင်းမှုန်လေးများကို မျက်

နှာ မော့၍ ခံယူရင်း ပြောသည်။ ကြွေမျက်တောင်ရှည်ရှည်ကော့ကော့တွင် နှင်းစက်လေးများ သီးကာ တွဲလဲခိုနေသည်။ အကြောစိမ်းလေးများ ယှက်နွယ်နေသော ကြွေ့ပါးပြင် ဖြူနုနုတွင် နှင်းရည်များလိမ်းကျံနေလေသည်။ သနပ်ခါး၊ မိတ်ကပ်အခြယ်အသ လုံးဝမရှိသော်လည်း ကြွေမျက်နှာသည် ဝင်းဝင်းပပလေး လှနေသည်သာ ဖြစ်၏။

'ချမ်းတယ်ကွာ ကြွေရာ၊ လာ လာ သွက်သွက်လေး လျှောက်ကြ ရအောင်၊ ဆောင်တော်ကူးတွေ မပွင့်ရင်လည်း ဒုက္ခ'

'ကြွေတို့ဆီမှာ အဲဒီပန်းကို ကရမက်လို့ခေါ်တယ်'

'ဟုတ်ပါဘူး၊ ဆောင်တော်ကူးပါ'

'ကရမက်ပါ အေးသွယ်ရာ'

'ဆောင်တော်ကူး'

'ကရမက်'

'ဘာဖြစ်လို့ ကရမက်ရမှာလဲ'

'မွှေးလို့ မွှေးလို့ ကရမက်နဲ့မွှေးလို့၊ ကဲ ဆောင်တော်ကူးလို့ဘာလို့ခေါ်လဲ'

'အဲ ဟို ဟိုအရင်တုန်းက မင်းသားလေးနဲ့ မင်းသမီးလေးရဲ့ အဆောင်နှစ်ခုကြားမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်တဲ့၊ အဲဒီသစ်ပင်က နေပြီး မင်းသားလေးက ညတိုင်ကျရင် မင်းသမီးလေးဆီ သွားတတ်တယ်တဲ့။

အဲ အဲ အဲဒီသစ်ပင်ပေါ်မှာ ပန်းပင်တစ်ပင်ကနွယ်ယှက်ပြီး တက်နေရော၊ ဟော အခုလိုဆောင်းလရောက်လည်းရောက်ရော ပန်းတွေက ပွင့်လိုက်တာ ဖွေးလို့တဲ့လေ၊ မင်းသားလေးက အဆောင်ကူးရင်း သစ်ပင်ပေါ်က ပန်းတွေကိုခူးသွားပြီး မင်းသမီးလေးကို ချစ်လက်ဆောင်ပေး တယ်တဲ့၊ မင်းသမီးလေးကဘာပန်းလို့ခေါ်ပါသလဲမောင်မောင်လို့ မေးတော့ မင်းသားလေးက နာမည်လည်းမသိ၊ ဒီတော့ကာ အဆောင်

ကူးနေကျ သစ်ပင်ပေါ်ကခူးခဲ့တဲ့ပန်းမို့ "ဆောင်တော်ကူးပန်းလို့ခေါ်တယ် မိမိငဲ့" လို့ ဖြေလိုက်ရောတဲ့၊ အဲဒီကနေပြီး ဆောင်တော်ကူး ဆောင်တော် ကူး ကူး ဟား ဟား ဟား'

'တော်စမ်းပါ အေးသွယ်ရာ'

အည့်မခံဘဲ ပေါက်ကရ တောကာ စကားနိုင်လုနေသော အေးသွယ်၏စကားကိုနားထောင်ရင်း ကြွေသည် ရွှင်ရွှင်လန်းလန်းလေး ရယ်မောနေသည်။ အားရပါးရ ရယ်လိုက်သောအခါ ကြွေမေးဖျားလေးသည် မသိမသာ ခွက်ဝင်သွားပြီး ပါးလေးများလည်းနီမြန်းလာသည်။

'အဟုတ်ပြောတာ ကြွေရ အေးသွယ်ကို ဖြီးတယ်ထင်လို့လား'

'ထားပါတော့ အေးသွယ်ရယ် ထားပါတော့ ဆောင်တော်ကူးပဲထားပါတော့ ဟော ပွင့်တယ် အေးသွယ်ရေ့ အနံ့ရတယ်မဟုတ်လား၊ ပန်းတွေပွင့်တယ် ဟာ မွှေးလိုက်တာ'

ပန်းများကို မမြင်ရမီကပင်လျှင် လေထဲတွင် ဝေ့နေသောရနံ့မွှေးမွှေးကို ရှူရှိုက်မိကြသည်။ ခြံဝတွင် ဆီးကြိုနေသော အန်တီအေးကိုပင် အသေအချာ မနှုတ်ဆက်နိုင်။ ကြွေတို့နှစ်ဦးသား ခြံနောက်ဘက်ရှိ ဆောင်တော်ကူးပင်ရှိရာသို့ အပြေးအလွှားသုတ်ခြေတင်ကြလေသည်။

'ဟား လှလိုက်တာ'

ဖွေးနုနေသော ပန်းပွင့် အဆုပ်အခိုင်များသည် နှင်းမှုန်များအောက်တွင် ယိမ်းညွတ်နေကြသည်။ ချိုသင်းသော ရနံ့သည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားလေသည်။ အေးသွယ်သည် ဝမ်းသာအားရအော်ဟစ်ရင်း တနွဲ့နွဲ့ယိမ်းနေသော ပန်းခက်ကြီးကို ခုန်ဆွဲလိုက်သည်။

'ကြွေရေ ကြည့်စမ်း အေးသွယ်မလှဘူးလား'

ဖြူဖွေးနုရွနေသော ပန်းခိုင်ကြီးကိုရစ်ခွေပြီး သရဖူသဖွယ် ခေါင်းပေါ်တွင်ဆောင်းလိုက်ပြီး အေးသွယ်သည် ရွှင်ရွှင်မြူးမြူး အော်နေသည်။ လည်ကုပ်တွင်ဝဲနေသော ဆံပင်လေးများသည် နှင်းစိုသဖြင့်

အချောင်းလိုက် ကပ်နေကြသည်။ ဆံပင်တိုတို မျက်လုံးဝိုင်းဝိုင်းလေးနှင့် ပန်းသရဖူဆောင်းထားသော အေးသွယ်သည် ကလေးလေးနှင့် တူနေလေသည်။

'လှတယ် အေးသွယ် သိပ်လှ'

ကြွေသည် အားရပါးရပြောရင်း ဖွေးနုနုပန်းခက်များကို ဖြစ်ကတတ်ဆန်းထုံးလာသော တစ်ပတ်လျှိုဆံထုံးတွင် ထိုးစိုက်ပန်ဆင်လိုက်သည်။ ကြွေတစ်ခေါင်းလုံး ပန်းများနှင့်ဖုံးကာ ထပ်ပြီးမပန်ဆင်နိုင်သောအခါမှ ရပ်တော့သည်။

'ဟယ် ဥစ္စာစောင့်မလေးတွေ'

ပန်းတွေဝေနေသော ကြွေနှင့် အေးသွယ်တို့ကိုကြည့်ပြီး အန်တီ အေးသည် ပြုံးရယ်ရင်း မှတ်ချက်ချသည်။ ပန်းချစ်သော အပျိုကြီးသည် ပန်းများကို လောဘတကြီး ပန်ဆင်ထားသော မိန်းကလေး နှစ်ဦးကို ကြည့်ရင်း ကြည်ကြည်နူးနူးလေး ဖြစ်နေလေသည်။

'အေးသွယ်လေ ဆောင်းမှာပွင့်တဲ့ ဆောင်တော်ကူးပန်းကို အချစ်ဆုံး အကြိုက်ဆုံး သိလား၊ ကြွေရော မကြိုက်ဘူးလား'

'ကြိုက်ပါတယ်၊ ဒါပေမဲ့ အကြိုက်ဆုံးတော့ မဟုတ်ဘူး'

'ကြွေက ဘာပန်းကို အကြိုက်ဆုံးမို့လဲ'

အေးသွယ်ကမေးသောအခါ ကြွေသည် ခပ်သဲ့သဲ့လေး ပြုံးလိုက်လေသည်။ ပျော်ရွှင်စွာနှင့် အရောင်တောက်နေသောမျက်လုံး ညို ညို လေးများသည် ရီဝေဝေ ဖြစ်သွားလေသည်။ သင်းရျံနေသော ပန်းခိုင်များကို ရှိုက်နမ်းရင်း အမှတ်မထင်ပြောသည်။

'ကြွေအကြိုက်ဆုံးပန်းကတော့ ဆယ့်နှစ်ရာသီပွင့်တဲ့ စကားပန်းလေ စကားပန်း'

❖

'မာလာ အင်းလျား ပြေးလို့ဂေါ် ပမာဆိုသော် ရွာဆော်ကြီးခွေး'

မျိုးဝင်းက မိန်းကို သွားရအောင်ကွာဟု အဖော်ညှိသောအခါ မောင်မောင်သည် ဂျီဟောမှ စက်မှုတက္ကသိုလ်ကျောင်းတော်သူတို့ ချိုးခဲ့သော စာပြောင်ကလေးကို သတိရမိလေသည်။ အချိန်ကလေးမရလိုက်နှင့် ရလိုက်လျှင် ကြို့ကုန်းကိုကျောခိုင်းပြီး ကမာရွတ်ဘက်ကို တန်းပြီးပြေးလေ့ရှိသော မောင်မောင်တို့ကျောင်းသားများကလည်း အဖြစ်သည်းသည်ဟု ဆိုရလေမည်လားမသိ၊ နံပါတ် ၈ ကားကို အပြန်ပြန် အလှန်လှန်စီးရင်း အစိုးရဘဏ္ဍာတော်တိုးအောင် အလုပ်အကျွေးပြုနေသည်ကား အမှန်ပင်။

'ငါတို့က တတ်အားသရွေ့ ကားစီးပြီး ကားခလေးနဲ့ အလုပ်အကျွေးပြုနေတာ၊ ငါတို့ကိုပြည်သူ့သားကောင်းဆုတောင်ပေးဖို့ကောင်း သေး'

ကားခမပေးဘဲ ခိုးစီးလေ့ရှိသော မျိုးဝင်းသည် ဟိတ်နှင့် ဟန်နှင့် ကတ်သီးကတ်သတ်ပြောလေ့ရှိလေသည်။ ကိုကြီးအောင်ကမူ ဘာမျှ မပြောဘဲ နှုတ်ခမ်းလေးမဲ့ကာ မအေးငြိမ်းတို့ကို အသားလွတ်ခွပ်သည်။

'ဟား ဟား မာလာ အင်းလျား ပြေးလို့ရှာ ဂျီဟောသူဟာ ပုံမလာ လို့'

ဒီလိုပြောပြန်သောအခါ၌မူ သနပ်ခါးဘဲကျားရိုက်ထားသော မအေးငြိမ်းတို့ မခံချင်ကြပေ။ သူတို့ မခံချင်ကြသောကြောင့် စ သောသူများက တိုး၍စသည်ကို သုတို့နားလည်သင့်ပေသည်။ တစ်ခါတလေတော့ မခံချင်စိတ် မခံချင်စိတ်နှင့် ဆံထုံးလုလုလေးများ၊ ဆံပင်ပုံကျကျ လေးများနှင့် ဆင်မယဉ်သာကလေးများဖြစ်လာမည်လားဟု မောင်မောင် မြော်လင့်မိသည်။ သို့သော် ခြောက်နှစ်တိုင်ပြီး မောင်မောင်သာ နောက်ဆုံးနှစ် ကျောင်းသားကြီးဖြစ်လသည်။ သူတို့ကမူ အစဉ်အဆက်ပင် သနပ်ခါးဘဲကျားရိုက်ဆဲ၊ ခြေလှမ်းကျဲကျဲလျှောက်ကြဆဲသာတည်း။

'မင်း မလိုက်ချင်ရင် နေခဲ့၊ ငါတော့ သွားမယ်'

မျိုးဝင်းသည် စိတ်မရှည်သလိုပြောရင်း အခန်းအပြင် ထွက်သွားသည်။ ကိုကြီးအောင်ကိုလည်း ကန့်လန့် ကန့်လန့်နှင့် ဆွဲခေါ်သွားလေသည်။

'တကတဲမှပဲ နောက်ဆုံးနှစ်ရောက်ပြီး ကျောင်းသက်ပဲ ကုန်တော့မယ် အလုပ်ထဲဝင်ရင် သိက္ခာကြီးထိန်းပြီး လွတ်လွတ်လပ်လပ် ပိုးနိုင်ပန်းနိုင်မှာ မဟုတ်ဘူး၊ မိန်းမလေးတစ်ယောက်တောင် အမေ အဖေ ရှာ ပေးမှရတယ်ဆိုရင် ကောင်းမလားကွ မောင်မောင်ရ ခွေးကောင်ရ'

မကျေမနပ်နှင့် အခန်းဝမှကုန်းဟစ်ပြီးမှ မျိုးဝင်းသည်အပြေးဆုတ်ခွာသွားလေသည်။ မောင်မောင်တစ်ဦးတည်း ဟက်ဟက်ပက်ပက်ရယ်ရင်း ကျန်ခဲ့သည်။

နေခြည်ထွေးထွေးသည် အဆောင်ပေါ်ကိုအုပ်မိုးပြီး သွယ်တန်း ကျနေသည်။ အခန်းအပြင်သို့ထွက်လာသော မောင်မောင့် မျက်နှာကို နွေးထွေးသောနေခြည်က ရစ်သိုင်းလိုက်သည်။

ဘတ်စကက်ဘောကွင်းတွင် ကစားနေကြသော ကျောင်းသားတစ်စုကို တွေ့ရသည်။ ဟို ဝေးဝေးတွင်ကား ကြက်တောင်ကစားသော အားကစားရုံမည်းမည်းကြီးသည် အထီးတည်း ငြိမ်ငြိမ်သက်သက် ရပ်

နေရှာသည်။ သူတို့နှစ်ခုကြားတွင်ကား ဗေဒါကန်၊ ရေကို မမြင်ရအောင် မြမြစိမ်းသော ဗေဒါပင်များက ပြည့်ညပ်ပေါက်နေသောကြောင့် မောင်မောင်တို့အားလုံးက ဗေဒါကန်ဟုပင် အလွယ်တကူခေါ်ကြသည်။ ခရမ်းရင့်ရောင် ဗေဒါပွင့်လေးများသည် ကျိုးကျိုးကျဲကျဲ ပွင့်နေကြသည်။ နောက်ခံရောင်စိမ်းစိမ်းတွင် နေခြည်ဖျန်းထားသော ဗေဒါပန်းပွင့်လေးများသည် ခေါင်းကလေးများထောင်ကာ အားမာန်အပြည့်ထုတ်ထားပုံရသည်။

'နင့်မေဂလိမ်း တယ်မှပဲ ရေစုတ် ရေပဲ့ ခွေးရေ ဝက်ရေ ဒီလောက် အကျင့်ယုတ်ရသလား၊ ထွက်စမ်း ထွက်စမ်း လာစမ်း ကျစမ်း'

တစ်ဖက်ခန်း ရေချိုးခန်းတွင်းမှ ဒေါသတကြီးအော်နေသောအသံကို ကြားရသည်။ ကျောင်းသားတစ်ဦးဦး ရေချိုးရင်းတန်းလန်းရေရပ်သွားပြီထင်သည်။ ဆဲဆိုနေသော အသံများကို နားထောင်ရင်း မောင်မောင်ကျိတ်၍ ရယ်နေမိသည်။

ဘာမျှမကြာလိုက်၊ တစ်ကိုယ်လုံး ဆပ်ပြာမြုပ်များနှင့် ဖွေးဖွေးဖြူနေသော လူတစ်ဦးသည် ပုဆိုးစုတ်ကလေးပတ်ပြီး အခန်းထဲမှ ဝုန်းခနဲ ထွက်လာသည်။ ကိုယ်တွင်သာမက ခေါင်းတစ်ခေါင်းလုံးလည်း ဆပ်ပြာများဖွေးနေသည်။

'ရေစုတ် ရေပြတ် ဟင်း ဒင်းကိုမီးနဲ့ရှို့ပြီး ခန်းအောင်လုပ်ပစ်မယ်'

ရေပုံးနှင့်ရေခွက်ကို တရျောင်ရျောင်မြည်အောင်ကိုင်ဆွဲရင်း အောက်ထပ်သို့ဆင်းသွားရင်းမှ မကျေမနပ် ရေရွတ်သွားသည်။ မောင်မောင်သည် သူ့အဖြစ်ကိုကြည့်ရင်း အားမနာ ပါးမနာ ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။

'ဟေး မောင်မောင် ဘာတွေ သဘောကျနေတာတုံး'

'ဩော် ကိုလှမင်း'

'ခင်ဗျား ဒီနေ့ လေ့လော့မသွားဘူးလား'

'ပျင်းပျင်းရှိတာနဲ့ဗျာ ခင်ဗျားရော'

'ကျွန်တော် ဖျားချင်သလိုလိုဖြစ်နေလို့ နားလိုက်တာပါ'

ကိုလှမင်းသည် မောင်မောင်နှင့်အတူ လေ့လော့ဖက် ဖြစ်သည်။ နှစ်ဦးလုံး အရောင်ရပြီးသား ဖြစ်သည်။ နေပူထဲတွင် လေ့အလော့များ သောကြောင့် အသားများ ကြေးနီရောင် ပေါက်လာတတ်သော်လည်း၊ ခြေသလုံးကြွက်သား လက်မောင်းကြွက်သားများ တင်းတောင့်နိုင်မှာ လာသည်ကား အမြတ်ဖြစ်သည်။ ဗိုက်သားချပ်ပြီး ရင်အုပ်ကျယ်သော မောင်မောင့်အသွင်သည် ယောကျ်ားပီသလှသည်။ ထူထဲသောမျက်ခုံး များအောက်ရှိ မျက်လုံးနက်နက်ကို တစ်နေရာတည်း စူးစိုက်ကြည့်ရင်း နှစ်နှစ်ကာကာပြုံးလေ့ရှိသော မောင်မောင့်အပြုံးကို မိန်းကလေးအများ နှစ်သက်ကြသည်ကို အချိန်ကြာလာသောအခါ ကိုလှမင်းသည် သတိပြု မိဟန်ရှိသည်။

'မောင်မောင် ဟိုတစ်နေ့က ခင်ဗျား စိတ်ကူးယဉ်နေတယ်ဆို'

'ဘာဖြစ်လို့လဲ'

'ခင်သီတာက ပြောနေတယ် ပန်းလေးတစ်ပွင့်ကိုကြည့်ပြီး ကိုမောင်မောင်တစ်ယောက် စိတ်ကူးယဉ်နေလေရဲ့တဲ့'

'မဟုတ်ရပါဘူးဗျာ'

မောင်မောင်သည် ရုတ်ချင်းပင် မျက်နှာနီလာပြီး ရှက်ကိုးရှက်ကန်းပြောမိသည်။ ဖားဖားဝေသော ဆံကေသာတွင် စကားပန်းလေး တစ်ပွင့်ကို အမှတ်မထင် ပန်ဆင်လိုက်သော မိန်းကလေး၏ရုပ်သွင်သည် ရစ်ဝဲလာသည်။ ကိုယ့်ကိုယ်ကို သတိမမူမိခင်မှာပင် နှလုံးသွေးက တဒိတ်ဒိတ်နှင့် အခုန်မြန်လာလေသည်။

'ကျွန်တော်ကတောင် ပြောလိုက်သေးတယ်၊ ကျုပ်တို့လူရိုးကြီး တော့ ကဝေပြုစားတာခံရပြီ ထင်တယ်လို့'

'ကဝေ'

မောင်မောင်သည် ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ ခရမ်းရင့်ရောင် ဗေဒါပွင့်လေးများကို အမှတ်မဲ့စိုက်ကြည့်ရင်း အခုန်မြန်နေသောရင်ကို ငြိမ်အောင် ကြိုးစားနေမိသည်။ ထို့နောက် ရင်ထဲမှနေပြီး ကိုလှမင်းမကြားအောင် တိတ်တိတ်ကလေး ပြောမိသည်။

'ကဝေပြုစားတာတော့ မဟုတ်ပေါင်ဗျာ၊ ကြွေ ပြုစားလိုက်တာ ထင်ပါရဲ့'

❖

'ကြွေသာ ပြူစားတတ်တဲ့ ဖန်ဆင်းတတ်တဲ့ ကဝေမလေး ဖြစ်မယ်ဆိုရင် ဘာလုပ်မလဲ သိလား အေးသွယ်'

ကြွေသည် အုတ်ခုံဖြူဖြူလေးပေါ်တွင် တင်ပျဉ်လွှဲထိုင်လိုက်ရင်း မေးပြောလေးပြောသည်။ ရေတမာပင်ပုပုဝပ်ဝပ်လေးများစီရရီ စိုက်ထားသော လမ်းကွေးကွေးလေးသည် လူသွားလူလာငြိမ်သက်လှသည်။

ဒဿနိကဌာနရုံးခန်းအနီးတွင်ကား အိမ်မှကားမလာသေး၍ စောင့်နေသော ကျောင်းသူလေးတစ်ဦးစ နှစ်ဦးစကို တွေ့ရသည်။ ကြွေထိုင်နေသော အုတ်ခုံဖြူဖြူလေးကို စကားပင်စိမ်းစိမ်းအုပ်မိုးထားလေသည်။ လတ်ဆတ်သော လေပြည်အေးတွင် ပန်းရနံ့က သင်းသင်းလေး သင်းပျံ့နေသည်။

'အေးသွယ် ဘယ်သိပ့်မလဲ'

စကားပွင့်ဖြူဖြူများကို ရေဆူဆူတွင်ပြုတ်ပြီး ကြက်သွန် ကြော်၊ နှမ်း စုံလင်စွာနှင့် မွှေးမွှေးကြိုင်ကြိုင် သုပ်ပေးလေ့ရှိသော အမေ့အိမ်က ထမင်းပွဲကို လွမ်းနေမိသော အေးသွယ်သည် ခပ်ပေါ့ပေါ့ပင် ဖြေလိုက်မိသည်။ အေးသွယ်သာ တန်ခိုးရှိပါမူ ရှိသမျှ စကားပွင့်ကြွေတွေအားလုံး သာမက ကြွေခေါင်းထက်မှ ပန်းလေးတစ်ပွင့်ကိုပင် မချန်ချင်။ အခု ချက်ချင်းသုပ်ပြီး ထမင်းမြိန်မြိန် စားလိုက်ချင်သည်သာဖြစ်ကြောင်း ကိုမူ ကြွေ့ကိုမပြောရဲချေ။

'မတရားဘူးပဲ ဆိုချင်ဆို၊ သူများတွေရဲ့စိတ်ထဲက ကိုယ်ထဲက သတ္တိတွေကိုခိုးယူမယ်။ ကြွေကိုယ်ထဲကိုထည့်မယ်။ နောက်ပြီး အတိတ်ကို ပြန်ပြေးမယ်။ သတ္တိရှိတဲ့ကြွေအနေနဲ့ ပြန်သွားပြီး အရာရာကို ရင်ဆိုင်ချင်တယ်'

'ကြွေက သိပ်ပြီး ပဟေဠိဆန်တာပဲ၊ အေးသွယ် နားမလည်ဘူး'

အေးသွယ်သည် ခေါင်းကိုခါယမ်းရင်းပြောမိလေသည်။ ကြွေသည် လေထဲတွင် ဝဲ၍ဝဲ၍ ကြွေကျနေသော နီရွှေရွှေ မဟော်ဂနီရွက်များကို ငေးကြည့်နေလေသည်။ ကြွေ့မျက်နှာ နုနုငယ်ငယ်သည် လူကြီးလေးတစ်ယောက်လို ရင့်ကျက်နေသည်။

'အေးသွယ် ဘယ်နားလည်နိုင်ပါ့မလဲ အေးသွယ့်ဘဝက ပြည့်စုံပြီးသား မဟုတ်လား၊ အဖေစုံ အမေစုံ မောင်နှမတွေနဲ့ သိုက်သိုက်ဝန်းဝန်း ကျောင်းပိတ်လို့အိမ်ပြန်သွားရင် အေးသွယ်ဘယ်လောက်ပျော်မလဲ၊ ကြွေကတော့ ကျောင်းပိတ်မှာ သိပ်ကြောက်တာ'

'ဘာဖြစ်လို့'

'ကြွေ့မှာ ပြန်ချင်စရာအိမ်မှ မရှိဘဲ'

'ဟင်'

အေးသွယ်သည် ခပ်တိုးတိုးလေးအော်လိုက်ရင်း ကြွေကို ကြင်ကြင်နာနာလေးကြည့်မိလေသည်။ မိဘ မောင်နှမများဆီမှ စာတစ်စောင်ပေတစ်ရွက်မျှလာလေ့မရှိသော ကြွေ့ဘဝကို ရေးရေးကလေး နားလည်လာသလိုရှိသည်။

'ကြွေ့ မိဘတွေရော'

အသံတိမ်တိမ်လေးနှင့်မေးသော အေးသွယ်ကို ငေးစိုက်စိုက်လေးကြည့်နေသော ကြွေ့မျက်လုံးညိုများသည် ရီဝေနေသည်။ ထို့နောက် ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းလိုက်လေသည်။

'ကြွေငယ်ငယ်တုန်းက စကားမြိုင်မှာနေတာ၊ စကားမြိုင်က တောင်ခါးပန်းမှာရှိတဲ့ခြံပေါ့၊ ခြံဘေးမှပတ်ပြီး တောင်ခါးပြတ်ကြီး ဟိုး အောက်ဘက်မှာ တဝေါဝေါစီးနေတာက ပန်းလှမြစ်၊ ကြိုးတံတားလေး ပေါ်ကနေကြည့်နေရင် ရေတွေကိုချာလည်လှည့်ပြီး ဖွေးနေတာတွေ့ရ တယ်လေ၊ တောင်ပေါ်ကကျတဲ့ရေဆိုတော့ အရှိန်သိပ်ပြင်းတယ်၊ အခု လို ဆောင်းတွင်းဆိုရင်တော့ ရေစီးသံက ညင်ညင်သာသာလေးရယ်'

ကြွေသည် ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးကို ငေးငေးလေး ကြည့်ရင်း အောက်မေ့ တသစွာ ပြောသည်။ ကြွေနှင့်ပေါင်းသင်းခင်မင် ခဲ့သည်မှာ လ စွန်းပြီး နှစ်ပိုင်းသို့ပင် နီးကပ်ခဲ့သော်လည်း ကြွေ အကြောင်း ကို အေးသွယ် ဘာမျှ ရေရေရာရာ မသိခဲ့ချေ။ သူတစ်ပါး အကြောင်းကို ပြုံးပြုံးချိုချိုနှင့် စိတ်လိုလက်ရ နားထောင်တတ်သော်လည်း သူ့အကြောင်း ကိုမူ ပြောခဲလှသည်။ ယခုမှ စိတ်လိုလက်ရပြောလာသော စကားမြိုင် ဟူသည့်ခြံသည် အေးသွယ်၏စိတ်ကူးထဲသို့ ပန်းချီကားတစ်ချပ်လို ဝင် လာသည်။

'တစ်ခြံလုံးရော စကားပင်တွေချည်းပဲလား'

'မဟုတ်ဘူး အေးသွယ်ရဲ့ တခြားအပင်တွေလည်း ရှိတာပေါ့၊ ဒါပေမဲ့ စကားပင်က များတယ်၊ ကြိုးတံတားလေးနေရာမှာဆိုရင် စကား ပင်သုံးပင် စုပေါက်နေတယ်၊ အဲဒီက စကားပန်းဖြူဖြူလေးတွေက ချောက်ကြီးထဲကိုကြွေကျပြီး ရေထဲမှာ မျောသွားရော၊ တစ်ခါတလေ ဆိုရင် ကြွေလေ အဲဒီပန်းတွေကိုနမြောလို့ ချောက်ထဲကိုဆင်းပြီးကောက် ချင်တယ်'

လွမ်းလွမ်းဆွတ်ဆွတ်ကလေးပြောနေသော ကြွေ့အသံလေး သည် တိုးပြီး နွဲ့နေသည်။ စကားပွင့်လေးများကြားထဲတွင်ကြီးခဲ့ရသူမို့ လားမသိ ကြွေ့မျက်နှာလေးကိုကြည့်ရသည်ပင် ပန်းဖြူဖြူလေးတစ်ပွင့် လို ထင်မှတ်လာမိသည်။

'တစ်ခါများလေ ကြွေခြောက်နှစ်သမီးလောက်က ထင်ပါရဲ့ ချောက်ထဲဆင်းပြီး ပန်းကောက်ချင်တယ်ဆိုလို့ အမေက ဆူလိုက်တာ'

'ချောက်က နက်လို့လား'

'တောင်ခါးပန်း အပြတ်ကြီးဆိုတော့ မတ်စောက်နေတာပေါ့၊ အရမ်းနက်လှချည့်တော့ မဟုတ်ပါဘူး အေးသွယ်ရယ်'

'ကြိုးတံတားကရော အရှည်ကြီးလား'

'မရှည်ပါဘူး၊ ပေနှစ်ဆယ်လောက်ပဲရှိပါတယ်၊ ချောက်ကို ဖြတ်ပြီး တံတားခင်းထားတာ၊ ဟို တစ်ဖက်မှာ ရွာရှိတယ်လေ ပန်းလှရွာတဲ့၊ ကြွေငယ်ငယ်က အဲဒီ ပန်းလှမူလတန်းကျောင်းမှာ နေခဲ့ရသေးတယ်၊ မနက်စောစောဆိုရင် တံတားတစ်ဖက်ထိပ်အထိ အမေကလိုက်ပို့တယ်'

'ဘာဖြစ်လို့လဲ'

'ကြွေ လိမ့်ကျမှာစိုးလို့တဲ့၊ ကြိုးတံတားကို အေးသွယ် မြင်ဖူးလား၊ လမ်းလျှောက်ရင် အိခနဲ အိခနဲ လှုပ်သွားတာ အသည်းယားစရာလည်း ကောင်းတယ်၊ ပျော်စရာလည်း ကောင်းတယ်'

ကြိုးတံတားသွယ်သွယ်နှင့် စကားပင်အုပ်အုပ်ကလေးကို စိတ်ကူးနှင့်ပုံဖော်ကြည့်ရင်း အေးသွယ်ရင်ထဲတွင် နွေးနေလေသည်။ တောင်ကျရေစီးသံသဲ့သဲ့ကို ထာဝစဉ်ကြားနေရသော ကြွေတို့ စကားမြိုင်သည် သာယာအေးချမ်းလိမ့်မည်ကား အမှန်ပင်။

'ဒီလောက် သာယာတဲ့ စကားမြိုင်ကို ကြွေ မပြန်ချင်ဘူးလား'

ကြွေသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ နေရောင်ခြည်နီတွေးတွေးသည် ကြွေကို ရစ်သိုင်းထားလေရာ ကြွေ တစ်ကိုယ်လုံး ဆည်းဆာရောင်တောက်နေလေသည်။ နဂို နီသော ကြွေ နှုတ်ခမ်း ဝန်းဝန်းလေးများသည် ဆည်းဆာရောင်ကြောင့် ပိုပြီး နီနေ သလို ဖြစ်နေသည်။ ကြွေသည် အောက်နှုတ်ခမ်းကို ခပ်ဖိဖိလေး ကိုက် လိုက်

ပြီး သက်ပြင်းရှိုက်လိုက်သည်။

'အခု စကားမြိုင်မှာ ဘယ်သူမှမရှိတော့ဘူး'

'အမေ ရော'

'အမေ ဆုံးပြီ'

'ဟင်'

အေးသွယ်သည် အရည်လည်လာသော ကြွေ့မျက်လုံးညိုလေးများကိုကြည့်ရင်း စကားကြောရှည်မိသော ကိုယ့်ကိုယ်ကိုတီးတိုး အပြစ်တင်မိလေသည်။

'အမေဆုံးတဲ့ညက မိုးတွေ အရမ်းရွာတယ်၊ အမေ့တစ်ကိုယ်လုံးလည်း ပူလိုက်တာချစ်ချစ်တောက်လို့၊ ကြွေ့တို့နားမှာ ဘယ်သူမှလည်း မရှိဘူး၊ ခါတိုင်း ခြံမှာကူလုပ်တဲ့ ဦးလေးထွန်းတို့ လင်မယားကလည်း သူတို့ရွာကိုပြန်သွားတဲ့အချိန်ဖြစ်နေတယ် အေးသွယ်ရယ်၊ အမေက လူးလိမ့်နေတော့ ကြွေ့ ဘာလုပ်ရမယ်မှန်းလည်း မသိဘူး၊ သေသွားတဲ့ ကြွေ့ အဖေကိုလည်း တ တယ်၊ ကြွေ့ကိုလည်း ခေါ်တယ်၊ ကြွေ့လေ အမေ့နားမှာလည်းနေချင်တယ်၊ ရွာထဲက ဘကြီးသာဆိုင်ကိုလည်း ပြေးခေါ်ချင်တယ်'

'အဲဒီတုန်းက ကြွေ့ ဘယ်အရွယ်လဲ'

'ကြွေ့ ရှစ်နှစ်သမီးပေါ့၊ နောက်ဆုံးတော့ အမေ့ကို စောင်ထူထူခြုံပေးခဲ့ပြီး ကြွေ့ မိုးရေထဲ ပြေးထွက်ခဲ့တယ်၊ ကြွေ့လေ အဲဒီတုန်းက ဘာကိုမှမကြောက်ပါဘူး၊ မှောင်မှောင်မည်းမည်း စွတ်ပြီးပြေးတာပဲ၊ ဘကြီးသာဆိုင်လည်း ရှိသမျှဆေးဝါးလေးတွေထည့်လို့ ကြီးကြီးမေရော ဒေါ်ဒေါ်သက်တို့ရော အကုန်ပဲ၊ အိပ်မှုန်စုံမွှားနဲ့ ထ လာရာက လိုက်လာကြတယ်၊ ဒါပေမဲ့ အိမ်လည်း ရောက်ရော အမေ အမေ'

ကြွေ့ အသံသည် နစ်ဝင်သွားလေသည်။ ချောက်ချားဝမ်းနည်းဖွယ်ကောင်းသော ပုံပြင်တစ်ပိုဒ်ကို နားထောင်နေရသလို အေးသွယ်၏

ရင်ထဲတွင် ဖိုလှိုက်နေသည်။ အောက်နှုတ်ခမ်းကို ခပ်ဖိဖိလေးကိုက်ထား သော်လည်း မသိမသာ ရှိုက်နေသော ကြွေကိုကြည့်ရင်း သူပါငိုချင်လာ သည်။

'ကြွေလည်း မိုးတွေမိတာရော စိတ်ချောက်ချားတာရော ဝမ်းနည်း တာရော စုပြီး ဖျားလိုက်တာ'

ကြွေသည် အသံကိုထိန်းပြီး ခပ်တိုးတိုးဆက်ပြောသည်။ မျက် တောင် တဖျပ်ဖျပ်ခတ်ရင်း မျက်ရည်ထိန်းထားသော ကြွေသည် အေး သွယ်ကို မရဲတင်းကဲပြုံးပြလေသည်။ ထို့နောက် အုတ်ခုံလေးပေါ်မှဆင်း ရင်း စကားကိုလွှဲလိုက်သည်။

'လာ လာ အေးသွယ် အဆောင်ပြန်ကြစို့၊ တော်ကြာနေ မှောင် လာတော့မှာ ကြည့်စမ်း အေးသွယ် မျက်နှာတွေ နီလို့'

အေးသွယ်သည် ရက်ပြုံးလေးပြုံးရင်း အုတ်ခုံပေါ်မှဆင်းလိုက် သည်။ ကြွေ ကြိုက်သော စကားပွင့်ဖြူဖြူလတ်လတ်ကလေးများကို ကူပြီး ခပ်သွက်သွက်ကောက်ပေးမိလေသည်။

'ကြွေရာ ကျောင်းပိတ်ရင် အေးသွယ်တို့ဆီ လိုက်ခဲ့ပေါ့၊ အေးသွယ် ရဲ့အမေလည်း ကြွေအမေ နော်၊ ဟော ဟိုမှာ ကြွေ ဟိုလူတွေကိုကြည့်စမ်း ဟိုနေ့က ဘတ်စကက်ဘောပွဲတုန်းက အေးသွယ်တို့ကိုနိုမ်တဲ့ကျောင်းသား တွေ ပါတယ်မဟုတ်လား'

အေးသွယ်သည် ပြောရင်းမှ ဘွဲ့နှင်းသဘင်အဆောက်အအုံ၏ နောက်ဘက်မှပတ်၍ထွက်လာကြသော ကျောင်းသားတစ်စုကို ညွှန်ပြ သည်။ အေးသွယ် အသေအချာမှတ်မိသည်ကား အရပ်မြင့်မြင့်နှင့် ကျောင်းသားဖြစ်သည်။ လေ့လော့သင်းတံဆိပ်ပါသော အင်္ကျီများကို ဝတ်ထားကြသောကြောင့် လေ့လော့သင်းဝင် ကျောင်းသားများဖြစ်ဟန် တူလေသည်။

'မောင်မောင်၊ ခင်ဗျား ဟိုတစ်နေ့ကကောက်ခဲ့တဲ့ပန်းလေးက

ဒီအပင်က ပန်းလား၊ ဒါကြောင့် လှတာကိုး’

ကျောင်းသားတစ်ဦးသည် ကြွေတို့ကိုဝေ့ကြည့်ရင်း အရပ်မြင့်မြင့်ကျောင်းသားကို မထိတထိ လှမ်းပြောလေသည်။ သူတို့ကိုစောင်းပြောမှန်းသိသဖြင့် အေးသွယ်၏နှုတ်ခမ်း ရဲရဲလေးသည် မသိမသာစူသွားသည်။

ကြွေတို့နှစ်ဦး အဆောင်သို့ပြန်လာသောအခါ အဆောင်ပင်ပိတ်လုနီးနေပေပြီ။ စကားပွင့်ဖြူဖြူလေးများကို ကြွေလက်ထဲသို့ထည့်ရင်း အေးသွယ်ကပြောသည်။

‘အရပ်မြင့်မြင့် လူနာမည်က မောင်မောင် တဲ့၊ ကြွေ့ကို တည့်တည့်လည်း မကြည့်ရဲဘူး၊ စောင်းကြည့်သွားတယ် ဟာ ဟ’

❖

'အဲဒီလူကို အေးသွယ် သိသားပဲ၊ အားကြီးကို ကြီးကျယ်တယ်၊ သူ့တို့ ကိုယ်သူတို့ ဘာထင်လဲမသိဘူး၊ အိမ်သာဆောက်ဖို့လူလိုရင် ဘီအေတွေကို ငှားနိုင်တယ်တဲ့လေ'

'ဟုတ်တယ် ဟုတ်တယ်၊ သူတို့ အာရ်အိုင်တီက ကျောင်းသားတွေကို လေကျယ်လွန်းတယ်'

မောင်မောင်သည် သစ်ပင်အောက်ကိုငုံ့ကြည့်ရင်း မျက်လုံးပြူးသွားသည်။ ကံ့ကော်ပင်ရိပ် အေးမြမြတွင် ဝိုင်းဖွဲ့ထိုင်နေသော မိန်းကလေးတစ်စုကို တွေ့ရသည်။ ဂီတာသံ တဒေါင်ဒေါင်နှင့် ဆူညံနေသော ဝန်းကျင်ကို စိတ်ပျက်လှသောကြောင့် မောင်မောင် ရှောင်ထွက်ခဲ့ခြင်း ဖြစ်သည်။ အဆိုအက အတီးအမှုတ်ကို ဝါသနာမပါသော မောင်မောင်အဖို့ မိတ်ဆုံခရီးသည် ပျင်းရိဖွယ်ကောင်းနေသည်။ ကိုကြီးအောင်က ဖွတ်ခေါ်သောကြောင့်သာ လိုက်လာရသော်လည်း ဘာသင်း ညာသင်း မိတ်ဆုံခရီးမျိုးကို နဂိုထဲက မောင်မောင် စိတ်မဝင်စားလှချေ။ ကြွေ ဟူသည့်မိန်းကလေးကို အမှတ်မထင် တွေ့ရသောအခါတွင်ကား မောင်မောင် စိတ်လှုပ်ရှားမိသည်မှာ အမှန်ပင်။ သို့သော်လည်း မိတ်ဆုံခရီးမျိုးတွင် အခွင့်ကောင်းယူကာ မိတ်ဖွဲ့ရစ်ဝဲတတ်သောသူများ ကြား

ထဲတွင် မပါဝင်လိုသောကြောင့် ခပ်အေးအေးပင် နေမိသည်။ ဒံပေါက်တစ်ထုပ် စားပြီးသောအခါတွင်ကား ကိုကြီးအောင်၏လွယ်အိတ်ထဲမှ နေကြာစေ့ တစ်ထုပ်ကို နှိုက်ယူကာ ခပ်လျှိုလျှိုထွက်လာမိသည်။ ထို့နောက် အုပ်ဆိုင်းနေသော ကံ့ကော်ပင်ပေါ်သို့ သွက်သွက်ကလေး တက်ထိုင်ပြီး နေကြာစေ့ဝါးနေမိသည်။ သူတက်လာစဉ်က မရှိသော မိန်းကလေးတစ်စုသည် ဘယ်အချိန်ကများ သစ်ပင်အောက် ရောက်လာလေသည် မသိရချေ။

'သူ့နာမည်က မောင်မောင် တဲ့'

'အောင်မယ် မချော ညည်းက နာမည်တွေ ဘာတွေကိုသိလို့ ဟုတ်လား'

'အင် သူတို့ချင်း ခေါ်သံကြားလို့ပါ အေးသွယ်က သူ့ကို သိပ်မြင် ပြင်းကတ်တာ'

'ဒါမျိုးပေါ့ မုန်းတယ် မုန်းတယ်နဲ့'

'မမနွယ်နော် အေးသွယ် တကယ်ပြောတာ၊ မမနွယ် မင်းသားက အေးသွယ်ကို အရေးတောင်မစိုက် နော် ကြွေရာ၊ အေးသွယ်တို့နဲ့ စကား ပင်နားမှာ ခဏခဏဆုံသား၊ ဆုံတိုင်းလည်း ကြွေကို ငမ်းလိုက်တာလွန် ရော နော် ကြွေ'

'အေးသွယ်ရယ် မဟုတ်တာတွေ'

ကြွေသည် ခပ်ညည်းညည်းလေး ပြောသည်။ ကြွေ့မျက်နှာလေးသည် နီပြေပြေအရောင်သန်းနေသည်။

'ဒုက္ခ အဲဒါမှ ဒုက္ခ'

မောင်မောင်သည် ခပ်ပေါ့ပေါ့ထိုင်နေမိသောသစ်ကိုင်းကို ယခုမှ တင်းတင်းဆုပ်ထားမိသည်။ ကိုယ့်အဖြစ်ကိုကိုယ် ရယ်ချင်နေသော်လည်း လက်ဖျားခြေဖျားများ စိမ့်စိမ့်အေးလာလေသည်။ ထူထပ်သိပ်သည်းသော ကံ့ကော်ရွက်များကြောင့် မောင်မောင့်ကို ရုတ်တရက်မတွေ့

နိုင်သည်ကပင် ကံကောင်းနေသေးသည်ဟု ဆိုရမည်။

'ဘာ မဟုတ်တာတွေလဲ၊ ဟုတ်တာမှ ဟုတ် ဟုတ် သိပ်ဟုတ်၊ ထောင့်ငါးရာဖိုးအားရှိတဲ့ သူတို့ရဲ့ ငမ်းပါဝါတွေကို အေးသွယ်က အကုန်သိ၊ ကြွေကို ကြည့်တာမှ ဒီလို ဒီလို'

'မြတ်စွာဘုရား ကယ်တော်မူပါ'

မောင်မောင်သည် ဘုရားကို မတ စဖူး တ လိုက်မိလေသည်။ ဆံတိုမလေး အေးသွယ်သည် ခေါင်းခါခါလည်ခါခါနှင့်ပြောရင်း စောင်းငန်း စောင်းငန်းလုပ်ပြသောအခါ အားလုံး ဝါးခနဲ ရယ်လိုက်ကြလေ သည်။ မောင်မောင်ကမူ ချောင်းမဆိုးမိအောင် နှာမချေမိအောင် ထိန်းထားရင်း တစ်မျက်နှာလုံး ပူရှိန်းနေသည်။ အေးသွယ်၏ အမူအရာကို ကြည့်ရင်း ဣန္ဒြေမဆောင်နိုင်ဘဲ တသိမ့်သိမ့် ရယ်မောနေသော ကြွေ ကြောင့်လည်း ရင်ထဲတွင် တဒိန်းဒိန်း ခုန်နေလေသည်။

'ကြည့်ရင်လည်း တည့်တည့်ကြည့်ပေါ့နော်၊ ခုတော့ ဟုတ်ပေါင် မငမ်းသလိုငမ်းသလို၊ မကြည့်သလိုကြည့်သလို၊ ပေစောင်းစောင်းနဲ့၊ ဟွန်း နာမည်ကိုပါ ပြောင်းပစ်ဖို့ကောင်းတယ်၊ ငမ်းမောင်မောင်စောင်းလို့'

'ဗုဒ္ဓေါ'

မောင်မောင့် တစ်မျက်နှာလုံး ရေနွေးပူပူနှင့်ပက်လိုက်သလို ထူပူသွားသည်။ ယောင်ကန်းကန်းနှင့် လူက ယိမ်းခနဲဖြစ်သွားစဉ် ပေါင်ပေါ်မှ နေကြာစေ့ခွံများ အောက်ဖက်သို့ ဖွားခနဲကျကုန်သည်။ မောင်မောင်လည်း အယောင်ယောင်အမှားမှားနှင့် နေကြာစေ့ခွံများကို လိုက်ဖမ်းမိရင်း အယိမ်းယိမ်း အယိုင်ယိုင်ဖြစ်သွားလေသည်။

'ဟာဟ သူ့ကို နာမည်ပြောင်းပေးထားမှန်းသိရင် ဘယ်လောက် ဒေါကန် ဟာ ဘာတွေလဲ ဟင် ဟင် ဟယ် ဟောတော့'

အေးသွယ်သည် သူ့အပေါ် ဖြန်းခနဲကျလာသော နေကြာစေ့

ခွံ များကို တအံ့တသြကြည့်ရင်း အပေါ်ဘက် မော့ကြည့်မိသည်။ ထိုစဉ်တွင် သစ်ပင်ပေါ်မှ အလုံးလုံး အထွေးထွေးကျလာသော အရာဝတ္ထု တစ်ခုကို တွေ့လိုက်ရသည်။

'ဟယ် ဟယ် လူ လူ လူကြီးတော့'

ကုံကော်ပင်ပေါ်မှ ထူးထူးဆန်းဆန်း ကြွေကျလာသော လူ တစ်ယောက်လုံးကို လက်ညှိုးထိုးရင်း အေးသွယ်သည် စွတ်ရွတ်ပြီး အော်နေလေသည်။ မောင်မောင့်ခမျာမှာတော့ ဘာဆိုဘာမှ မြင်နိုင်စွမ်း မရှိတော့ချေ။ ဘယ်နေရာပွန်းပြီး ဘယ်နေရာပဲ့သွားသည်ကိုလည်း ဂရု မထားနိုင်။ မျက်လုံးများပြာဝေကာ တစ်ကိုယ်လုံး ထူပူပြီး ရှိန်းနေသည်။ နေရာမှ လူးလဲထရပ်လိုက်သော မောင်မောင်၏ ဖုံအလူးလူးမျက်နှာကို အသေအချာကြည့်ပြီး အေးသွယ်သည် အအော်ရပ်သွားလေသည်။ သို့ သော် အာမေဋိတ်သံလေးကိုမူ ပြုဖြစ်အောင်ပြုသေးသည်။

'ဟယ် ဟယ် တော့ ငမ်း မောင် မောင် စောင်း စောင်း'

မောင်မောင်သည် အေးသွယ်ကို ကျိတ်ပြီးကျိန်ဆဲမိသည်။ မိန်း ကလေးများသည် ဝါးခနဲ ရယ်မချကြသေးသော်လည်း ရယ်ချင်စိတ် ကို မနည်းမျိုသိပ်ထားကြရမှန်းသိသာသည်။ အားလည်းနာ ရယ်လည်း ရယ်ချင်ဖြစ်နေသောသူတို့၏ မျက်နှာများသည် နီတွေးနေကြလေသည်။

'ဘယ် ဘယ်တုန်းက သစ်ပင်ပေါ်ရောက်နေတာလဲ မသိဘူး'

ညည်းသလိုလို တစ်ဦးတည်းပြောလိုက်သော ကြွေ၏ တုန် တုန် ယင်ယင်အသံကလေးကိုကြားရသည်။ ရှက်ရွံ့အားနာမှုကြောင့် နှုတ်ခမ်း လေးများ မသိမသာတုန်နေသော ကြွေသည် မောင်မောင့်ကိုမ ကြည့်ချေ။

'ကြာလှပြီ'

မောင်မောင်သည် အသံပြတ်နှင့် အူကြောင်ကြောင်ပြောပြီး ချာခနဲ လှည့်လိုက်သည်။ ထိုအခါမှ ခြေချင်းဝတ်တွင် မျက်တက်တက်

ဖြစ်နေသည်ကို သတိထားမိသည်။ သို့သော် ကျိုးလျှင်သာကျိုးစေတော့၊ သူတို့ရှေ့တွင်တော့ ထော့ကျိုး၊ ထော့ကျိုးနှင့်မလျှောက်လို။ ခပ်တည်တည် ဖိနင်းပြီး ဟန်မပျက်လျှောက်ခဲ့သည်။ နာလိုက်သည်မှာကား ပြောစရာမရှိ၊ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း မျက်နှာတစ်ချက် ရှုံ့မိလေ သည်။

မောင်မောင် အတော်လှမ်းသွားသောအခါမှ ငြိမ်တိတ်ကျန်ခဲ့သော စကားဝိုင်းသည် ဝေါခနဲ ဆူညံလာသည်။ ရယ်မောသံများလွင့်ပျံ့လာသည်။ မောင်မောင်သည် မြက်တစ်ပင်ကို အညှိုးနှင့်ဆွဲနှုတ်ရင်း ကျိန်ဆဲမိသည်။

'ဟင်း တစ္ဆေမလေးတွေ ပြည်ပန်းညို ချိုချင်သားနဲ့ ဆားကဖျက်တဲ့ ဆားမတွေ တစ်သက်လုံး ယောကျ်ားမရကြပါစေနဲ့'

❖

'ဇာတ်လမ်းကတော့ အဲဒီအတိုင်းပဲ မျိုးဝင်းရေ့၊ ငါ့မှာ တစ်ယောက်နဲ့ တစ်ယောက် မသိတာကမှကောင်းသေးတယ်။ ခုတော့ ငါ့ကိုလည်း သူသိ၊ သူ့ကိုလည်း ငါသိ ဒါပေမဲ့ တရားဝင်သိတာလည်းမဟုတ်၊ တစ်ယောက်နဲ့ တစ်ယောက်တွေ့ရင်တောင် မျက်နှာပူလို့ ရှောင်ပြီးပြေးရမယ့်အဖြစ်၊ အဖြစ်က တော်တော်ကိုဆိုးတာ'

မျိုးဝင်းသည် စိတ်ပျက်လက်ပျက်ဖြစ်နေသော မောင်မောင့်ကို ကြည့်ကာ အားရပါးရ ရယ်မောနေလေသည်။ ရိုးရိုးအေးအေးနှင့် တည်တည်နေလေ့ရှိသော မောင်မောင်တစ်ယောက် အခုမှသိက္ခာအကျကြီးကျပြီး "ငမ်းမောင်မောင်စောင်း" ဘဝရောက်ရသည်ကိုတွေးမိတိုင်း အူထဲမှ လိပ်တက်လာအောင် ရယ်ချင်လှသည်။

'ဘာတဲ့ ဘာတဲ့ မင်းနာမည် အသစ်က ငမ်း မောင်မောင် စောင်း ဟုတ်လား ဟား ဟား'

'တော်စမ်းပါကွာ'

မောင်မောင်သည် မျိုးဝင်းထိုင်နေသော ကုလားထိုင်ကို အငြိုးနှင့်ဆောင့်ကန်ရင်း အော်လိုက်မိသည်။ ထိုနာမည်ကြီးကိုကြားတိုင်း အသည်းနာ၍ မဆုံးတော့ချေ။ အေးသွယ်ဟူသည့် ရည်ကဲကဲကောင်မလေး

ကိုလည်း ကိုကြီးအောင် အဝတ်ဖွပ်သလို တဖုန်းဖုန်းနှင့်ဖွပ်ပစ်လိုက်ချင်သည်။

မောင်မောင်သည် စာကြည့်မီးကို ဖျတ်ခနဲပိတ်လိုက်ပြီး အိပ်ရာပေါ်သို့လှဲချလိုက်သည်။ တတ်များတတ်နိုင်လျှင် ထိုအမည်တွင်ခဲ့သော ကိုယ့်မျက်နှာကိုပင် ကိုယ့်ဟာကိုယ် လှီးပစ်ပြီး မျက်နှာအသစ်တပ်လိုက်ချင်သည်။

'ကြွေဆိုတဲ့ ကောင်မလေးကရော ချောသလား'

'ချောတယ် ဒါပေမဲ့ ချောတာထက် နှစ်သက်စရာပိုကောင်းတယ်၊ ဒီမှာ မျိုးဝင်း မင်းလည်း မိန်းကလေးတွေ အများကြီးနဲ့ ပေါင်းဖူးသားပဲ၊ သူတို့မျက်လုံးမှာ ဘာတွေ့လဲ'

'သူတို့မျက်လုံးမှာ'

'အေးလေ'

'မျက်သားအဖြူ တွေ့တာပေါ့၊ နောက်ပြီးတော့ မျက်ဆန်၊ တချို့ ကောင်မလေးတွေကျတော့ မျက်သားက မကြည်ဘူး အကြောတွေကနီ လို့'

'ဟား တော်စမ်းပါ မျိုးဝင်းရာ'

အူကြောင်ကြောင်နှင့် အသေးစိတ် လေရှည်ရန် ဟန်ပြင်နေသော မျိုးဝင်းကို မောင်မောင်သည် ဟန့်တားလိုက်ပြီး စိတ်မရှည်သလို သက်ပြင်းချလိုက်မိသည်။ ဒီနေ့တော့ ဘယ်သူနှင့်စကားပြောပြော အပေါက်အလမ်းတည့်တော့မည် မထင်ရပေ။

'ငါဆိုလိုတာ တခြား မင်းပြောတာကတလွဲ ဒီလို မျိုးဝင်းရ၊ သူတို့မျက်လုံးထဲမှာ မာန်တို့ မာနတို့ကို မတွေ့ရဘူးလားလို့ပြောတာ'

'သြော် ဒါလား'

မျိုးဝင်းသည် မောင်မောင့်ဘေးတွင် လှဲအိပ်လိုက်သည်။ မျိုးဝင်း အသုံးပြုလေ့ရှိသော တိဘက် ခေါင်းလိမ်းဆီအနံ့က မောင်မောင့်

နှာခေါင်းထဲ တိုးဝင်လာသည်။ ထိုအနံ့ကို မောင်မောင် လုံးဝမကြိုက်၊ စူးစူးရှရှနှင့် အနံ့ပြင်းလှသည်။ မျိုးဝင်းကို တွန်းချ၍လည်း ရမည် မဟုတ်သည့်အတွက် မောင်မောင်သည် အိပ်ရာမှထလိုက်သည်။ သူ ကောင်းသား မျိုးဝင်း ခဏခဏလာအိပ်၍ ခေါင်းလိမ်းဆီနံ့ စွဲကျန်ရစ် သော ခေါင်းအုံးစွပ်ကို မောင်မောင် လျှော်ရသည်မှာ အခါပေါင်းပင် မရေမတွက်နိုင်တော့ချေ။ ယခုညလည်း ခေါင်းအုံးစွပ်ကို ချွတ်ပစ်ပြီး အသစ်လဲရဦးမည်မှာ ကျိန်းသေသည်။

'မင်းစဉ်းစားကြည့်ကွ မိန်းကလေးတိုင်းရဲ့မျက်လုံးထဲမှာ အလှ မာန၊ ဂုဏ်မာန၊ ပစ္စည်းမာန၊ ပညာမာနဆိုတဲ့ အရိပ်အယောင်လေးတွေ ကို တွေ့ရတယ်၊ သူတို့တွေ ဒေါသဖြစ်လာရင် ပိုပြီးသိသာသေးတယ်'

'အေး ဒါတော့ဟုတ်တယ်ကွ'

'မျိုးဝင်းသည် စိတ်ပါလက်ပါ ထောက်ခံလေသည်။ မိန်း ကလေးတို့၏ မာနရိပ်ယှက်နွယ်သော မျက်လုံးလေးများ အကြောင်း ကို ခုမှပင် အသေအချာတွေးတောမိဟန်တူလေသည်။

'သူ့မှာက အဲဒီလို မာနမရှိဘူးကွ၊ သူ့မျက်နှာလေးဟာ တည်ငြိမ် ပေမဲ့ အေးချမ်းနေတယ်၊ မျက်လုံး ညိုညိုလေးမှာလည်း မာနရိပ် အနွယ် လုံးဝမတွေ့ရဘူး၊ သန့်စင်လိုက်တာ အဲဒါလေးက နှစ်သက်စရာ ကောင်းနေတာ'

မျိုးဝင်းသည် ဘာမှမပြောဘဲ မောင်မောင့်ကိုငေးကြည့်နေလေ သည်။ မှောင်နေသောကြောင့် မောင်မောင့်မျက်နှာကို သဲသဲကွဲကွဲ မမြင် ရသော်လည်း နူးညံ့နေလိမ့်မည်ကား အမှန်ပင်ဟု တွေးထင်နေမိသည်။

ကွင်းပြင်ကိုဖြတ်၍တိုက်လာသော လေပြည်အေးသည် အခန်း ထဲ သို့ တိုးဝှေ့ဝင်ရောက်လာသည်။ လေအေးတိုက်ခတ်သောကြောင့် ဆယ့်နှစ်ရာသီ မဖြုတ်ဘဲ ထောင်ထားသော ကိုကြီးအောင်၏ ဇာခြင် ထောင်သည် တလွန့်လွန့်လူးနေသည်။ ဇာခြင်ထောင်လေး လွန့်လူး

သလို မောင်မောင့်စိတ်များလည်း ကယောက်ကယက်နှင့် လှုပ်လှုပ်ရှား ရှားဖြစ်နေလေသည်။

'မောင်မောင် မင်းအရင်က ဘယ်မိန်းကလေးကိုမှ ဒီလောက် မချီးမွမ်းဖူးပါဘူး'

'အင်း'

'မင်း သူ့ကိုစိတ်ဝင်စားနေပြီပေါ့'

'စိတ်ဝင်စားနေပြီလား ဆိုပါတော့လေ'

မောင်မောင်သည် စားပွဲပေါ်ရှိ စာအုပ်ကလေးမှစာရွက်များကို တဖျပ်ဖျပ်လှန်ရင်း မယုတ်မလွန် ဖြေသည်။ မျိုးဝင်းကမူ ခပ်တိုးတိုး လေး ရယ်လိုက်လေသည်။

'မြိုင်ဟေဝန် ....မြိုင်ဟေဝန် .... မြိုင်ဟေဝန် .... ရေတံခွန်စိမ့်စမ်း .... လွမ်းဖွယ်ဖြာ ..... မွှေးရနံ့ထုံလှိုင်စွာ .... ဆင်ရာဆန်းတယ် နော် မေ.... သင်းပျံ့ပျံ့လေကလှိုင် .....'

တစ်ဖက်ခန်းမှ ကိုအောင်ကျော်တစ်ယောက် စာကျက်ရင်းမှ ပျင်းလာဟန်တူသည်။ သူ့ဝါသနာအတိုင်း သီချင်းကို အသံကုန်ဟစ် တော့သည်။ အသံကောင်းသော်လည်း သီချင်းဆိုခဲလှသော ကိုအောင် ကျော်သည် စာကျက်ရင်း ငြီးငွေ့လာလျှင်မူ စာအုပ်ကလေးကို ဖျတ်ခနဲ ပိတ်လိုက်တတ်သည်။ ထို့နောက် စိတ်ကူးတည့်ရာ သီချင်းကို စိတ် လွတ် လက်လွတ် အော်ဆိုလေ့ရှိသည်။ သူ့အသံသည် အောင်မြင်ပီသ သောကြောင့်သာ အားလုံးက ငြိမ်ငြိမ်သက်သက် လက်ခံကြခြင်းဖြစ် သည်။ ကိုကြီးအောင်လို အသံပြာပြာ ပြဲပြဲကြီးဆိုပါက တစ်ဆောင်လုံး ဆန္ဒပြကြရလိမ့်မည် ထင်သည်။

'မြိုင်ဟေဝန်ဆိုတာ နှစ်ပါးသွားသီချင်း မောင်မောင်ရ သိရဲ့ လား'

'ဘာဆိုင်လို့လဲ'

'မင်းကိုနိမိတ်ပြတာပေါ့၊ တစ်ပင်တိုင်အက ရပ်ပြီး နှစ်ပါးသွား ချိန်တန်ပြီလို့လေ'

မျိုးဝင်းကို မောင်မောင်သည် မနာအောင်ထိုးရင်း ရယ်မောမိသည်။ မျိုးဝင်းကမူ ဟက်ဟက်ပက်ပက်ရယ်ရင်း မောင်မောင့်လက်ကို ဆွဲထားလေသည်။

'မောင်မောင် လိမ်တာညာတာဟာ ဘုရားမကြိုက်တဲ့အလုပ်ကွ သိရဲ့လား၊ အထူးသဖြင့် ကိုယ့်ကိုယ်ကို မလိမ်ရဘူး'

'ငါ ဘာလိမ်လို့လဲ'

မျိုးဝင်းသည် မီးပွင့်လေးကို ချောက်ခနဲ ဖွင့်လိုက်သည်။ ရုတ်တရက် မျက်လုံးပြာသွားသော မောင်မောင်သည် မျက်စိကို မှိတ်ထားလိုက်မိသည်။ မျိုးဝင်းသည် မောင်မောင့်ကို စေ့စေ့ကြည့်နေသည်။ ထို့နောက် လက်ကို တင်းတင်းဆုပ်ပြီး ပြုံးစစနှင့် မေးလေသည်။

'မောင်မောင် မင်း ကြွေကို ကြိုက်နေတယ် မဟုတ်လား'

'မသိဘူး'

'မင်းချစ်နေတာ ငါသိတယ်'

'ငါ မသိဘူး'

မောင်မောင်သည် သံပြတ်နှင့်ဖြေရင်း နှုတ်ခမ်းကို စေ့ထားလေ သည်။ မျိုးဝင်းသည် မောင်မောင့်လက်ကို လွှတ်လိုက်ပြီး မီးကိုပြန် ပိတ်လိုက်သည်။ ထို့နောက် ခပ်တိုးတိုး ပြောလေသည်။

'မောင်မောင် လူလိမ်ပဲ'

❖

ဘူးသီးကြော် ရွရွလေးများသည် ပူနွေးပြီး ကြွပ်နေသည်။ ဒယ်အိုးထဲမှ ဆယ်ခါစဖြစ်၍ အငွေ့ပင် ကောင်းစွာမသေသေးချေ။ အလောတကြီး ကိုက်ဝါးလိုက်လျှင် လျှာကို ပူကျက်သွားစေလိမ့်မည်ထင်သည်။

ကြွေသည် ငရုတ်ချဉ်ရည် နီရဲရဲထဲသို့ ဘူးသီးကြော်လေးကို အသာ နှစ်ပြီး လှည့်ကစားနေသည်။ အတွင်း၌ ခိုအောင်းနေသော အပူဓာတ်များကို ငရုတ်ချဉ်ရည်ထဲသို့ ပျော်ဝင်သွားစေလိုဟန် ရှိလေသည်။

'သူတော့ အတော်ရက်သွားမှာပဲနော်'

'ဘယ်သူလဲ'

အင်းလျားရေပြင်တွင် လျှောတိုက်ပြေးနေသော လှေကလေးကို မျှော်ငေးကြည့်နေရင်းမှ အေးသွယ်သည် အရင်းမရှိ အဖျားမရှိ ပြောလေသည်။ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ချင်သလို မျက်နှာကလေးလည်း မချိုမချဉ် ဖြစ်နေသည်။

'ဘယ်သူရမှာလဲ ကြွေရဲ့မောင်မောင်ပေါ့၊ ငမ်းမောင်မောင် စောင်း ပေါ့'

မေးကလေးထိုးရင်း ပြုံးစပ်စပ်ပြောသော အေးသွယ်၏ မျက်လုံးလေးများသည် တောက်ပနေသည်။ တစ်နေ့ကဖြစ်ခဲ့သောအဖြစ်ကို သူ့ခမျာ ခုထိ ရယ်မဆုံးနိုင်အောင်ရှိတော့လေသည်။ ပျော်ပျော်နေ ရှင်

ရှင် ပြောပြီး ရယ်မောနေတတ်သော မိန်းကလေး၏ မျက်နှာကလေးသည် ရွှင်ချို၀င်းပနေလေသည်။

'သစ်ပင်ပေါ် ဘယ်အချိန်ကရောက်နေလဲ မသိဘူးနော၊ ကျလာ လိုက်တာဗလုံးဗထွေးကြီး၊ သူ့မျက်နှာမှာလည်း ဖုတ်တွေလူးလို့၊ နောက်ပြီး အေးသွယ်ကို မျက်လုံးကြီးပြူးကြည့်သေးတယ်၊ ဟင်း ဟင်း ရယ်စရာ ကောင်းလိုက်တာ'

'အားနာစရာကြီး အေးသွယ်ရယ်၊ ကြွေလည်း သိပ်ရှက်တာပဲ'

ကြွေသည် ပင့်သက်ရှူရင်း ပြောသည်။ ဆလပ်ရွက် အရိုးပိုင်းလေးတစ်ခုကိုယူပြီး တဖျောက်ဖျောက် ချိုးနေလေသည်။ အေးသွယ်ကမူ အရယ်ရပ်လိုက်ပြီး လျှာလေးတစ်လစ်ထုတ်ထားသည်။ တစ်ဖက်လူ ရယ်စရာဖြစ်သွားသလောက် ကြွေခမျာလည်း ရှက်စရာဖြစ်သွားသည်ကို ကရုဏာလေးနှင့်တွေးမိသော်လည်း ရယ်ချင်စိတ်ကမူ မပြယ်နိုင် ချေ။

'သူများကို ကသိကအောက်ဖြစ်စေပြီး ရယ်စရာဖြစ်တာမျိုးကို ဘယ်တော့မှ မလုပ်ရဘူးတဲ့'

'ဘယ်သူကလဲ'

'ကို လေး က'

ကြွေသည် ခပ်တိုးတိုးပြောရင်း ရေထဲသို့ ထိုးထွက်နေသော သရက်ပင်မြစ်ဆုံကြီးကို စိုက်ကြည့်နေသည်။ သစ်ရိပ်ခိုနေကြသော ရေပင့်ကူ ကားကားလေးများသည် ဟို သည် ပြေးရင်း လူးလာ ခတ်နေကြသည်။

'ကြွေ တစ်ခါက ပလပ်စတစ်မြွေရုပ်မည်းမည်းကြီး ရဖူးတယ်၊ ဘဘ သော်၀ယ်ပေးတာပေါ့၊ အဲဒီအရုပ်ကြီးကို ခြံစပ်က မြက်တွေကြားထဲမှာ ချထားရင် တွေ့သမျှလူ လန့်အော်ပြီး တန်းနေအောင်ပြေးတာပဲ၊ အရုပ်က တကယ့်ကို မြွေအစစ်နဲ့တူတာ၊ ကိုလေးသိတော့ ကြွေကို ဆူတယ်'

ကြွေသည် သူ့ ကိုလေးကို အတော်ပင်စွဲစွဲလမ်းလမ်း ရှိပုံရလေသည်။ အေးသွယ်အနေနှင့်မူ ကြွေက ကိုလေးအပေါ် အကြွေးရှိနေသည် ဟုဆိုသဖြင့် မကျေနပ်ချင်။ မောင်နုမချင်း အကြွေးမှတ်သော ကြွေ ကိုလေးကိုလည်း မခင်ချင်ပေ။

'စကားမြိုင်မှာတုန်းကလား'

'ဟင့် အင်း ကိုလေးက စကားမြိုင်ကမှ မဟုတ်ဘဲ၊ သီတာ အေးမြက'

'ကြွေရာ မောင်နုမချင်း တခြားစီနေတယ်ဟုတ်လား အဆန်းပဲ'

ကြွေသည် ရတ်တရက် အရည်လည်လာသော မျက်လုံးကို တဖျပ်ဖျပ်ခတ်ရင်း အေးသွယ်ကို တွေတွေလေး ကြည့်နေလေသည်။ ထိုနောက် ငိုမဲ့မဲ့လေး ပြုံးလိုက်သည်။

'ကြွေနဲ့ ကိုလေးက မောင် နု မ အရင်းမှ မ ဟုတ် တာ'

ကြွေသည် အထစ်ထစ်အငေါ့ငေါ့ပြောပြီး ခေါင်းကလေး ငုံ့ ထား လေသည်။ အေးသွယ်သည် စိတ်ရှုပ်ရှုပ်နှင့် ဘူးသီးကြော်ကိုသာ မဲပြီး စားမိတော့သည်။ ကြွေအကြောင်း ကြွေဇာတ်လမ်းများသည် ဝက် ပါ ခရီးလို ကွေ့ကောက်လွန်းနေသည်ဟု ထင်မိသည်။ ဝက်ပါဆိုလျှင် မထွက်တတ်မည်ကို စိုးရိမ်သောကြောင့် အေးသွယ် ဝင်ပြီးလျှောက်ခဲလှ သည်။

ကြွေကမူ ခရီးဝက်ပါထဲတွင် ချာချာလည်ပြီး ဘဝအမောကို အမောကြီး မောခဲ့ရလေသလား မသိရချေ။ ကိုလေး ဟူသည့် အစ်ကို ရင်းမဟုတ်သည့် အစ်ကိုတစ်ယောက်ကို ဘယ်ခရီး ဘယ်ကွေ့တွင် တွေ့ ခဲ့ရင်းနှီးခဲ့ရလေသနည်းဟု အေးသွယ်မေးချင်သော်လည်း မမေးရဲ။ ကြွေ မျက်ဝန်းတွင် မျက်ရည်များ ဝဲလာဦးမည်ကို အေးသွယ် မလိုလားမိပါ ချေ။

'အသက်တစ်ရာသာမနေရ အမှုတစ်ရာတွေ့ရဆိုတဲ့ စကားလေးဟာ သိပ်ပြီးမှန်တာပဲနော် အေးသွယ်၊ ကြွေလည်း အသက်သာ

နှစ်ဆယ်ကျော်ကျော်ရှိသေး အမှုကတော့ များလှပေါ့'

ကြွေသည် တရား ရသလို လေးလေးပင်ပင် ပြောသည်။ အေးသွယ်ကမူ ကြွေကို ခပ်ငေးငေးလေးကြည့်ရင်း ငိုင်နေမိလေသည်။ ကြွေသာ တရားပေါက်ပြီး ရိပ်ကြီးခိုသွားမည်ဆိုပါက ဆိုးရန်၊ နွဲ့ရန်၊ ရယ်မောရန် လောကသာ စဉ်းစားနေတတ်သော ပုထုဇဉ်မလေး အေးသွယ်ကို တရားဦးဟောရလိမ့်မည်ထင်သည်။

'ဟဲ့ ကြွေရုပ်မလေး ငါကဖြင့် အဆောင်ကစောင့်လို့ မလာနိုင်တာနဲ့ အင်းလျားဘက်လိုက်ခဲ့တာ၊ တကတဲဗျာ ဘူးသီးကြော် စားကောင်းနေတယ်ထင်ပဲ'

'ဟင် ဦးလေးလှ'

အသားညိုညို၊ အရပ်ပြတ်ပြတ်နှင့် အသက်လေးဆယ်ခန့် လူတစ်ဦးသည် ကြွေခေါင်းကို ဖျတ်ခနဲပုတ်ပြီး တရင်းတနှီးနှုတ်ဆက်လေသည်။ ကြွေသည် မျက်လုံးလေး ဝိုင်းသွားပြီးမှ တအံ့တဩ ပြောလိုက်သည်။

'ဘယ်တုန်းက ရောက်လဲ ဟင်၊ ကြွေ ဒီရောက်နေတာရော ဦးလေးလှ ဘယ်လိုလုပ်သိလဲ'

'စုံစမ်းရင် သိတာပေါ့ ကြွေရယ်၊ ညည်းတို့က ဇာတ်မြှုပ်ကောင်း အပုန်းကောင်းလွန်းတော့ ကျုပ်ကလည်း စုံစမ်းရတော့တာပေါ့၊ ဘယ်လို လဲ မိကြွေ၊ သီတာအေးမြကို ဖုန်တသောသောနဲ့ တံခါးပိတ်ပြီး ပစ်ထား တော့မှာလား'

ဦးလေးလှသည် မျက်လုံးလေး ဝိုင်းဝိုင်းလည်နေသော ကြွေကို ကရုဏာသက်သလိုကြည့်ရင်း ခပ်ဆဆပြောသည်။ ကြွေ၏ကိုယ်လုံးလေးသည် ဆတ်ခနဲတွန့်သွားပြီး အသက်ရှူရန် မေ့သွားသလို ငြိမ်နေသည်။ အတန်ကြာ ငြိမ်နေပြီးမှ အသက်ကို တဝကြီးရှူကာ ဦးလေးလှကို မော့ကြည့်လေသည်။

'သီတာအေးမြက ကြွေနဲ့မဆိုင်ပါဘူး ဦးလေးလှရယ်'

'ကြွေရုပ်မရယ် ဘယ်လိုပြောလိုက်တာလဲ၊ ကိုကြီးသော်နဲ့ မမသက်တို့က ခြံနဲ့အိမ်ကို ကြွေနာမည်နဲ့လွှဲခဲ့တာ ကြွေလည်းသိသားနဲ့'

'ကြွေ ကြွေ ကြွေ မယူပါရစေနဲ့ ဦးလေးလှရယ်၊ ကိုလေးကိုရှာပြီး အပ်ပေးပါ နော်'

ကြွေအသံသည် တုန်တုန်ယင်ယင်နှင့် အဖျားခတ်နေသည်။ အေးသွယ်သည် ဖြူတစ်လှည့် နီတစ်လှည့်ဖြစ်နေသော ကြွေမျက်နှာလေးကို အငေးသားကြည့်ရင်း ရင်ခုန်နေသည်။ ဇာတ်လမ်းအဆက်အစပ်ကို နားမလည်သော်လည်း ဟိုတစ်ပိုင်း သည်တစ်စနှင့် ဆက်စပ်ကြည့်နေမိသည်။ အရုပ်ကားချပ် ဖြတ်ပိုင်းလေးများကို ဆက်နေသူနှင့် တူနေမည်ဖြစ်၏။ ကားချပ်ရုပ်ပုံတော့ဖြင့် ပေါ်မလာသေးပါချေ။

'ငါ့လခွေးတယ်မှပဲ၊ နင့် ကိုလေး ငါ ဘယ်မှာ လိုက်ရှာရမှာလဲ၊ သူ့နာမည်နဲ့ထားခဲ့တဲ့ တိုက်တွေ ကားတွေရော ငါဘယ်သူ့လိုက်ပေးရမှာလဲ'

ဦးလေးလှသည် စိတ်ပျက်လက်ပျက် ပြောလေသည်။ ဆံပင်များကျဲပါးစပြုနေသော ငယ်ထိပ်ကို လက်နှင့်ပွတ်ရင်း မကြံတတ်သလိုဖြစ်နေပုံရလေသည်။

'သြော် ဦးလေးလှ သူက ကြွေရဲ့အချစ်ဆုံးသူငယ်ချင်း အေးသွယ်တဲ့၊ သူကတော့ ဘဘသော်ရဲ့ညီ ဦးလေးလှ တဲ့ အေးသွယ်မှတ်ထား၊ မျက်စိကုဆရာဝန်ကြီးပေါ့'

ကြွေသည် ယခုမှပင် သတိရသလို ကြောင်တက်တက်လေး ထိုင်နေသော အေးသွယ်နှင့် မိတ်ဆက်ပေးလေသည်။ အေးသွယ်သည် ဘဘသော်ကိုမသိသော်လည်း သူ့ညီဟုဆိုသည့် ဦးလေးလှကို မပွင့်တပွင့်လေးပြုံးပြမိစဉ် ဦးလေးလှသည် ဦးခေါင်းကိုညွတ်ကာ ရည်မွန်စွာပြောသည်။

'စိတ်မရှိပါနဲ့ တူမရယ်၊ နှစ်နဲ့ချီပြီး ကွဲသွားတဲ့ ကြွေရုပ်မကို တွေ့လို့ ဘေးဘီကို သတိမထားမိဘူး ဖြစ်သွားတယ်၊ နာမည်က အေး သွယ် တဲ့လား'

'ဟုတ်ကဲ့ အေးအေးသွယ်ပါ၊ ကြွေနဲ့ အေးသွယ်ကတော့ သွား အတူ စားအတူပါပဲ ဦးရယ်၊ အိပ်တဲ့အချိန်မှာ တစ်အိပ်ရာစီအိပ်တာက လွဲလို့ အမြဲ တတွဲတွဲပါပဲ'

'အေးကွယ် ဒီလို ခင်ကြ မင်ကြတော့ ကောင်းတာပေါ့၊ သြော် ဒါနဲ့ မိကြွေ သက်နိုင်ကရော ဘယ်နေရာ ဘယ်စခန်းရောက်နေသလဲ'

'ကြွေ ကြွေ မသိဘူး ဦးလေးလှ'

ဦးလေးလှသည် သက်ပြင်းကြီး ဟင်းခနဲချကာ ခေါင်းကို ဘယ် ညာ ယမ်းခါနေလေသည်။ ထူထဲသော မျက်ခုံးမြည်းမြည်းများ အောက် မှ မျက်လုံးများတွင် သောကအရိပ်အရောင်ဖုံးလွှမ်းနေသည်။ မျက် မှောင်ကို မသိမသာချီထားသည့်အတွက်ကြောင့်လော၊ နဖူးပြင် ကျယ် ကျယ်ကြောင့်လောတော့ မသိ၊ သူ့မျက်နှာသည် အသက်ထက် ပိုပြီး ရင့်ကျက်နေလေသည်။

'ငါလည်း နားမလည်တော့ဘူး ကြွေ၊ ညည်းတို့နှစ်ယောက် ဘယ်လို ဘယ်လိုဖြစ်ပြီး တစ်ကွဲစီဇာတ်မြုပ်နေကြရတာလည်း မတွေး တတ်တော့ဘူး၊ ငါဖြစ်စေချင်တာကတော့ သီတာအေးမြဟာ ကိုကြီး သော်တို့ မမသက်တို့ တကယ်နှစ်သက်တဲ့နေရာ၊ သူတို့ရဲ့လက်ငုတ် လက်ရင်းဖြစ်တဲ့ ဒီခြံနဲ့အိမ်ကို ပြုပြုပြင်ပြင် ထိန်းထိန်းသိမ်းသိမ်း ရှိစေ ချင်တယ်'

တစ်လုံးချင်း ဖြည်းလေးစွာပြောနေသော ဦးလေးလှ၏ စကား ကို ကြွေသည် ခေါင်းကလေးငိုက်စိုက်ချရင်း နားထောင်နေသည်။ ချို သည် ခါးသည် တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောသော်လည်း နှုတ်ခမ်း လေး များ မသိမသာ တုန်ယင်နေသည်။ နှုတ်ခမ်းလေးများ တုန်ယင်နေ သည်

မှအပ ကြွေ တစ်ကိုယ်လုံး ကျောက်ရုပ်ကလေးလို ငြိမ်သက်နေ သည်။ ကြွေအသားများကို ကိုင်စမ်းလိုက်လျှင် ကျောက်သားကဲ့သို့ အေးစက်နေလေမည်လားဟု အေးသွယ် မရဲတရဲ တွေးနေမိလေသည်။

ကြွေခေါင်းကို ခပ်သာသာလေး ပုတ်ကာ ကရုဏာပြုံးပြုံးရင်း နှုတ်ဆက်သွားသော ဦးလေးလု ပြန်သွားသည်အထိ ကြွေသည် ခေါင်းကလေး ငိုက်စိုက်ချဆဲသာ ဖြစ်သည်။

အင်းလျားရေပြင်ကို ဆည်းဆာနေဟပ်ပြီး တလက်လက် တဖျပ်ဖျပ် အရောင်တောက်ပနေသည်။ ရေရောင်နှင့် နေရောင်သည် ကြွေမျက်နှာကို မသိမသာလေး ဟပ်နေသည်။ သွေးဆုတ်ကာ ဖြူရော်ရော်ဖြစ်နေသော အသားရောင်ကို နီပြေပြေ နေခြည်က ရိပ်ရိပ်လေးထိုးနေသည်။

'ကြွေရယ် အဆောင်တောင်ပိတ်ခါနီးရော့မယ် ပြန်ကြစို့နော်'

အေးသွယ်သည် ချွေးစေးများပြန်နေသော ကြွေလက်ဖဝါးကို ညှစ်ကိုင်ရင်း တိုးတိုး ပြောလိုက်သည်။ ကြွေသည် အေးသွယ်ကို လေးကန်စွာမော့ကြည့်လေသည်။ စင်းရှည်သော မျက်တောင်ထူထူတွင် မျက်ရည်စများ တွဲလဲခိုလာသည်။

'ကြွေရယ် ဘာဖြစ်နေတာလဲ ကြွေ သီတာအေးမြကိုပြန်ရင် အေး သွယ်လည်း လိုက်ခဲ့မယ်လေ၊ အိမ်ကူရှင်းပေးမှာပေါ့'

'ကြွေ ကြွေ မပြန်ရဲဘူး အေးသွယ်၊ မပြန်ရဲပါဘူး'

ကြွေသည် ရှိုက်ငင်ရင်းမှ ခပ်တိုးတိုး ပြောသည်။ ကြွေမျက်လုံး ညိုညိုလေးများသည် ခိုကိုးရာမဲ့သလို မျက်ရည်များဝိုင်းကာ အရည်လည်နေသည်။ အေးသွယ်၏ လက်ကို တင်းတင်းဆုပ်ထားရင်းမှ ဆောက်တည်ရာမရ ပြောလေသည်။

'ကြွေ မကောင်းဘူး အေးသွယ်ရယ်၊ ကြွေ ကြွေလေ သိပ်ဆိုးတယ်၊ ကြွေကြောင့် ကြွေကြောင့်'

❖

'ကြွေ မင်းကြောင့် မင်းကြောင့် ငါတော့ ဒုက္ခပဲ'

မောင်မောင်သည် တစ်ဦးတည်း ညည်းလိုက်မိသည်။ စာအုပ်ကို ကြည့်လျှင် ကြွေကိုမြင်သည်။ ပုံဆွဲစာရွက်တွင်လည်း ကြွေက ထင်လာသည်။ ခြင်ထောင်အမိုးတွင်ပင် ကြွေ့ရုပ်သွင်က ရေးရေးပေါ်သည်။ မောင်မောင် ဘာလုပ်ရမည်ပင် မသိတတ်အောင် ရှိတော့သည်။

'မောင်မောင် မင်းလူလိမ်ပဲ'

မျိုးဝင်း၏အသံကိုကြားယောင်မိသောအခါ မသိမသာ ပြုံးမိလေ သည်။ မျိုးဝင်းသည် မောင်မောင်၏ စိတ်အလျဉ်ကို မောင်မောင်ထက် စောစွာသိရှိခဲ့ဟန်တူသည်။ မောင်မောင်သည် မျက်စိကို စုံမှိတ်ပြီး အိပ်ရာပေါ်သို့ မှောက်လျက်သား အိပ်ချလိုက်သည်။ တစ်သက်လုံး ထူးထူးခြားခြား မလှုပ်ရှားခဲ့ဖူးသော မောင်မောင်၏နှလုံးသားသည် ပထမဆုံးအကြိမ်အဖြစ် သွက်သွက်ကြီး လှုပ်ခါနေသည်။ မောင်မောင်သည် သူ့ကိုယ်သူ ဝန်မခံချင်သော်လည်း ကျိတ်ပြီးလက်ခံလိုက်မိသည်၊ လူတည်လူအေး ဘွဲ့ရသော မောင်မောင်ကို ကြွေဟူသည့် မိန်းကလေးသည် ချစ်တတ်အောင် သင်ပေးခဲ့ပြီဟုဆိုသည်ကိုကား လက်ခံရပေတော့မည်။

'ဘယ်ဆီဘယ်ဝယ် .... မှန်းဆကာလွမ်းမိတယ် ..... ပျိုဖြူ

သဇင်ရယ် ..... စွဲမိပြီပေါ့ ခက်တယ် .... မောင်ငမ်းမှာ တစ်ခါဆုံတယ် .... ကံ့ကော်ပင်အောက်မှာပေါ့ကွယ်'

မျိုးဝင်းသည် သီချင်း တအေးအေးနှင့် ဝင်လာသည်။ အိပ်ရာပေါ်တွင် အားလျားမှောက်ရင်း ငြိမ်နေသော မောင်မောင့်ကိုတွေ့သောအခါ ငြိမ်သွားပြီး အသာကဲကြည့်လေသည်။ မောင်မောင် အိပ်ပျော်နေပါက ပြန်လှည့်ထွက်သွားရန်ဖြစ်သည်။ သို့သော် မျက်စိနှစ်လုံးလုံးပွင့်ပြီး နေ့လယ် အိပ်မက် မက်နေကြောင်းကိုသိရသောအခါတွင်ကား မျက်လုံးကြီးပြူးပြီး အပြေးကပ်လာသည်။

'မောင်မောင်၊ မောင်မောင်၊ ဟောဗျာ ကလူ ကလူ လူ မင်းဘာဖြစ်နေတာလဲ မောင်မောင်'

မောင်မောင်၏ပခုံးကိုလှုပ်ခါပြီး ခပ်သောသော မေးသည်။ မောင်မောင်သည် စိတ်တိုတိုနှင့်မျိုးဝင်း၏လက်ကိုပုတ်ချလိုက်မိသည်။

'ပြူးတူးပြဲတဲနဲ့ ဘာဖြစ်ရတာလဲကွာ'

'ဟောဗျာ မင်းကရော မျက်လုံးကြီး အကြောင်သားနဲ့ ဘာဖြစ်နေတာတုံး'

'ဒီမှာမျိုးဝင်း မျက်လုံးဆိုတာ မှိတ်ချင်တဲ့အချိန်မှာ မှိတ်မှာပဲ၊ ငေးချင်တဲ့အချိန်မှာ ငေးမှာပဲ၊ ကြောင်ချင်တဲ့အချိန်မှာလည်း ကြောင်မှာပဲ၊ အဲဒါ ဘာဖြစ်လဲ'

'အယ် ဘာမှမဖြစ်ပါဘူးကွာ'

လေသံမာမာနှင့်ပြောသော မောင်မောင့်ကို တအံ့တသြကြည့်ရင်း မျိုးဝင်းသည် လေပျော့လေးနှင့် ဖြေလေသည်။ အချောက်တိုက် စိတ်တိုနေသော မောင်မောင့်ကို နားမလည်နိုင်အောင် ဖြစ်သွားပုံရ သည်။

'ငါ အိပ်ချင်တယ် မျိုးဝင်း၊ မင်း စကားများမနေနဲ့၊ ဒါပဲ'

'ဟောဗျာ'

ပွင့်တော်မူပြီးသော မြတ်စွာဘုရားအဆူဆူသာမက ပွင့်တော်မူ

မည့် အရိမေတ္တေယျဘုရားလောင်းပါ ကြွတင်ပြီးကယ်တော်မူပါဟု တမိတော့သည်။ မောင်မောင်တစ်ယောက် ဗိသုကာပုံစံများကို အချွန်၊ အတက်၊ အကွေးအဝိုက်များ ဆောက်လုပ်တီထွင်ရန် အစဉ်းစားလွန်သဖြင့် သွက်ချောင်ချောင်ဖြစ်သွားပြီဟုထင်မိလေသည်။ မင်္ဂလာ တရားသုံးဆယ့်ရှစ်ပါးတွင် ရှေ့ဆုံးမှတင်ပြီး ဟောခဲ့သော အသေဝနာစ ဗာလာနံဟူသောတရားတော်ကို ဆင်ခြင်မိသဖြင့် မျိုးဝင်းသည် ကုပ်ချောင်းချောင်းနှင့်ထရပ်လိုက်လေသည်။ အသားလွတ် စိတ်တိုနေသောသူ ဟူသည်မှာလည်း ရောင်ကြဉ်အပ်သော လူမိုက်ထဲတွင် ပါဝင်လိမ့်မည် ထင်သည်။

'မျိုးဝင်း'

မျက်နှာကလေးငယ်ပြီး ကုပ်ချောင်းချောင်းနှင့် လှည့်ထွက်သွားသော မျိုးဝင်းကို မောင်မောင်သည် ဖြုန်းခနဲလှမ်းခေါ်လိုက်မိသည်။ မိမိကိုယ်မိမိ စိတ်တိုင်းမကျလေတိုင်း သည်းညည်းခံသော သူငယ်ချင်းကို ဖိမဲမိသည်မှာ လုံးဝ မသင့်တော်သည်ကို မောင်မောင် အချိန်မီတွေးမိသောကြောင့် ဖြစ်သည်။

'လာပါ မျိုးဝင်းရာ၊ ငါ အလကားပြောတာ၊ လာ ထိုင်၊ စကားပြောပါဦး'

'အဲဗျာ'

မျိုးဝင်းသည် ပါးစပ်အဟောင်းသားနှင့် မောင်မောင့်ကို လှည့်ကြည့်လေသည်။ မောင်မောင်က နှစ်လိုဖွယ်ပြုံးပြသောအခါမှ ပိုဆိုးတော့သည်။ အခန်းအပြင်သို့ခုန်ကာ ပေါက်ကာနှင့် အလျင်အမြန်ဆုတ်ခွာသွားလေသည်။

'မောင်မောင် ခွေးသား မင်း ဘာဖြစ်နေလဲ၊ စိတ်မှန့်သေးရဲ့လား၊ တော်ပြီ၊ တော်ပြီ'

လက်ကိုခါယမ်းပြီး သွက်သွက်ကြီး ထွက်ခွာသွားသော မျိုး

ဝင်း သည် မကျေမနပ်နှင့် အော်ဟစ်သွားသည်။ မျိုးဝင်း၏ကျောပြင်ကို ကြည့်ရင်း မောင်မောင်တစ်ယောက်တည်း တွေတွေဝေဝေ ကျန်ခဲ့သည်။ မျိုးဝင်း၏နောက်သို့ ပြေးလိုက်ပြီး ကျောပြင်ကို ဖြန်းခနဲရိုက်လိုက်ချင်သော်လည်း နေရာမှ မရွှေ့ရှားမိချေ။ ဂုန်းခနဲ ပြန်ပိတ်သွားသော အခန်းတံခါးကိုစိုက်ကြည့်ရင်း ငြိမ်နေမိသည်။

အတန်ကြာ ငြိမ်နေပြီးသောအခါတွင်ကား မောင်မောင်သည် မျက်စိကို စုံမှိတ်ကာ သက်ပြင်းရှိုက်လိုက်သည်။ ကိုကြီးအောင်၏စားပွဲကိုဝေ့ပြီး ကြည့်မိသောအခါတွင်ကား ပြာလွင်လွင် စာရေးစက္ကူကပ်လေးကို တွေ့ရသည်။ စာရေးစက္ကူကို လှမ်းယူလိုက်သောအခါ မောင်မောင့် လက်ချောင်းလေးများသည် မသိမသာ တုန်နေသည်။ ထို့နောက် စာတစ်စောင်ကို ရေးချမိသည်။

ကြွေ

ကျွန်တော့်ကို ဘာလုပ်ထားလဲဗျာ၊ ကြွေကို ကျွန်တော် ချစ်နေပြီ။

မောင်မောင်

❖

'ကြွေတဲ့ ကျွန်တော့်ကို ဘာလုပ်ထားလဲဗျာ တဲ့လား၊ ဟောတော့ ကြွေကို ကျွန်တော်ချစ်နေပြီ။ မောင်မောင်တဲ့ တော့'

အေးသွယ်သည် ကြွေကမ်းပေးလိုက်သော စာရွက်ပြာပြာလေးကို လှမ်းယူလိုက်သည်။ တစ်လုံးချင်း အသံထွက်၍ ဖတ်နေရင်းမှ မျက်လုံးလေးပြူးလာသည်။ ပြုံးမလို မဲ့မလိုဖြစ်နေသော ကြွေ့မျက်နှာလေးသည် ပန်းနုရောင် သန်းနေသည်။

ကြွေ့ဆီကိုမလာစဖူး အလာထူးလှသော တစ်စောင်တည်းသော စာပေမို့ စာအိတ်ဖြူဖြူကိုကြည့်ရင်း ကြွေရော အေးသွယ်ပါ အံ့ဩမိ သည်။ စာအိတ်ထောင့်စွန်းတွင် စက်မှုတက္ကသိုလ် တံဆိပ်ကလေးကို မြင်ရသောကြောင့် အေးသွယ်သည် 'ငမ်းမောင်မောင်စောင်းဆီက ဆဲစာ ထင်ပါရဲ့' ဟု ရယ်မောပြီးပြောခဲ့သေးသည်။ တကယ့်ကို သူ့ဆီမှစာဖြစ် လိမ့်မည်ဟုကား မထင်မှတ်မိချေ။

'အမယ်လေးတဲ့တော် ဘုရားစူးရစေ့ ရည်းစားစာ'

အေးသွယ်သည် ဖြုန်းခနဲ ရယ်ချလိုက်ရင်း ညည်းညည်း ညူညူ ပြောသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မောင်မောင်ဟူသည့် လူသည် ကြွေ့ကို ချစ်စကားပြောလာလိမ့်မည်ဟုကား အေးသွယ် မျှော်လင့်မိပြီး ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ ကျွန်တော့်ကို ဘာလုပ်ထား

တာလဲဗျာဟု အစချီသည့် ဘုကန်ကန်စာမျိုးကို ပေးလိမ့်မည်ဟုကား မထင်မှတ်မိချေ။

'ဘယ်လိုလဲမသိဘူး နော'

လူတစ်ဖက်သားကို လှောင်ပြောင်ရန် ဆန္ဒမရှိသော်လည်း ကြွေ့ ကိုကြည့်ရသည်မှာ ရယ်ချင်နေပုံရသည်။ အသက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ မို့ စာရွက်ပြာပြာ၊ ဝါဝါလေးများကို မကြာခဏ ရရှိခဲ့ဖူးသော်လည်း ယခု တစ်ခါလောက် ဆတ်တောက်တောက်နိုင်သောစာကိုကား တစ်ခါမျှ မရ ခဲ့ဖူးချေ။

'ကြုံဖူးပါဘူး ကြွေရယ်၊ လေသံကိုက သူ့ကို တစ်ခုခုလုပ်ထားလို့ ကြွေကပဲပြန်ပြီး တောင်းပန်ရဦးမလိုလို လာ လာသေးတယ်'

ကြွေသည် စားပွဲပေါ်ရှိ ကမ္ဘာ့နိုင်ငံရေး အတွေးအခေါ် စာအုပ်ကြီးကို ငေးငေးကလေးကြည့်နေမိသည်။ စိတ်အစဉ်သည် စကားမြိုင်ရောက်လိုက်၊ သီတာအေးမြသို့ရောက်လိုက်နှင့် ကယောက်ကယက်ရှိရာမှ စာရွက်ပြာလေးကို စူးစိုက်မိသောအခါ စိတ်လွတ်လပ်ပြီး ရွှင်သလိုဖြစ်လာသည်ကား အမှန်ပင်။ ကြွေသာ အေးသွယ်လို စကားအိုးလေးဖြစ်ပါက နံနက်ကဖတ်သော ကာလ်မတ်နှင့် လီနင်၏ဝါဒကိုပင် အရည်မလည်သေး။ ချစ်ဝါဒီ မောင်မောင်က တိုက်စစ်ဆင်လာချေပြီဟု အပြုံးတစ်ဝက်နှင့်ပြောမိမည်ဖြစ်သည်။

'အို အေးသွယ်တော့မုန်းတာပဲ၊ ရည်းစားစာပေးတာကအစကြီးကိုကျယ်လွန်းတယ်၊ ကြွေနော် ပြန်မကြိုက်နဲ့သိလား'

အေးသွယ်သည် နီရဲရဲနှုတ်ခမ်းလေးကိုစုချွန်ပြီး လက်ကလေးပိုက်ကာပြောသည်။ မျက်မှောင်မသိမသာချီထားသော အေးသွယ်၏ မျက်နှာသည် စိတ်ကောက်နေသောကလေးငယ်လေးနှင့်တူနေလေသည်။ ထိုစဉ်တွင် မမနွယ်၏မျက်နှာ ပြည့်ပြည့်ဝိုင်းဝိုင်းလေးသည် တံခါးကြားမှ ပြူထွက်လာသည်။

'ကြွေ ကြွေအတွက် စာတစ်စောင် ကျန်ခဲ့လို့တဲ့၊ စာပို့တဲ့ ဦးလေး ကြီးက ပေးခိုင်းလိုက်တယ်'

စက်မှုတက္ကသိုလ် တံဆိပ်ပါသော စာအိတ်ဖြူဖြူလေးကို မမနွယ် ၏လက်ထဲတွင် တွေ့ရသည်။ အေးသွယ်သည် နှုတ်ခမ်းကို မသိမသာမဲ့ ရင်း မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်သည်။ သူတို့ကကြိုက်လျှင်အလွယ် တကူပြန်ကြိုက်လိမ့်မည်ဟုထင်သည်ကား စက်မှုတက္ကသိုလ်ကျောင်း သားများ၏ အကျင့်ဆိုးဖြစ်သည်။ တစ်နေ့တစ်နေ့ အားတိုင်း ယားတိုင်း စာအစောင်များစွာရေးပို့တိုင်း အေးသွယ်၏ သူငယ်ချင်း လှလှကလေးကြွေက ကြိုက်လိမ့်မည်မဟုတ်ကြောင်းကို သူတို့သိစေချင်သည်။ကျောင်း စွဲကြီးလှသောအေးသွယ်သည် ဘတ်စကက်ဘော ပြိုင်ပွဲတုန်းက တန်းပြီး မှတ်မိထားသော မောင်မောင့်ကို တယ်ပြီး အငြိုးမပြေချင်ပေ။

ကြွေက စာရွက်ပြာလေးကိုထုတ်ယူပြီး ဖတ်နေသောအခါတွင်မူ စပ်စုမလေးအေးသွယ်ခမျာ အငြိမ်မနေနိုင်ရှာပေ။ ကြွေခါးကိုဖက်ရင်း နောက်ဘက်မှစီးကြည့်ပြီး လိုက်ဖတ်မိသည်။

'ကြွေ'

ကျွန်တော်မေ့သွားလို့ဗျာ၊ ကျွန်တော့်စာကို အေးသွယ်ဆိုတဲ့ တစ္ဆေမလေးကို မပြပါနဲ့နော်။

မောင်မောင်

'သေပါတော့ အေးသွယ်၊ သေပါတော့'

အေးသွယ်သည် သူ့နဖူးသူရိုက်ပြီး ခုတင်ပေါ်သို့ဝုန်းခနဲပစ်လှဲလိုက်သည်။ ကြွေကမူ စာရွက်ကလေးကိုကိုင်ရင်း အေးသွယ်ကို တအံ့တဩလှမ်းကြည့်သည်။ ငိုမလို ရယ်မလို အူချာချာဖြစ်နေသော အေးသွယ်၏မျက်နှာထားကြောင့် ကြွေသည် မရယ်စဖူး တသိမ့်သိမ့် ရယ်တော့သည်။

'ရယ် ရယ်စမ်း သေအောင်ရယ်'

အေးသွယ်သည် ပါးနှစ်ဖက်ကို ဖောင်းနေအောင်စူထားရင်း ရှုံ့ မဲ့မဲ့ပြောသည်။ ထို့နောက် တသိမ့်သိမ့်ရယ်နေသော ကြွေ့ကို ခပ်ငေးငေးလေး ကြည့်နေလေသည်။ ကြွေ ထိုကဲ့သို့သာ မကြာခဏ လန်းလန်းရွှင်ရွှင်လေး ရယ်မည်ဆိုပါက အေးသွယ် တစ္ဆေဖြစ်ရကျိုးနပ်မည် ထင်သည်။

❖

'ကြည့်စမ်း ကြွေ ကြည့်စမ်း ဒီဓာတ်ပုံကို အေးသွယ်ကို တစ်ခါမှမပြဘူး'

အေးသွယ်သည် ကြွေ၏ နေ့စဉ်မှတ်တမ်းစာအုပ် နီနီလေးထဲမှ တစ်ပိုင်းတစ ထိုးထွက်နေသော ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်သည်။ ကြွေသည် အေးသွယ်လက်ထဲပါသွားသော ဓာတ်ပုံလေးကို ပြန်ယူမလို လက်ကမ်းပြီးမှ အသာငြိမ်နေလေသည်။

မွန်ရည်သားနားသော အသက်ငါးဆယ်ခန့် လူကြီးတစ်ဦးနှင့် မိန်းမကြီးတစ်ဦးတို့သည် ယှဉ်လျက် ထိုင်နေကြ၏။ ဝတ်စားထားသော အဝတ်အစား၊ လက်ဝတ်ရတနာများနှင့် အဆင်အပြင်ကိုကြည့်ပြီး အဆင့်အတန်းမြင့်သော မိသားစုဖြစ်မှန်း သိသာလှသည်။ သူတို့နောက်ဘက်တွင် ယှဉ်လျက်ရပ်နေကြသော သူနှစ်ဦးသည်ကား ငယ်ရွယ်နုပျိုလှသည်။ ကြွေနှင့်ယောက်ျားပျိုတစ်ဦးဖြစ်လေသည်။ စိတ်ပါလက်ပါ ရယ်မောနေသော ကြွေမျက်နှာလေးသည် ဓာတ်ပုံထဲတွင်ပင် ရွှင်ချိုနေသည်။ ကြွေဘေးတွင်ရပ်နေသော ယောက်ျားပျိုသည် ကြွေ့ထက်ခေါင်းတစ်လုံးခန့် အရပ်မြင့်လေသည်။ ထူထဲသောမျက်ခုံး၊ စူးရှသောမျက်လုံးများနှင့် စင်းနေသော နှာတံကြောင့် လူချောတစ်ဦးဟု အသိ အမှတ်ပြုနိုင်သည်။ ပါးလျားသောနှုတ်ခမ်းများကို တင်းတင်းစေ့ပြီး ပြုံးနေလေ သည်။

'ရှေ့ကထိုင်နေတာ ဘဘသော်နဲ့ မေမေသက်လေ'

အေးသွယ်မမေးမီ ကြွေက ကြိုပြီးအဖြေပေးသည်။ သို့သော်လည်း ဓာတ်ပုံကိုမကြည့်ဘဲ မျက်နှာလွှဲထားလေသည်။ အင်းလျားတွင် သိက္ခမ်းခဲ့ရသော ဦးလေးလှ၏ အစ်ကိုဆိုသည့် ဘဘသော်ကို အေးသွယ် ဓာတ်ပုံဖြင့် မြင်ဖူးချေပြီ။ နောက်ဘက်တွင်ရပ်နေသော ကိုလူချောသည် ဘဘသော်၏ မျက်ခုံးမျက်လုံးနှင့် မေမေသက်၏ပါးလျလျနှုတ်ခမ်းကို ပိုင်ဆိုင်သူမို့ သူတို့နှစ်ဦး၏သားမှန်း မပြောဘဲသိသာသည်။

'ဒီလူက သူတို့သားလား'

'ဟုတ်တယ်'

'ကြွေ ကိုလေး ဆိုတာလား'

'အင်း'

'လူချောပဲ'

'အင်း'

'အေးသွယ်ကို ပေးမလား'

ပြောင်ချွတ်ချွတ်လေးပြောသော အေးသွယ်ကို ကြွေသည် ငေးငေးလေးကြည့်နေသည်။ ညိုလဲ့သော ကြွေ၏မျက်လုံးလေးများသည် မှိုင်းနေသည်။

'အေးသွယ် သူ့ကိုတွေ့အောင် ရှာနိုင်မှာမို့လား'

'သူက ဘယ်မှာမို့လဲ'

'အဲဒါကို ကြွေလဲ သိချင်နေတာပေါ့ အေးသွယ်ရယ်'

'သူနဲ့တွေ့ချင်လို့လား'

'သူနဲ့လား ကြွေ မတွေ့ရဲပါဘူး'

'ဘာဖြစ်လို့'

'ကြောက်တယ်'

ကြွေသည် ကတုန်ကယင်လေး ပြောသည်။ မျက်လုံးကလေး ဝိုင်းဝိုင်းလည်ပြီး နှုတ်ခမ်းများ ဖြူရော်နေသော ကြွေသည် တကယ်ကို ကြောက်ရွံ့တုန်လှုပ်နေပုံရသည်။

'ဘဘသော်တို့ရော မေမေသက်တို့လေ အခု ဘယ်မှာနေကြလဲ'

အေးသွယ်သည် သိချင်စိတ်ကိုလည်း မမျိုသိပ်နိုင်၊ ကြွေ စိတ်မချမ်းသာဖြစ်မည်ကိုလည်း စိုးရိမ်သောကြောင့် သက်သာရာသက်သာကြောင်း စကားလွှဲပြီး စပ်စုမိသည်။ ထိုအခါမှ ပိုဆိုးတော့သည်။ ကြွေ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာလေသည်။

'သူတို့လား သူတို့တွေ သေ သေ ကြ ပြီ၊ အေးသွယ်ရယ် ကြွေ ကြွေကို မမေးပါနဲ့ မမေးပါနဲ့ အေးသွယ်ရဲ့'

ကြွေသည် ခေါင်းအုံးပေါ်သို့ မျက်နှာလေးမှောက်ချပြီး ရှိုက်ငင်နေသည်။ အေးသွယ်သည် ကြွေကိုကြည့်ရင်း သူပါမျက်ရည်ဝိုင်းလာသည်။ နည်းပြတန်းဆရာ မလာသောကြောင့် နှစ်ဦးသား အဆောင်ပြန်လာမိသည်ကိုက မကောင်း၊ ကျောင်းခန်းထဲတွင်ပင် အေးအေးဆေးဆေးထိုင်ပြီး ဆီးင်စေ့စားနေလျှင် ဒီပြဿနာ ပေါ်လာမည် မဟုတ်ချေ။ အေးသွယ်ကလည်း ဆတ်ဆတ်ဆော့ဆော့နှင့်ဓာတ်ပုံကို ဆွဲထုတ်မိမည်မဟုတ်သဖြင့် ကြွေလည်း ငိုရမည်မထင်။ ခုတော့ ငိုမျက်နှာလေးဖြစ်နေမည့်ကြွေကို စာသင်ခန်းထဲ ဘယ်လိုပြန်ခေါ်ရမည်ပင် မသိတော့။

'မငိုပါနဲ့ ကြွေရာ'

အေးသွယ်သည် ငူငူငိုင်ငိုင်လေး ပြောမိသည်။ ကြွေတို့ဇာတ်လမ်းကို အစ၊ အလယ်၊ အဆုံး ဘာကိုမျှ စုံစေ့အောင်မသိရလေတော့မည်ကဲ့သို့ နှစ်သိမ့် ချော့မော့ရမည်နည်း။ အေးသွယ်လည်း မသိတတ်အောင် ရှိတော့သည်။

'မေတ္တာဆိုတာ အေးတယ်တဲ့၊ ကြွေကြားဖူးတယ် အေးသွယ်ရယ်၊ ဒါပေမဲ့ ကြွေအတွက်တော့ သိပ်ပူတာပဲ၊ ကြွေလေ ကြွေချစ်တဲ့ ကြွေ သံယောဇဉ်ရှိတဲ့ လူတွေနဲ့ သေကွဲ ရှင်ကွဲ အကုန်ကွဲရတယ်၊ တစ်ခါ တစ်ခါတော့တွေးမိတယ်၊ ကြွေ မေမေ့ဝမ်းထဲဝင်ဖို့ စကားမြိုင်ကို ရောက်

လာတုန်းက အချိန်ကိုပြန်ရောက်ချင်တယ်၊ ကြွေဝိညာဉ်မှာသာ အသိရှိရင် ဒီသောကမီးတွေကို လှမ်းမြင်ရင် မေမေ့ဝမ်းထဲ မဝင်ဘဲ ချောက်ကြီးထိပ်က စကားပင်မှာပဲကပ်ပြီး စကားပင် တစ္ဆေ လုပ်နေလိုက်တော့မှာပဲ'

'ကြွေကလည်း တွေ့ကရာတွေ တွေးနေတယ်ကွာ၊ အတွေးဆိုတာ ဖြစ်သင့်တာ ဖြစ်နိုင်တာထက် ပိုမတွေးရဘူး ကြွေရဲ့'

ဒီတစ်ခါတော့ အေးသွယ်သည် လူကြီးဆန်ဆန် တရားသံပါပါ နှင့်ပြောမိသည်။ ပြောရင်းမတ်တတ် "အထိမခံ ကြွေပန်းကန် ကြွေပန်းကန်" နှင့် ငယ်စဉ်ဘဝက အော်ဟစ်နောက်ပြောင်ခဲ့ကြသည်ကို သတိရနေမိသည်။ လောက၏ အထုအထောင်း အရိုက်အပုတ်များဖြစ်သော လောကဓံတရားကို မခံနိုင်လောက်အောင် ကြွေသည် နုနယ်ခဲ့ဟန်တူလေသည်။

'စဉ်းစားကြည့်စမ်းပါ အေးသွယ်ရယ်၊ ကြွေ လူမှန်းသိတဲ့အရွယ်မှာ ကြွေဖေဖေ သေခဲ့တယ်၊ နောက် နောက်တော့ မေမေသေပြန်ရော၊ ဒီတော့တစ်ခါ ဘဘသော်နဲ့မေမေသက်တို့ကို အဖေစား အမေစားအနေနဲ့ ကြွေချစ်ခဲ့ရတယ်၊ ဒါပေမဲ့ သူတို့တွေလည်း မရှုမလှ၊ အို အေးသွယ်ရယ် ကြွေလေ ကြွေ'

'ကြွေသည် ထစ်ထစ်ငေါ့ငေါ့ပြောရင်း ခုတင်စွန်းကိုလက်နှင့် တင်းတင်းဆုပ်ထားသည်။ နဖူးပြင်တွင် ဇောချွေးလေးများ စို့နေသော ကြွေသည် လိုက်မောသလို ဖြစ်နေသည်။ အေးသွယ်ပင် ကြွေ့ကိုကြည့်ရင်း တလုပ်လုပ်နှင့် မောလာလေသည်။ သို့သော်လည်း တဖြည်းဖြည်းနှင့် နားလည်သလိုဖြစ်လာသည်။ ကြွေခိုလှုံခဲ့သမျှ မေတ္တာအေးရိပ်များသည် ခက်လက်မစည်ပင်မီ ပြိုလဲကုန်ကျသဖြင့် ကြွေခမျာ ကန္တာရခရီးတွင် အထီးတည်း ပျံသန်းခဲ့ရသော ငှက်ငယ်လေးနှင့် တူလေမည်လား မပြောတတ်ပေ။

'တော်တော့ကြွေ တော်တော့၊ စကားမပြောနဲ့တော့၊ ကျောင်းလည်း ပြန်မတက်နဲ့တော့နော်၊ ငြိမ်ငြိမ်လေး အိပ်နေလိုက်တော့နော်၊ တွေ့ကရာတွေလည်း လျှောက်တွေးမနေနဲ့'

အေးသွယ်သည် လူကြီးဆန်ဆန် ချော့ချော့မော့မော့လေးပြောရင်း ကြွေကို ချည်စောင်ပါးပါးကလေး ခြုံပေးလိုက်သည်။ မျက်ရည်စက်များ တွဲရွဲခိုနေသော မျက်တောင်ရှည်များကို တဖျပ်ဖျပ်ခတ်ရင်း ကြွေသည် ငြိမ်ငြိမ်သက်သက် နားထောင်ရှာသည်။

အေးသွယ် အောက်ထပ်ဆင်းလာသောအခါ နေ့လယ်စာရောက်ချိန်ဖြစ်သည်ကို သတိထားမိသည်။ ရှေ့တန်းစစ်မျက်နှာမှ ချစ်သူက နံပါတ်တပ်ပြီးပေးလေ့ရှိသော အစောင်ကိုးဆယ်မြောက်စာကလေး သူမျှားလက်ထဲရောက်သွားမည်စိုးသဖြင့် မမနွယ်သည် အဆောင်ထဲသို့ အပြေးလေးဝင်လာသည်။

ထူးထူးခြားခြား ရှာရန်မလိုချေ။ စက်မှုတက္ကသိုလ် တံဆိပ်ပါသော စာအိတ်ဖြူဖြူလေးကို အေးသွယ်သည် စာပုံထဲမှ အလွယ်တကူဆွဲထုတ်ယူနိုင်ခဲ့သည်။ အေးသွယ် အခန်းထဲသို့ တစ်ခေါက်ပြန် ဝင်လာသောအခါ ကြွေအိပ်မပျော်သေးချေ။ ကြွေ ဖတ်ခိုင်း၍ အေးသွယ်က စာရွက်ပြာပြာကိုဖွင့်ပြီး ဖတ်ပြရလေသည်။ ကြွေမျက်နှာညှိုးညှိုးလေးသည် ပြုံးရိပ်လေး သန်းသွားသဖြင့် အေးသွယ် မောင်မောင့်ကိုပင် ကျေးဇူးတင်သလို ရှိမိတော့သည်။

ကြွေ

ကျွန်တော့်ကို ဘာလို့ အိပ်မက်တွေ မက်အောင် လုပ်နေရတာလဲ၊ ကြွေ မကောင်းဘူးဗျာ။

မောင်မောင်

❖

ကြွေ

> မနေ့က ကြွေသံပရာရေသောက်နေတုန်း ကြွေခေါင်းက ပန်းလေး ပြုတ်ကျ ကျန်ရစ်တယ်၊ ကျွန်တော် လူမမြင်အောင် တိတ်တိတ်လေးကောက်ခဲ့တာကိုတော့ ကြွေမရယ်နဲ့နော်၊ စကားပန်းလေးက မွှေးတယ်ဗျာ။
>
> မောင်မောင်

မောင်မောင်သည် သူ့စာကို တစ်ခေါက်ပြန်ဖတ်လိုက်ပြီးမှ စာအိတ်ထဲထည့်လိုက်သည်။ စာအိတ်ကို ခေတ္တမျှစိုက်ကြည့်နေပြီး တစ်ခါတည်း အသေပိတ်လိုက်လေသည်။ တော်ကြာနေ မျိုးဝင်းဆိုသည့် အကောင်က စပ်စပ်စုစုနှင့်ဆွဲထုတ်ပြီး ဖတ်ကြည့်နေမည်စိုးသောကြောင့်ဖြစ်သည်။ မောင်မောင့် အနေနှင့် သူ့စာကို ကြွေတစ်ဦးတည်းသာရယ်မောစေလိုသည်။ အေးသွယ်ဟူသည့် တစ္ဆေမလေးက စာကိုဖတ်ပြီး ဟားတိုက်ရယ်မောသည်ကိုကား မောင်မောင် အစိုးရိမ်ဆုံးဖြစ်သည်။ တတ်များတတ်နိုင်လျှင် သူ့ကို ဘွဲ့ထူးအမည်ထူးပေးလိုက်သော အေးသွယ်ကို မောင်မောင် တခြားကမ္ဘာသို့ပို့ပြီး ဂေါ်မစွံ ကိုကြီးအောင်နှင့် ပေးစားပစ်လိုက်ချင်တော့သည်။

'မောင်မောင်ရေ ဟေး ငါ သွားနှင့်ရမလား'

အခန်းအပြင်မှ မျိုးဝင်း၏အသံကိုကြားရသဖြင့် မောင်မောင်သည် သူ့စာကိုအိတ်ထဲသို့ ကတိုက်ကရိုက် ထည့်လိုက်ရသည်။ တော်ပါသေးသည်။ မျိုးဝင်းသည် အတန်းအမီတက်ရန်အရင်လိုနေပုံရသည်။ ခါတိုင်းလို အခန်းထဲသို့ စွတ်ခနဲ ဝင်မလာချေ။ လူအေးကြီး မောင်မောင် မအေးတော့ဘဲ ရင်ပူနေသည်ကိုကား မျိုးဝင်းသေချာမသိသေး။ မည်သူ့အကြံ မည်သူ့ဉာဏ်ကိုမျှမကူဘဲ စိတ်ကူးပေါက်ရာ ကောက်ရေးပြီး စာအစောင်စောင်ပေးနေကြောင်းသာ မျိုးဝင်းသိလျှင် တအား ကလော်ဆဲလေမည်လား၊ အသနားကြီးသနားပြီး စုတ်သပ်လေမည်လား၊ မောင်မောင် အသေအချာ မစဉ်းစားတတ်ချေ။ မောင်မောင် အဆဲလည်း မခံချင်။ အသနားလည်း မခံချင်။ အဟားလည်း မခံချင်။ ဆဲမည်ကိုလည်း စိုးရိမ်သည်။ သနားမည်ကိုလည်း ကြောက်သည်။ ဟားမည်ကိုလည်း လန့်သည်။ ဒီလိုဆိုပြန်တော့လည်း ဆတ်ဆတ် ဆော့ဆော့နှင့် ချစ်မိသော နှလုံးသားကိုပင် အပြစ်တင်ရန်ရှိတော့သည်။ သူသာ အေးအေးဆေးဆေးနေလျှင် မောင်မောင် ယခုလို ရင်ပူရမည် မဟုတ်ချေ။ သြော် နှလုံးသားက စကားပြောလာသောအခါ လူပျော်လည်း မပျော်နိုင်၊ လူရွှင်သည်လည်း မရွှင်နိုင်၊ လူတည် လူအေးသည်လည်း မတည်နိုင် မအေးနိုင်တော့ကြောင်း မောင်မောင် ကိုယ်တွေ့မို့သာ နားလည်ရလေတော့သည်။

'မောင်မောင် မင်း ဘာဝိုင်နေတာလဲ ငါမေးနေတာ တစ်ခွန်းမှလည်း မဖြေဘူး'

'ဟာ'

နားဝတွင်ကပ်ပြီးအော်လိုက်သော မျိုးဝင်း၏အသံသည် ဗုံးကွဲသလို ဟိန်းထွက်လာသည်။ အလန့်လန့်အဖျပ်ဖျပ်ဖြစ်သွားသော မောင်မောင်ကို မျိုးဝင်းသည် မျက်လုံးကြီးပြူးကြည့်နေသည်။ သူဘာ

တွေပြောပြီး ဘာတွေမေးနေသနည်း။ မောင်မောင် တစ်ခွန်းမျှ မသိ၊ တစ်ခွန်းမျှ မကြားမိ။

'မင်း ဘာတွေ မေး မေး နေလို့လဲ'

'မင်းတို့ ပရောဂျက် ဘယ်တော့တင်ရမလဲ မေးတယ်၊ ညနေ လေ့လျှော်သွားဦးမလား မေးတယ်၊ မနေ့ညက မင်းဘယ်အချိန်အိပ်လဲ မေးတယ်၊ မီးကြီးအလင်းထွန်းပြီး အိပ်ပျော်နေတာလား မေးတယ်၊ နောက်ပြီး နောက် ကဲ မင်း ဘာတွေးနေတာလဲ၊ ဘာငေးနေတာလဲ၊ ဘာငိုင်နေတာလဲ၊ မောင်မောင် မင်း ဘာဖြစ်နေတာလဲ'

မျိုးဝင်းသည် မကျေမနပ်နှင့် အော်လိုက်ပြီးမှ လေကိုလျှော့ချကာ မောင်မောင့်ပခုံးကို တင်းတင်းဆုပ်ကိုင်လိုက်လေသည်။ ကိုယ့်အဖြစ်ကို ကိုယ်ရယ်ချင်သလို ပြုံးယောင်ယောင်ဖြစ်သွားသော မောင်မောင့်မျက်နှာကို အသေအချာစိုက်ကြည့်ပြီး အကဲခတ်နေလေသည်။ မောင်မောင်သည် မျိုးဝင်းကို ရယ်ကျဲကျဲနှင့်မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး မျက်လွှာချလိုက်မိသည်။ သူ့မျက်လုံးတွင် ထင်ဟပ်နေမည့်မေတ္တာအရိပ်အငွေ့များကို မျိုးဝင်းမြင်သွားမည်ကို စိုးရွံ့နေမိသည်။

'ငါ အချစ်အကြောင်း အတွေးလွန်သွားလို့'

'ဟောဗျာ ဘယ်က အချစ်လဲ'

'မင်း မသိဘူးထင်တယ် ကိုကြီးအောင်ရဲ့ညီလေ ခင်မောင်ချစ်ဆို တဲ့ချာတိတ်လေး၊ သူ့ကိုယ်သူ အချစ်အချစ်နဲ့ မိန်းမစိတ်ပေါက်သွားလို့တဲ့၊ ကိုကြီးအောင် အရမ်းစိတ်ညစ်နေတယ်'

'အဲဗျာ မနေ့ကတောင်တွေ့သေးတယ်၊ ရယ်နေလိုက်တာ သွား တောင် သုံးဆယ့်နှစ်ချောင်းလုံးပေါ်လို့'

'အဲဒါ စိတ်ညစ်လွန်းလို့ ထွက်သွားတာ စိတ်ပြေလက်ပျောက်ရှိအောင် မတွေးဘဲနေတာကောင်းတယ်တဲ့၊ မင်းလည်း အစဖော်ပြီး သွားမမေးနဲ့ သူ့ခမျာ သိပ် စိတ်ညစ်နေတာ'

'အေးကွာ ညစ်လည်း ညစ်စရာ ကြဲကြဲဖန်ဖန် ယောကျ်ားက များ မိန်းမစိတ်ပေါက်ရတယ်လို့ ငါမေးကြည့်ဦးမယ်'

'မေးမနေပါနဲ့ကွာ ပို စိတ်ညစ်နေဦးမယ်'

'အရိပ်အခြည်ကြည့်ပြီး မေးမှာပါကွ၊ ကူညီတန်ရင်လည်း ကူညီ ရတာပေါ့၊ ဟော့ ဒါက ဘယ်လဲ'

'အေးလေ မင်းသွားနှင့်တော့၊ ငါ စာသွားထည့်လိုက်ဦးမယ်'

'မင်းကလည်း ခုတလော စာတွေထည့်လှချေကလား'

'အိမ်ကို ရေးတာပါကွာ'

ရှေ့တူရူတွင် ကိုကြီးအောင်လျှောက်လာသည်ကိုမြင်သဖြင့် မောင်မောင်သည် စာတိုက်ပုံးလေးရှိရာ လမ်းသွယ်လေးဘက်သို့ ချိုး ကွေ့လိုက်သည်။ ပြောမိပြောရာစွတ်ရွတ်ပြီး သူ့ညီတစ်ယောက်လုံးကို မိန်းမလျာဘဝပြောင်းထားကြောင်းကိုသာ ကိုကြီးအောင်သိလျှင် မောင် မောင် သက်သာမည်မဟုတ်ချေ။ လွတ်ရာ လွတ်ကြောင်း ရှောင်ပြေး သော မောင်မောင့်ကို မျိုးဝင်းသည် မျက်မှောင်ကြုတ်၍ ကြည့်နေလေ သည်။ ရယ်ဖြဲ ရယ်ဖြဲနှင့်လျှောက်လာသော ကိုကြီးအောင်ကိုလည်း ကရုဏာနှင့်ကြည့်မိသည်။ ရင်ထဲတွင်တော့ ရှင်းလှဟန်မတူချေ။

'ကြွေရာ ဒုက္ခပေးလိုက်တာ'

မောင်မောင်သည် အုန်းလက်ကလေးများ အုပ်မိုးနေသော စာ တိုက်ပုံး နီနီလေးဆီသို့ ခပ်သွက်သွက်လျှောက်သွားရင်း တီးတိုးပြော လိုက်မိသည်။

'ကြွေလုပ်တာနဲ့ ကျတော့ကို ကိုကြီးအောင်ကတော့ ဆဲတော့မှာ ပဲ၊ ရေရေလည်လည်ကိုဆဲမှာ၊ သူ့ဆီမှာမရှိတဲ့ညီမျော မိန်းမလျာဘဝ ရောက်ရရှာတာကိုး'

မောင်မောင့်လက်ထဲတွင်သာ စာရွက်နှင့်ခဲတံ အလွယ်တကူရှိ လျှင် ထိုအတိုင်းရေးပြီး နောက်ထပ်တစ်စောင်ကို ဆက်တိုက်ထည့်မိ

လေမည်လား မပြောတတ်ချေ။

မည်သို့ပင်ဆိုစေ၊ ထိုနေ့ညက မောင်မောင် အခန်းသို့မပြန်ရဲ။ ကိုကြီးအောင်တစ်ယောက် တုတ်ကိုင်ရင်းစောင့်နေသည်ဟု အခိုင်အလုံ သတင်းရသောကြောင့် ဖြစ်လေသည်။

❖

'ကြွေရေ ဟေး ကြွေ စာ စာပါတယ် အောင်မယ် ဘာငေးနေတာလဲ တစ်စောင် တစ်မတ် ရွေးရမယ်'

အေးသွယ်သည် စာအိတ်ဖြူဖြူလေးကိုထောင်ပြရင်း ရွှင်ပြုံးစွာ ပြောသည်။ စာအိတ်ကလေးနှစ်အိတ်ကို တစ်ဖက်တစ်အိတ်စီ ကိုင်ထားပြီး အပေါ်ကိုမြှောက်ထားရင်း ကြွေမခံချင်အောင် စ နေသည်။

'မရွေးနိုင်ပါဘူးရှင်'

အင်္ကျီလေးများကို ပြန့်ပြန့်ရန့်ရန့်ဖြန့်ပြီး မီးပူတိုက်နေသော ကြွေသည် မသိမသာလေးငဲ့ကြည့်သည်။ ထို့နောက် ပြုံးရိပ်ရိပ်နှင့် အရေးမစိုက်သလို ပြောလေသည်။

'တကယ် မရွေးဘူးလား'

'ဒါပေါ့'

'တကယ်နော်'

'နှစ်ကယ်'

'ဒီလိုဆိုလည်း နေလေ'

အေးသွယ်သည် အားလျှော့သလိုပြောပြီး လှည့်ထွက်လိုက်သည်။ စာအိတ်ကလေးနှစ်အိတ်ကို ပါးနှင့်အပ်ကာ အခန်းအပြင်သို့ ခပ်သွက်သွက်လှမ်းထွက်ရင်း ကြွေကိုစောင်းကြည့်သည်။ ကြွေကလည်း အေးသွယ်ကို စောင်းအကြည့် ကြွေနှင့်အေးသွယ်တို့ အကြည့်ချင်း ဆုံ

မိကြလေသော် နှစ်ဦးလုံး ဖြုန်းခနဲ ရယ်မိကြသည်။ အေးသွယ် သည် စာအိတ်ဖြူလေးကို ရှုံ့ခနဲနမ်းပြီး ကြွေမခံချင်အောင် လျှာထုတ်ပြ သည်။

'ဟေး အေးသွယ် ပြောင်စီစီနဲ့ ဘာဖြစ်နေတာလဲ'

'ဟား ဟား လာ လာ ဝင်းဝင်း လာစမ်းပါ စာဖတ်ရမယ် ဖတ် ရမယ်၊ တစ်စောင်ငါးပြားဘဲပေး'

'ဆယ်ပြား ဆယ်ပြားပေးမယ်'

ဝင်းဝင်းသည် ရယ်မောရင်းအခန်းထဲသို့ဝင်လာသည်။ ဖောင်း ပြည့်သော ပါးလေးများသည် အိနေပြီး ရယ်လိုက်လျှင် မျက်စိပေါက် ကလေးများ အစ်ပြီးပိတ်သွားတတ်သဖြင့် ဝင်းဝင်းရယ်လျှင် ချစ်စရာ ကောင်းလှသည်။ ရယ်စရာကို ရှာကြံပြီး ထာဝစဉ် ရယ်မောနေတတ်သူ မို့ စိတ်ချမ်းသာပြီး တစ်နေ့တခြား အဝတိုးနေရော့သလားတော့ မသိ ချေ။ အဆောင်ထမင်း အဆောင်ဟင်းစားပြီး ဝ နေသောသူဟူ၍ ဤ ကမ္ဘာတစ်ခွင်လုံးပြေးရှာဦးတော့ ဝင်းဝင်းတစ်ဦးတည်းပင် ရှိမည်ထင် သည်။

'ဟယ် အေးသွယ် မလုပ်နဲ့ မလုပ်နဲ့'

အေးသွယ်သည် စာအိတ်ဖောက်သော ကတ်ကြေးဦးချွန် ကလေးကို လှမ်းယူသောအခါတွင်ကား ကြွေခမျာ ငြိမ်နေနိုင်ရှာတော့ ဟန်မတူ ချေ။ မောင်မောင့်စာကို ဝင်းဝင်းသာ ဖတ်ရလျှင် မောင်းတီး သည်ကမှ ကြာဦးမည် ထင်သည်။ အူတက်အောင်ရယ်ပြီး တွေ့သမျှလူ ကို အကုန် လျှောက်ပြောတော့မည်ဖြစ်သည်။ မောင်မောင်ဟူသည့် ငမ်း မောင်မောင်စောင်းကလည်း သူ့စိတ်ထဲရှိသမျှ တွေ့ကရာရေးတတ် သဖြင့် စိတ် မထင် လျှင် ဝင်းဝင်း၏ ဟာသကွက်ထဲဝင်ပြီး ရယ်မဆုံး ဖြစ်ရတော့မည်ကို ကြွေ လိုလားဟန်မတူချေ။

ထာဝစဉ် အေးအေးချမ်းချမ်းနှင့် ငြိမ်သက်လှသော ကြွေတစ် ယောက် အလန့်တကြားနှင့် သွက်လက်စွာထလာသောအခါ အေးသွယ်

သည် အသံထွက်အောင် ရယ်မောမိလေသည်။ စာအိတ်ကိုအပေါ်ဘက်သို့မြှောက်ထားပြီး အခန်းထဲတွင် ခုန်ဆွ ခုန်ဆွနှင့် လှည့်ပတ်ပြေးနေသည်။ ကြွေ မမီခင် စာအိတ်ကို ဆွဲဆုတ်ပြီး စာရွက်လေးကို ဆွဲထုတ်လိုက်သည်။ ကြွေ့ကို ပေးမလိုလိုနှင့် လက်ရွယ်လိုက်ပြီး ဘေးမှ ဝင်းဝင်းဆီသို့ ဖျတ်ခနဲလှည့်ပေးလိုက်သည်။ ဝင်းဝင်းသည် ခုတင်ကိုပတ်၍ပြေးရင်း စာကို သံနေ သံထားနှင့် အော်ဖတ်လေတော့သည်။

'ကြွေ ရယ် တဲ့ အဟဲ ဟဲ မနေ့က ကြွေ ဝတ်ထားတာ အင်္ကျီအဖြူနဲ့ လုံချည် အပြာ ဖျော့ဖျော့လေး သိပ်ယဉ်တာပဲဗျာ၊ ခုတလောစကားပန်းမကောက်တာလည်း ကြာလှပြီ တဲ့ အဟက် မောင် မောင်တဲ့တော့ ဟောတော့ ပြီးသွားပြီ ရည်းစားစာကလည်း တို တို လေးတော့'

ဝင်းဝင်းသည် ပြေးရင်းလွှားရင်း စာရွက်ကလေးကို ဘယ်ပြန်ညာပြန်ကြည့်ကာ မကျေမနပ်အော်နေသည်။ အေးသွယ်ကမူ မြှောက်ကြွ မြှောက်ကြွနှင့်ပြေးနေသော ဝင်းဝင်းကိုတစ်လှည့် ရှက်သွေးဖြန်းကာမမီမကမ်းလိုက်လုနေသော ကြွေ့ကိုတစ်လှည့်ကြည့်ရင်း ဟက်ဟက်ပက်ပက်ရယ်နေမိလေသည်။ နောက်တစ်ခါ ကြွေ့ကို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ဖြစ်လာစေချင်လျှင် မောင်မောင့်စာကိုလုပြီးဝင်းဝင်းကို ဖတ်ခိုင်းရလိမ့်မည် ထင်သည်။

'အေးသွယ် မကောင်းဘူး အလကားမိအေးသွယ်၊ ဝင်းဝင်းလည်းမကောင်းဘူး အလကား အလကားပဲ'

ကြွေသည် လက်ကိုခါယမ်းရင်း မကျေမနပ်ပြောနေလေသည်။ အေးသွယ်သည် ဟက်ဟက်ပက်ပက်ရယ်ရင်း သူ့လက်ထဲတွင်ရှိသောကျန်စာအိတ်တစ်အိတ်ကိုပါ ဖောက်မည်ပြုသည်။ ကြွေသည် အထိတ်တလန့်နှင့်လှမ်းပြီးဆွဲယူလိုက်သည်။ ကြွေကအလု အေးသွယ်က လက်ရုပ်ပြီး ပြန်ဆွဲယူစဉ် ကတ်ကြေးဦးချွန်လေးသည် အေးသွယ်၏လက်ဖမိုးထဲသို့ စိုက်ဝင်သွားသည်။

'ဟယ် ဟယ် ထိုးမိသွားပြီ ရှူး'

အေးသွယ်သည် ကတ်ကြေးရော စာအိတ်ပါ လွှတ်ချလိုက်ပြီး သူ့လက်ဝါးကို ဖိထားလိုက်မိသည်။ အပေါ်ယံ အရေပြားကိုဟက်ပြီး ခွဲလိုက်သလိုဖြစ်သွား၍ သွေးများရဲနေအောင် ဖြာထွက်လာသည်။

'ဟင် ကြွေကြောင့် ကြွေကြောင့်'

ကြွေသည် သွေးနီနီများကိုကြည့်ပြီး အထိတ်ထိတ် အလန့်လန့် ဖြစ်သွားသည်။ ပါးစပ်က သူ့ကြောင့်ဟု ရေရွတ်နေသော်လည်း နေရာမှ မရွေ့ရှားဘဲ ခပ်ကြောင်ကြောင် ငေးနေလေသည်။

'ဟယ်တော့ မိအေးသွယ် သူပဲဖြစ်တတ်တယ် အနာထပိဏ် ကလေးရယ်၊ နေဦး နေဦး ဝင်းဝင်းဆီမှာ အရက်ပြန်ရှိတယ်'

ဝင်းဝင်းသည် အခန်းအပြင်သို့ ခုန်ပေါက်ထွက်သွားသည်။ အေးသွယ်ကမူ တရှူးရှူးအော်ရင်း သူ့လက်ဖမိုးကိုဖိထားသည်။ ငေးနေသော ကြွေ့ကို အမှတ်မထင် လှျာထုတ်ပြလိုက်ပြီးမှ လန့်သွားသည်။ အေးသွယ်၏အင်္ကျီဖြူတွင် စွန်းပေနေသည့် နီနီရဲရဲသွေးများကို ကြွေသည် သတိလက်လွတ် ငေးကြည့်နေသောကြောင့်ဖြစ်သည်။ ကြွေ မျက်နှာသည် ဖြူရော်နေသောကြောင့်ဖြစ်သည်။

'ကြွေ ကြွေ ဟေး ဘာဖြစ်နေတာလဲ'

အေးသွယ်သည် ခပ်ကျယ်ကျယ်လေး ခေါ်လိုက်မိသည်။ ကြွေသည် ဆတ်ခနဲဖြစ်သွားပြီး အေးသွယ်ကို ငေးကြောင်ကြောင်လေး ကြည့်လိုက်သည်။

'သွေးတွေ သွေးတွေ သွေး အများကြီးပဲနော် ကြွေ သွေးတွေကို မြင်နေတယ်'

ဗလုံးဗထွေးနှင့်ပြတ်တောင်း ပြတ်တောင်း ပြောနေသော ကြွေ အသံသည် ရှိုက်သံပါနေသည်။ အေးသွယ်ကိုကြည့်နေသော်လည်း အေးသွယ်ကို မြင်ဟန်မတူချေ။ တစ်စုံတစ်ခုကို မြင်ယောင်ပြီး တစ်စုံ တစ်ရာ

ကိုကြားယောင်နေဟန်ရှိသည်။ ကြွေ အသိ၊ ကြွေ စိတ်၊ ကြွေ ဝိညာဉ်တို့သည် သီရိဆောင်တွင်မရှိတော့ဘဲ စကားမြိုင်ကိုပဲ လွင့်သွားလေရော့သလား၊ သီတာအေးမြကိုပဲ ရောက်သွားလေရော့သလား အေးသွယ်ရေရေရာရာ စဉ်းစားနိုင်စွမ်း မရှိတော့ချေ။

'ကြွေ ကြွေ ဒီမှာကြည့်စမ်း အေးသွယ်ကိုကြည့်စမ်း သတိထားစမ်းပါ သူငယ်ချင်းရယ်၊'

အေးသွယ်သည် ကြွေပခုံးကိုတင်းတင်းဆုပ်ကာ စိုးရိမ် တကြီးသတိပေးနေမိသည်။ ကြွေသည် အေးသွယ်ကို မျက်တောင်မခတ် ကြည့်နေပြီးမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်လေသည်။ သူ့ကို ကြင်ကြင်နာနာပြုံးပြနေသော အေးသွယ်ကိုကြည့်နေရင်း မျက်တောင် တဖျပ်ဖျပ်ခတ်ကာ ခပ်ဖျော့ဖျော့လေးပြုံးလာသည်။ နှုတ်ခမ်းလေးများတွင် အပြုံးဖျော့ဖျော့လေး ထင်ဟပ်လာသော်လည်း မျက်လုံးညိုညိုလေးများတွင်ကား မျက်ရည်ကြည်များ စိမ့်အိုင်လာလေသည်။

'အောင်မယ်လေး တော်ပါသေးရဲ့၊ အရက်ပြန်က ဖင်ကပ်ကလေးပဲ ရှိတော့တာ၊ ပတ်တီးကတော့ သက်သက်ဆီကတောင်းခဲ့တယ်၊ ဆေး ကတော့ ဘာမှမရှိ နတ္ထိ၊ ဆာလ်ဖာအမှုန့်ကြိတ်ပြီး ထည့်ပေတော့ ရွှေ အေးသွယ်ရေ'

ဝင်းဝင်းသည် အခန်းထဲသို့ ဝုန်းဒိုင်းနှင့် အပြေးပြန်ဝင်လာသည်။ ငေးငေးငိုင်ငိုင်ဖြစ်နေသော ကြွေကို သတိပင်ထားမိဟန်မတူ။ ထရစ်ပယ်ဆာလ်ဖာနှစ်လုံး လက်ထဲထည့်ပြီး အမှုန့်ကြိတ်ခိုင်းနေသည်။ ဝင်းဝင်းနှင့်တွေ့သောအခါမှပင် ကြွေကလည်း လှုပ်ရှားလာတော့သည်။

'တင်ချာ ထည့်မလား ဟင်'

'ရှိလား'

'ရှိတယ် ထင်တယ်'

'အောင်မယ်လေး ပြောပြောက စောရောပေါ့ ကြွေဆိုတဲ့ မိန်း

ကလေးရယ်'

ကြွေသည် သူ့ထင်းရှူးသေတ္တာ အောက်ဘက်တွင်ရောက်နေသော တင်ချာပုလင်းကို ခက်ခက်ခဲခဲ ဆွဲထုတ်ယူလာသည်။ ကြွေ တင်ချာပုလင်းရှာနေစဉ် ဝင်းဝင်းနှင့်အေးသွယ်တို့သည် မဖောက်ရသေးသော စာတစ်စောင်ကို ပြန်ကောက်ပြီးဖောက်ကြသည်။ သူ့စာကို လုဖတ်၍များ အငြိုးနှင့်စပ်သလားမသိ။ ကြွေ့ တင်ချာသည် ဆွေမျိုးမေ့အောင် စပ်လှသည်။

'ရှူး စပ်လိုက်တာ၊ အား မနေ့ညက ဟူး ကျွန်တော် ကြွေတို့ အဆောင်နား ရောက်သေးတယ် တဲ့၊ ရှူး ရှီး ရှီး မကယ်တော့ဘူးလား ကွဲ ငမ်း မောင် မောင် စောင်းရဲ့ ဟဲ ဟဲ ယီး ယီး ရှီး ရှီး'

ဆေးထည့်ရင်းတန်းလန်း အငြိမ်မနေဘဲ ဝင်းဝင်းလက်ထဲမှစာကို နောက်ဘက်မှ ကျော်ဖတ်နေသည်။ စပ်လွန်းသဖြင့် လက်ကိုခါယမ်းကာ တရှီးရှီးအော်နေသော အေးသွယ်၏အဖြစ်ကိုကြည့်ရင်း ဝင်းဝင်းသည် တဟားဟားရယ်နေလေသည်။ ကြွေကမူ ခပ်သဲ့သဲ့လေး ပြုံးနေလေသည်။

အေးသွယ်သည် လက်မှအနာကိုပင် မေ့သွားပြီး စိတ်ထဲတွင် မှိုင်းဝေဝေဖြစ်သွားသည်။ ကြွေ၏ အပြုံးရဲ့ရဲ့လေးနောက်ကွယ်မှ မျက်ရည်ကိုမြင်လိုက်ရသလိုရှိသောကြောင့် ဖြစ်၏။ ကြွေသည် သဲ့သဲ့လေး ပြုံးရင်း ရင်ထဲတွင် တိတ်တိတ်လေး ငိုနေသည်ဟု အေးသွယ် ထင်မိသည်။

❖

ဝင်းဝါသောလရောင်သည် အခန်းထဲသို့ မှုန်မှုန်ဝါးဝါးလေး တိုးဝင်နေသည်။ တစ်ဖက်ခုတင်မှ မမနွယ်၏ဇာခြင်ထောင်ဖြူဖြူလေးသည် လေပြေထဲတွင် လွန့်လူးနေ၏။

'ကြွေ သွေးကို သိပ်ကြောက်တယ်နော်'

'အင်း'

ခုတင်ပေါ်တွင် တစောင်းကလေးအိပ်နေသော ကြွေမျက်နှာကို လရောင်ဝါဝါက ထိုးနေသဖြင့် ဝင်းသောအသားသည် ပိုပြီးဝါနေသည်။ အေးသွယ်ကမေးပြောကလေးပြောသောအခါ ကြွေသည် ခေါင်းကို အသာညိတ်ပြသည်။ အေးသွယ်ကိုမကြည့်ဘဲ မှန်ပြတင်းမှတစ်ဆင့် မြင်နေရသော သစ်ပင်ရိပ် မည်းမည်းများကို ငေးကြည့်နေသည်။

'ဘာဖြစ်လို့ ဒီလောက် ကြောက်ရတာလဲ'

'အေးသွယ်ရယ် သွေးတွေမှ အများကြီး အများကြီးပဲ၊ နီရဲနေတာပဲ၊ ကြွေ ကြွေ ရင်မဆိုင်ရဲပါဘူး အေးသွယ်ရယ်၊ ကြွေ ကြောက်တယ်'

'ဘာဖြစ်လို့ ကြောက်ရတာလဲ'

'ကြောက် တယ်'

'ဘာဖြစ်လို့ ကြောက်ရတာလဲ'

အေးသွယ်သည် ဆင့်ကဲမေးရင်း ကြွေမျက်နှာကို အသေအချာ အကဲခတ်နေမိသည်။ ကြွေမျက်နှာလေးသည် သွေးဆုတ်သွားသလို ဖြူရော်နေပြီး နှုတ်ခမ်းလေးများ တုန်လာသည်။ ကြွေ၏စိတ်များလွင့်ပါး ကုန်ဦးမည်စိုးရိမ်သဖြင့် အေးသွယ်သည် ကြွေလက်ကို တင်းတင်းဆုပ် လိုက်မိသည်။

'ဒီမှာကြည့်စမ်းကြွေ၊ အေးသွယ်ကိုကြည့်စမ်းပါ၊ ကြည့်စမ်း၊ အေးသွယ်ကို စိုက်ပြီး ကြည့်စမ်း၊ တည့်တည့် ကြည့်စမ်းပါ ကြွေရယ်၊ ကဲ ပြော ပြောပါဦး၊ ကြွေ ဘာကိုကြောက်နေတာလဲ၊ ဘာကို စိုးရိမ်နေတာလဲ'

ကြွေသည် အေးသွယ်ကို မလွန်ဆန်နိုင်သလို ငေးစိုက်ကြည့်နေသည်။ ထို့နောက် အထစ်ထစ် အငေါ့ငေါ့နှင့်ပြောလေသည်။ ကြွေအသံများ တုန်ယင်နေသဖြင့် အေးသွယ် နားလည်ရန် မနည်းကြိုးစားပြီး နား ထောင်ရလေသည်။

'ကြွေမေမေဆုံးတော့လေ ဖေဖေ့ရဲ့ငယ်သူငယ်ချင်း ဘဘသော်က လာခေါ်တယ်၊ မေမေသက်ကရော၊ ကိုလေးကရော ကြွေကို သိပ်ချစ်တယ်၊ ကြွေ သီတာအေးမြမှာ သိပ်ပျော်တာပဲ၊ ဒါပေမဲ့ တစ်ခါတစ်ခါ မေမေဆုံးတဲ့ညကို သတိရပြီး အိပ်မက်တွေ အရမ်းမက်တော့ ကိုလေး လေ ကိုလေးက ချော့တယ်၊ အားပေးတယ်၊ လျှောက်လည်ကြတယ်၊ အတူတူ ကစားကြတယ်၊ ဒါပေမဲ့ တစ်နေ့၊ တစ်နေ့တော့ အိမ်ကို စားပြဲ စားပြဲတွေလာတိုက်ကြတယ်၊ အို အို သွေးတွေ သွေးတွေမှ အများကြီးပဲ၊ ဘဘသော်၊ မေမေသက်၊ ဒေါ်ကြီးစု အို အကုန်ပဲ၊ အကုန်သွေးတွေ သွေးအိုင်တွေ၊ အောင်မယ်လေး သွေးတွေ'

စကားပြောရင်း ကြွေတစ်ကိုယ်လုံး တုန်ယင်ကာ တရှိုက်ငင်ငင် ဖြစ်လာသည်။ မျက်လုံးညိုလေးများသည် ခိုကိုးရာမဲ့သူလို ဝိုင်းဝိုင်းလည်နေသည်။ ကြွေသည် အေးသွယ်ကို အကြောင်သားကြည့်ရင်း မျက်

ရည် တစ်စက်မျှမထွက်ဘဲ ရှိုက်ငင်နေလေသည်။ ကြွေ၏ မွေးစား မိဘတို့သည် ဓားပြတို့လက်ချက်နှင့် အသေဆိုး သေခဲ့ကြရဟန်တူသည်။ သွေးပင်လယ်ဝေသောမြင်ကွင်းသည် ကြွေ၏နှလုံးသားနုနုကို အရှိန် ပြင်းပြင်းနှင့်ရိုက်ခတ်ခဲ့သည် ထင်ရ၏။ မိုးသည်းသောညတွင် မွေးမိခင် ဆုံးခဲ့ရသော ကြွေခမျာ သွေးအိုင်ထဲမှ မွေးစားမိဘတို့ကို တစ်ဖန်ကြုံတွေ့ရပြန်သောအခါ နှလုံးသွေးပျက်ခဲ့ရခြင်းဖြစ်သည်ဟု အေးသွယ်ကောက်ချက်ချမိလေသည်။

'ကြွေ တော်တော့ တော်တော့ ဆက် မပြောနဲ့တော့ ကြွေရယ်'

အေးသွယ်သည် ကြွေကိုယ်လုံးကို လှုပ်ခါရင်း ခပ်ဆတ်ဆတ်လေးပြောလိုက်သည်။ ကြွေသည် ဗလုံးဗထွေးပြောရင်းမှ စကားပြောရပ်သွားသည်။ သက်ပြင်းတစ်ချက်ကို ပြင်းပြင်းကြီးရှိုက်လိုက်ပြီး မျက်နှာကိုလက်ဖဝါးနှင့်အုပ်ထားလိုက်သည်။

'နားထောင်စမ်းကြွေ၊ လေပြင်းမုန်တိုင်းဆိုတာသာမရှိခဲ့ရင် သစ်ပင်တွေမှာ ခိုင်မာသန်စွမ်းတဲ့ အမြစ်ရယ်လို့ရှိလာကြမှာ မဟုတ်ဘူးတဲ့။ ဒီတော့ တစ်ဖက်ကနေပြန်လှည့်ပြီး စဉ်းစားကြည့်စမ်း၊ သစ်ပင်တစ်ပင်ဟာ လေပြင်းဒဏ်ကိုခံရပြီဆိုပါတော့ သူ့မှာ သန်စွမ်းတဲ့၊ ခိုင်မာတဲ့၊ ကုပ်အားကောင်းတဲ့ အမြစ်တွေ မရှိမဖြစ်လိုအပ်လာပြီ၊ ဒါတွေမှမရှိရင် သူဟာ ပြိုရတော့မယ်၊ လဲရတော့မယ်၊ ယိမ်းယိုင်ရတော့မယ်၊ မပြိုအောင်၊ မလဲအောင်၊ ဆက်လက်ပြီး ရပ်တည်နေရအောင် လိုအပ်တဲ့ စွမ်းအားကို သူတည်ဆောက်ရမယ်လေ၊ ကြွေ အေးသွယ်ပြောတာကို ခေါင်းအေးအေးထားပြီး သေသေချာချာ စဉ်းစားကြည့်စမ်းပါ'

အေးသွယ်သည် လေသံအေးအေးနှင့် တစ်လုံးချင်း ဖြည်းညင်းစွာ ပြောသည်။ မျက်နှာကို ဖုံးကွယ်ထားသော ကြွေလက်နှစ်ဖက်ကို အသာမပြီး ဘေးသို့ချလိုက်သောအခါ ကြွေသည် အေးသွယ်ကို ငေးငေးလေး ပြန်ကြည့်နေလေသည်။ စင်းရှည်သော မျက်တောင်မည်းမည်း

များအောက်မှ မျက်ဝန်းညိုလေးတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

'ကြွေဘဝဟာ အေးသွယ်တို့လို မအေးချမ်းခဲ့ဘူး၊ မသာယာခဲ့ဘူး၊ မငြိမ်သက်ခဲ့ဘူးဆိုတာကို အေးသွယ်နားလည်ပါတယ်ကွယ်၊ လက်လည်း ခံပါတယ်၊ ဒါပေမဲ့ ကြွေရယ် သေသေချာချာစဉ်းစားကြည့် စမ်းပါ၊ အရင်က မအေးချမ်းခဲ့တာနဲ့ အဲဒါတွေကိုတွေးပြီး အမြဲဝမ်းနည်း နေတော့မလား၊ ချောက်ချားနေတော့မလား၊ ကြွေဟာ အခုမှ ပညာရှာ တုန်းအရွယ်၊ လောကထဲ၊ စီးပွားရေးနယ်ထဲကို လုံးဝမဝင်ရသေးဘူး၊ ကြွေဘဝသက်တမ်းကို အရွယ်နဲ့ပိုင်းရင် သုံးပုံနှစ်ပုံကျော်ကျော်ကျန် သေးတယ်။ ကျန်တဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ကြွေ ပျော်ရ မယ်၊ ရယ်ရမယ်၊ ရွှင်လန်းရမယ်၊ ဒီလိုသာ အမြဲဝမ်းနည်းနေမယ်၊ အား ငယ်နေမယ်၊ ချောက်ချောက်ချားချားဖြစ်နေမယ်ဆိုရင် ရှေ့ရောက် ဘဝ တစ်ခုလုံးရော ဘာအဓိပ္ပာယ်ရှိတော့မှာလဲ'

အေးသွယ်သည် ကြွေ လက်ကို ဖွဖွလေးဆုပ်ပြီး လေသံအေး အေးနှင့် နားဝင်အောင်ပြောမိသည်။ ရယ်မော နောက်ပြောင်ရန်သာစဉ်း စားပြီး ပျော်ပျော်နေလေ့ရှိသော အေးသွယ်ခမျာ ကြွေနှင့်ပေါင်းမိမှ စိတ်ညစ်ခြင်း၊ ဝမ်းနည်းခြင်းကို တရင်းတနှီး ကြုံတွေ့ရဟန်ရှိသည်။ ကြွေနှင့် ပေါင်းမိလေတော့လည်း တစ်ခါမှ မသုံးမစွဲမပြောဖူးသော အဘိဓမ္မာဆန် ဆန် ဖျောင်းဖျစကားများကို ပြောတတ် ဆိုတတ်လာရချေပြီ။

'လုပ်သင့်တာကို လုပ်ထိုက်တဲ့အချိန်မှာလုပ်ရမယ် ကြွေ၊ ဒါကို နားလည်ထားစမ်းပါ၊ အတိတ်ဆိုတာ မေ့ကောင်းပျောက်ကောင်းတဲ့ အရာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ အတိတ်ကိုတွေးပြီး အနာဂတ်ကို တော့ မချေဖျက်သင့်ဘူး ကြွေ၊ ဒါကို ကြွေ တွေးစေချင်တယ်၊ လက်ခံစေချင်တယ်'

ကြွေသည် ပင့်သက်တစ်ချက်ရှိုက်ရင်း ခေါင်းငုံ့လိုက်သည်။ ဘဘသော်နှင့် မေမေသက်ကို ချောက်ချားစဖွယ် မြင်ယောင်လာသော

အခါ မျက်စိကိုစုံမှိတ်ထားလိုက်မိသည်။ ရင် အခုန်မြန်ပြီး အသက်ကို မှူဉ်းမှူဉ်းလေး ရှူနေသည်။

'ကြွေ ကြောက်စရာနဲ့ကြုံခဲ့တယ်၊ ချောက်ချားစရာ အဖြစ် အပျက်တွေနဲ့ တွေ့ခဲ့တယ်၊ ထိတ်လန့်စရာတွေ ဖြစ်ခဲ့တယ်၊ ဒါကြောင့် လည်း ကြောက်ခဲ့တယ်၊ ချောက်ချားခဲ့တယ်၊ ထိတ်လန့်ခဲ့တယ်၊ ထားပါ တော့၊ ပြီးတာက ပြီးခဲ့ပြီပဲ အဲဒါတွေက ပြီးခဲ့ပြီပဲ၊ ဒီအတိတ်အပေါ်မှာ မူတည်ပြီး ကြွေရဲ့ဘဝကို မတည်ဆောက်ပါနဲ့၊ အခု ပစ္စုပ္ပန်မှာ ရွှင်ရွှင် နေပြီး ပျော် စရာကောင်းတဲ့အနာဂတ်ကို တည်ဆောက်သင့်တယ်'

'ကြွေ ကြွေကို ဘာလုပ်စေချင်နေသလဲ အေးသွယ်ရယ်'

ကြွေ့အသံသည် ပျော့ပြီး တိုးညင်းလှသည်။ အားငယ်စိုးရွံ့မှု လွှမ်းနေသော မျက်လုံးညိုလေးများနှင့် အေးသွယ်ကို အားကိုးတစ်ကြီး ကြည့်နေလေသည်။ မှန်ပြတင်းမှတိုးဝှေ့လာသော အေးမြမြ လေသည် ကြွေဆံပင်နက်နက် ပျော့ပျော့များကို ဝှေ့ကာ ဝိုက်ကာနှင့် ဆော့ကစား နေသည်။ လရောင်ရိပ်ရိပ်တွင် ဆံကေသာ လေတွင်လွင့်နေသော ကြွေ သဏ္ဌာန် နွဲ့လျလျလေးသည် နတ်သမီးပုံပြင်များထဲမှ ကျိန်စာမိနေသော မင်းသမီးလေးနှင့် တူနေသည်။ တောင်ဝှေးထောက်ကာ ထောက်ကာနှင့် သွားရသော မျက်နှာစုတ်ချွန်းချွန်း ခါးကုန်းကုန်းနှင့် စုန်းမအိုကြီးသည် ကြွေမင်းသမီးလေးကို "ထိတ်လန့်စိုးရွံ့ခြင်း နတ်မင်းဖမ်းစားပါစေသား" ဟု ကျိန်စာတိုက်ခဲ့လေရော့သလားဟု ကလေးဆန်ဆန် တွေးနေမိရင်း အေးသွယ် ပြုံးလိုက်မိသည်။

'အေးသွယ်လေ ကြွေ့ကိုပျော်စေချင်တယ်၊ သွက်သွက်လက် လက် ရွှင်ရွှင်လန်းလန်းရှိစေချင်တယ်၊ ဘဝအတွက် သတ္တိအပြည့်၊ အား အပြည့် ရှိစေချင်တယ်၊ ကြွေရာ ပျော်ချင်ရဲ့လား ဟင်'

'ပျော်ချင်တာပေါ့ အေးသွယ်ရယ်'

'ဒီလိုဆိုရင် ကြွေမေ့ပစ်ရမယ် အားလုံးကိုမေ့ပစ်ရမယ်။ စကား

မြိုင်ကိုရော၊ သီတာအေးမြကိုရော၊ ဘဘသော်နဲ့ မေမေသက်ကိုရော၊ နောက်ပြီး နောက်ပြီး ကြွေကိုလေးကိုရော အားလုံးကို စိတ်ထဲက ဖျောက် ပစ်လိုက်'

'ဘုရား ဘုရား ကြွေ ဘယ်လိုမေ့ရမှာလဲ'

ကြွေသည် ဘုရားတရင်း ကတုန်ကယင်လေး ပြောသည်။ အေး သွယ်သည် ကြွေလက်ကို တင်းတင်းညှစ်ကိုင်ပြီး ကြွေမျက်ဝန်း ညိုညို လေးများကို တည့်တည့် စူးစိုက်ကြည့်လိုက်သည်။ ကြွေသည် အေး သွယ်ကို ခေတ္တမျှငေးနေပြီး မျက်တောင်ရှည်များကို တင်းတင်းစေ့ ပြီး ပိတ်လိုက်သည်။ အသက်ကို ရှိုက်၍ ရှူရင်း နှုတ်ခမ်းကိုကိုက်ထား သည်။ တစ်စုံတစ်ခု ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရသလို ကြွေ့ မျက်နှာသည် ဖြူရော်လာသည်။ အေးသွယ် ဆုပ်ကိုင်ထားသော ကြွေ လက်ဖဝါးလေးများသည်လည်း ချွေးစေးပြန်ကာ အေးစက်လာ သည်။

'ကြွေ မေ့ရမယ် မမေ့ရင်တောင် မတွေးဘဲနေနိုင်ရမယ်၊ မပျောက် ပေမယ့် ဖျောက်ထားရမယ်'

အမိန့်ပေးသလိုပြောနေသော အေးသွယ်၏စကားကို နား ထောင်ရင်း ကြွေ နှုတ်ခမ်းလေးများ တုန်နေသည်။ မျက်စိကို စုံမှိတ် ထား ရင်းမှ တိုးတိုးလေး ပြောလေသည်။

'ကြွေ ကြွေကို အချိန်ပေးပါ အေးသွယ်ရယ်'

❖

ဝါးရုံ နွဲ့နွဲ့လေးသည် လေပြည်ထဲတွင် ယိမ်းညွှတ်နေသည်။ ဝါးဖူး ဝါး ညွှန့်ပျော့ပျော့လေးများကမူ လေယဉ်တွင် အငြိမ့်စီးပြီး ဘယ်ညာငိုက် နေကြသည်။

'အဲဒီ ဂျပ်ဆင်မျှော်စင်နားက ဝါးရုံနားမှာ သရဲရှိတယ်တဲ့ မောင်၊ ဟိုတစ်ခါ အော်စကာဖြတ်သွားတုန်းက သူ့နာမည်ခေါ်သံကြား ရတယ် တဲ့၊ သရဲမှ မိန်းမသရဲ၊ အသံက ချိုချိုအေးအေးလေး တဲ့'

မောင်မောင်သည် ဝါးရုံလေးကိုကြည့်ရင်း မျိုးဝင်းပြောခဲ့ဖူး သော စကားကို သတိရမိသည်။ မျိုးဝင်းသည် သူမတူအောင် သရဲ ကြောက်တတ်သူဖြစ်သည်။ ယောကျ်ားရင့်မကြီးဖြစ်သော်လည်း ညဉ့် တိုင် အိမ်သာကိုပင် တစ်ဦးတည်းမသွားရဲလောက်အောင် သတ္တိကောင်း သူ ဖြစ်၏။ သူကြောက်တတ်မှန်းသိ၍ ခြောက်သူတို့က ကြံဖန်ပြီးခြောက် ကြသည်။ သရဲနှင့်ပတ်သက်လျှင် မျိုးဝင်းသည် မခွင်းမချန် အကုန်ယုံ ပြီး ဒိုင်ခံ ကြောက်သည်သာဖြစ်သည်။ ယခုလည်း အော်စကာက ဂျပ် ဆင် မျှော်စင်အကြောင်း စာတမ်းရေးသည့်မျိုးဝင်းကို ကြံကြံဖန်ဖန် ဖြီးလိုက် ဟန်တူသည်။ မျိုးဝင်းကြောက်တတ်ပုံကိုတွေးပြီး မောင်မောင် တစ်ဦး တည်း ပြုံးလိုက်မိသည်။ သို့သော် ဂျပ်ဆင်မျှော်စင် သရဲခြောက် သည်ဟု ကိုကြီးအောင်လည်း ပြောဖူးသည်ကို သတိရမိပြန်သည်။

'ကိုမောင်မောင်'

'ဟာ'

မောင်မောင်သည် ဝါးရုံလေးကိုကြည့်ရင်း ခေါင်းကြီးသွားသည်။ သူ့နောက်ဘက်မှခေါ်သံကြားလိုက်ရကြောင့် ဖြစ်သည်။ "သရဲမှ မိန်းမသရဲ၊ အသံက ချိုချိုအေးအေး" ဟူသော မျိုးဝင်းစကားကို ကြားယောင်ပြီး ကြက်သီးပင် ဖြန်းခနဲ ထသွားပြီး စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားသည်။

'ကိုမောင်မောင်'

'အယ်'

ခေါ်သံသည် နောက်ဘက်မှကပ်ပြီး ပေါ်လာပြန်သည်။ တနင်္ဂနွေနေ့ လူရှင်းသော နေ့လယ်အချိန်ဖြစ်၍ လူသွားလူလာကလည်း ပြတ်လှသည်။ မိန်းမသရဲကလည်းကုပ်ချိုးတတ်သည်မို့ ကြောက်ရမည်သာ ဖြစ်သည်။

'ဒီ ဒီမှာ ကိုမောင်မောင်'

အသံရှင်ကအနားကပ်လာသောအခါ မောင်မောင်လည်း မနေသာတော့ချေ။ ရတတ်သရွေ့ ဘုရားစာကို စိတ်ထဲတွင်အမှီးအမောက် မတည့်လှစွာ ရွတ်ဖတ်ရင်း နောက်ဘက်ကို မသိမသာ စောင်းကြည့်လိုက်သည်။ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ဆံတိုကုပ်ဝဲ သရဲမလှလှလေးသည် မရွံ့မရဲ ပြုံးပြလေသည်။ ထိုအခါမှ မောင်မောင်သည် အလန့်တကြား ထခုန်မိတော့သည်။ အမွေးစုတ်ဖွားနှင့်လျှာကြီးတစ်တောင်လောက် တန်းလန်းချထားသော သရဲမကြီးကိုတွေ့ရသည်ကမှ တော်ပေဦးမည်။ ယခုတွေ့ရသည်ကား မောင်မောင် ကြောက်လှသည့် အေးသွယ်။

မောင်မောင် လန့်လှသည့် အေးသွယ်။

မောင်မောင် ရွံ့လှသည့် အေးသွယ်။

ထို အေးသွယ် အနီးအေးသွယ်ကို မျက်လုံးပြူးကြည့်ရင်း မောင်

မောင် ဖြုန်းခနဲ နောက်ဆုတ်မိသည်။

'ကျွန်မက သရဲမဟုတ်ပါဘူးရှင်၊ ဘာလို့ ဒီလောက် လန့်သွားရတာလဲ၊ အဲ ကိုမောင်မောင့် စာထဲကအတိုင်းဆိုရင်တော့ အေးသွယ်ဆိုတဲ့ တစ္ဆေမလေးပေါ့ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့ခင်ဗျ'

မောင်မောင်သည် ယောင်ချာချာနှင့် ခေါင်းကို ဆတ်ခနဲညိတ်ကာ ထောက်ခံလိုက်မိသည်။ အေးသွယ်၏ မျက်ဝန်းလဲ့လဲ့တွင် ပြုံးရိပ်လေးများသန်းသွားသော်လည်း မရယ်ချေ။ လက်ကလေးနှစ်ဖက်နောက်ပစ်၍ရပ်ရင်း မောင်မောင့်ကို အကဲခတ်သလို ကြည့်နေသည်။

'ကျွန်မ ဒီနားက တမင်လာစောင့်နေတာ ကိုမောင်မောင်နဲ့များ တွေ့ရမလားလို့ ခုတော့ စောင့်ရကျိုးနပ်သွားတာပေါ့'

'ဘာ ဘာဖြစ်လို့လဲ'

'စကားပြောချင်လို့ပါ၊ စကားပြောဖို့ဆိုတာထက် ကြွေ့အကြောင်း ဆွေးနွေးချင်လို့ ဆိုပါတော့'

'ကြွေ့ အကြောင်း ကြွေ့ ဘာဖြစ်လို့လဲ'

မောင်မောင်သည် ပျာပျာသလဲ မေးလိုက်မိသည်။ စိုးရိမ်တကြီး ဖြစ်သွားသော မောင်မောင့်မျက်နှာရိပ်ကိုကြည့်ရင်း အေးသွယ်သည် မသိမသာလေး ပြုံးလိုက်လေသည်။ သို့သော်လည်း အမှတ်မထားမိ သလို ဝါးညွန့်ကလေးတစ်ညွန့်ကိုချိုးလိုက်ပြီး လက်ထဲတွင် လှည့်ကစား နေသည်။ အေးစက်စက် လုပ်နေသော အေးသွယ်၏ အမူအရာကိုကြည့် ရင်း မောင်မောင် စိတ်စောနေမိသည်။

'ကြွေ့ ဘာမှ မဖြစ်ပါဘူးရှင်၊ အခုတော့ ဘာမှ မဖြစ်သေးပါဘူး။ ကျွန်မတို့တွေ လမ်းလျှောက်ရင်း စကားပြောကြရအောင်လား၊ အဆောင်ဘက်ကိုတော့ သွားလို့မဖြစ်ဘူး ကြွေ့ရှိတယ်'

သို့နှင့်ပင် မောင်မောင်သည် သူကြောက်လှသော ဆတ်ဆတ်

ကျဲ မလေး အေးသွယ်နှင့်အတူ အင်းလျားဘက်သို့ လမ်းလျှောက်ဖြစ်လေသည်။ ရေနုံ့ပျံ့ပျံ့မွှေးနေသော အင်းလျားလေကို ရှူရှိုက်ရင်း သူကြောက် သော မိန်းကလေးပြောပြသည့် သူချစ်သောမိန်းကလေး၏ ဘဝပုံပြင်ကို စတင်ကြားရသောနေ့ကို မောင်မောင် တစ်သက် မေ့နိုင်တော့မည်မထင် ပေ။

'ကြွေဟာ သာမန်မိန်းကလေးတွေ အားငယ်တတ်တာထက် ပိုပြီး အားငယ်တယ်၊ ထိတ်လန့်စိုးရွံ့တတ်တာထက် ပိုပြီး စိုးရိမ်တတ်တယ်၊ စိုးရွံ့တတ်တယ်။ ဒါကြောင့်လည်း သူ့ကိုကြည့်လိုက်ရင် ဘဝ အားမာန် မရှိဘဲ ဖျော့နေတာ ထင်ပါရဲ့။ ဒါပေမဲ့ အေးသွယ်အနေနဲ့ ဒါကိုမကောင်း ဘူးလို့မပြောပါဘူး။ လူတစ်ကိုယ် အကြိုက်တစ်မျိုးပါ။ ကားလ်မတ်က တောင်ပြောခဲ့တယ်။ မိန်းမတွေရဲ့ အရည်အသွေးတွေထဲမှာ အားနည်းပျော့ပျောင်းမှုကို သူအကြိုက်ဆုံးတဲ့။ ဒါပေမဲ့ အေးသွယ် ထင်တယ်လေ ကြွေ့အနေနဲ့တော့ အင်အားလိုနေပြီ။ အားနည်းတာကို မောင်းထုတ် ဖို့အတွက် သတ္တိလိုနေပြီ။ သူ့ဘဝရပ်တည်ရေး ပျော်ရွှင်ရေးအတွက် အားကိုးလိုနေပြီ။ အားနည်း ပျော့ပျောင်းမှုဟာ ကြိုက်ရတဲ့သူ အတွက် ကောင်းပေမယ့် ဒီအရည်အသွေးရှိနေတဲ့သူအတွက်တော့ ဘဝ မာန် နည်းသွားလိမ့်မယ်၊ ဘယ်လောက် အားငယ်စရာကောင်းလိမ့်မယ် ဆို တာ ကားလ်မတ် မတွေးခဲ့ဘူးလား မသိဘူး'

မောင်မောင် နားမလည်၊ ကားလ်မတ်ကိုလည်း သူမသိ၊ အိန်ဂျယ်တွေ လီနင်တွေကိုလည်း သူမသိ၊ ကားလ်မတ် ဘာကိုကြိုက်ကြိုက် သူအရေးစိုက်စရာမလို။ အရေးလည်း မစိုက်။ သူနားလည်လိုက်သည်ကား ကြွေ အားငယ်တတ်သည်။ ကြောက်တတ်သည်။ သူ ကြွေကိုချစ်သည်။

'သူဖြတ်သန်းခဲ့ရတဲ့ဘဝကြောင့်လည်း ကြွေ ဒီလိုဖြစ်ရတာပေါ့။ နဂိုပျော့တဲ့သူဟာ အဲဒါတွေကြောင့် အချောက်ချောက် အချားချား

ဖြစ် ခဲ့ရတယ်။ အဲဒီအဖြစ်အပျက်တွေဟာ အိပ်မက်ဆိုးလို အမြဲလှန့်နေတယ်။ အေးသွယ် ကြွေ ကိုသနားတယ်၊ သူ့ကို ပျော်စေချင်တယ်'

'ကျွန်တော်လည်း သနားပါတယ် ပျော်စေချင်ပါတယ်'

မောင်မောင်သည် အေးသွယ်၏ လေသံကိုလိုက်ပြီး စိတ်ပါလက်ပါနှင့် ယောင်ချာချာ ပြောလိုက်လေသည်။ ရိုးသားပွင့်လင်းသော မောင်မောင်၏မျက်လုံးများကိုကြည့်ရင်း အေးသွယ်သည် မသိမသာလေး ပြုံးလိုက်မိသည်။ မောင်မောင်သည် တဇွတ်ထိုးနိုင်သော်လည်း တည်ကြည်ရိုးသားသည်ကို အေးသွယ်အကဲခတ်တန်သလောက် ခတ်မိပြီဖြစ်သည်။

အေးသွယ်သည် ဝါးညွှန့်ကလေးကို လက်သည်းချွန်နှင့် ဆိတ်ဆွရင်း ကြွေအကြောင်းကို သူသိထားသမျှ ထပ်လောင်းပြောပြနေမိလေသည်။ အထူးသဖြင့် ကြွေ၏စိတ်ဝေဒနာကို မောင်မောင် နားလည်သဘောပေါက်စေရန် ဂရုထားပြီးပြောသည်။ စကားမြိုင်မှ သီရိဆောင်အထိ ကြွေ ဖြတ်သန်းခဲ့ရသမျှကျော်လွှားခဲ့ရသမျှ အေးသွယ်သိထားသမျှကို မောင်မောင် တစ်ထိုင်တည်း နားလည်စေချင်သည့်စေတနာနှင့်မို့ စိတ်စောကာ အသက်ရှူမြန်နေသည်။

ဒီစိတ်အတိုင်းသာဆက်သွားရင် ကြွေ အသက်ရှည်မှာမဟုတ်ဘူး။ ဒါမှမဟုတ် တစ်နေ့နေ့ ရူးလိမ့်မယ်။ အေးသွယ်လေ ကြွေသေသွားမှာ သိပ်ကြောက်တယ်၊ ရူးသွားမှာလည်း စိုးရိမ်တယ်၊ အေးသွယ်မှာသာ တန်ခိုးရှိရင် သတ္တိမျိုးစုံကို အရည်ဖျော်ပြီး ကြွေပါးစပ်ထဲ လောင်းထည့်လိုက်မှာပဲ'

မောင်မောင်သည် အင်းလျားရေပြင်တွင် လျောတိုက်ပြေးနေသော ရွက်လှေဖြူဖြူလေးများကို ငေးမောကြည့်ရင်း ကြွေ့အကြောင်း ကြွေ့ ပုံပြင်များကို ရင်ဖိုစွာနှင့် နားထောင်ရလေသည်။ အေးဆေးလှသော မိန်းကလေး၏ မအေးဆေးသောဘဝ၊ ငြိမ်သက်အေးချမ်းလှသော

မိန်းကလေး၏ မအေးချမ်းသော ဘဝကို ရေးရေး ရိပ်ရိပ်ကလေး သိနား လည်လာရသည်။

'ကျွန်တော့ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောပြနေတာလဲ ဟင်'

မောင်မောင်က တဲ့တိုးမေးသောအခါ အေးသွယ်၏မျက်နှာ ကလေးသည် ရဲခနဲဖြစ်သွားပြီး ခေါင်းငုံ့လိုက်လေသည်။ သို့သော်လည်း ချက်ချင်းကို ခေါင်းကို ဆတ်ခနဲပြန်မော့ကာ မောင်မောင့်ကို တည့်မတ် စွာ စူးစိုက်ကြည့်လိုက်သည်။

'ကျွန်မ အရင်တုန်းက ကိုမောင်မောင်ကို အတော်ချဉ်တယ်၊ ဒါပေမဲ့ နောက်ပိုင်းတော့ ချဉ်တာ မချဉ်တာ အပထား၊ ကြွေ့ အပေါ်မှာ ကိုမောင်မောင် တကယ်ချစ်ခင်တယ်၊ စွဲလမ်းတယ်ဆိုတာကို လက်ခံ မိတယ်၊ ယုံကြည်မိတယ် ဆိုပါတော့'

'ဒီတော့'

'ဟုတ်ကဲ့ ဒီတော့ ကြွေ့အတွက် စဉ်းစားမိလို့ပါ၊ ကိုမောင် မောင် ဟာ သူ့အတွက် အားကိုး အဲ အဲ ယုံယုံကြည်ကြည်တိုင်ပင်နိုင်တဲ့၊ အားပေးနိုင်တဲ့သူများ ဖြစ်နိုင်မလားလို့ အေးသွယ် စဉ်းစားမိလို့ပါ'

အေးသွယ်သည် အထစ်ထစ် အငေါ့ငေါ့ပြောပြီး ခေါင်းငုံ့လိုက် လေသည်။ မောင်မောင့်အဖို့မူ ရေပူနှင့် ရေအေးကို တစ်လှည့်စီ တစ်ငုံစီ သောက်နေရသလို ရင်ထဲတွင် ပူလိုက်အေးလိုက်ဖြစ်နေသည်။ နှုတ်ခမ်း တင်းတင်းစေ့ထားသော အေးသွယ်ကို အငေးသားကြည့်ရင်း နှလုံးသွေး က တဒိုင်းဒိုင်းခုန်နေသည်။

မထင်မှတ်သောစကားကို မမျှော်လင့်သူဆီမှ ကြားလိုက်ရ သော အခါ အင်းလျားကန်ထဲ ဒိုင်ဗင်ထိုးဆင်းပြီး ကန်ကို လေးငါးပတ် လက် ပစ်ကူးကာ "ဖိုးစွံကွ" ဟု ဟစ်ကြွေးလိုက်ချင်တော့သည်။ "ငါမှ ငါကွ ကြည့်ထားကြ" ဟု အော်လိုက်ချင်တော့သည်။ အော်သာ အော်ချင်

သော်လည်း လက်တွေ့တွင်ကား နေရာမှပင်မရွေ့ရှားနိုင်၊ ရွေ့ဖို့နေနေ သာသာ အသက်ပင် ဖြောင့်ဖြောင့် မရှူအား။

'အခုလိုပြောတာ အေးသွယ်အကြံ၊ အေးသွယ် စကားသက်သက်ပါ၊ ကြွေ လုံးဝ မသိပါဘူး၊ သူ့အတွက် အားကိုးနိုင်တဲ့သူ၊ သူ့ကို ကြင်နာမယ့်သူကို အေးသွယ်ဘာသာ စဉ်းစားပြီး ပြောတာပါ'

'အေးသွယ် ကျွန်တော့ကို ယုံတယ်ပေါ့'

မောင်မောင်သည် ခပ်တိုးတိုး မေးမိသည်။ တိုးသောအသံသည် တုန်နေသည့်အတွက်ကား ကိုယ့်ကိုယ်ကို မကျေနပ်ချင်ပေ။

'ယုံပါတယ် ဆိုပါတော့လေ ဒါကြောင့်လည်း ဒီလို စွန့်စွန့်စားစား ပြောရဲတာပေါ့'

'ကြွေ ကြွေကရော'

'ဒါတော့ အေးသွယ်မသိဘူး၊ ဒါပေမဲ့ သူ ကိုမောင်မောင့် မေတ္တာ ကိုလက်ခံဖို့ အလားအလာရှိပါတယ်၊ အခုဇာတ်ဟာ အေးသွယ်ခင်းတဲ့ ဇာတ်ဆိုတော့ အေးသွယ် ထပ်ပြီးပြောပါရစေရှင်၊ ကြွေကိုသနားပါ၊ မေတ္တာပေါ်မှာ ကရုဏာဆင့်ပါ၊ ကရုဏာပေါ်မှာ အကြင်နာကပါစေလို့ ဆုတောင်းရမှာပဲ'

ဆတ်ဆတ်ကျဲမလေးဆီမှ နူးနူးညံ့ညံ့စကားလေးများသည် မောင်မောင့်ရင်ထဲသို့ ညင်သာစွာ တိုးဝင်သွားကြသည်။ အေးသွယ်သည် ကြွေ့ကို အချစ်မှိုင်းတိုက်ပြီး အတိတ်ကိုမေ့သည့် မေ့ဆေးကျွေးလိုဟန်ရှိသည်။ မောင်မောင်သည် ကန်လေကို ပြင်းပြင်းရှူရင်း ယောင်ချာချာရယ်လိုက်မိသည်။ အေးသွယ်က သဘောတူသော်လည်း ကာယကံရှင် ကြွေ၏သဘောထားက ချိုသည်ခါးသည်မသိရချေ။ သူ့အဖြစ်သည် ထီပေါက်သော်လည်း ဆုငွေထုတ်မရသူနှင့်တူနေမည်လား မပြောတတ်ချေ။

'ကျွန်တော့ကို ယုံယုံကြည်ကြည် ဆက်ဆံတဲ့အတွက် အများ

ကြီးကျေးဇူးတင်ပါတယ် အေးသွယ်ရယ်၊ ကျွန်တော်ကလည်း အင်းလျားရေပြင်ကို သက်သေထားပြီး ထပ်ပြောပါရစေ၊ ကြွေကို ကျွန်တော် မေတ္တာစစ်နဲ့ တကယ်ချစ်တာပါ၊ ကျွန်တော့မေတ္တာဟာ ရေလျှောက်တိုး ရင်သာ တိုးမယ်၊ လျော့သွားမှာ မဟုတ်ပါဘူး'

လေးလေးနက်နက်ပြောလိုက်သော မောင်မောင့်စကားကိုနားထောင်ရင်း အေးသွယ်သည် နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

သူတို့နှစ်ဦးပြန်လာသောအခါ ညနေပင် စောင်းလုပေပြီ။ ကတုန်ကယင်ဖြစ်ချင်နေသော မောင်မောင်ခမျာ သစ်မြစ်ဆုံနှင့်ခလုတ်တိုက်ပြီး ဟပ်ထိုးလဲမလို ဖြစ်သွားသည်။ ရှက်ရမ်းရမ်းပြီး သစ်မြစ်ဆုံကို ခြေနှင့်ကန်သောအခါတွင်ကား အေးသွယ်သည် အားနာသည့်ကြားမှ ဟက်ဟက်ပက်ပက် ရယ်မိလေသည်။

'တော်ပြီဗျာ ကြွေနဲ့ကျွန်တော်နဲ့လက်ထပ်ပြီးရင် ကျွန်တော်တို့ အိမ်ကို အေးသွယ်လာမလည်ရဘူး၊ အေးသွယ်ကို အလည်မခေါ်တော့ဘူးဗျာ၊ တော်ကြာ ကျွန်တော်တို့ကိုကြည့်ကြည့်ပြီး ဟားနေမှာ'

လေထဲတွင် တိုက်အိမ်ကြီး အပြီးဆောက်နေသော မောင်မောင်သည် ရှက်ကိုးရှက်ကန်းနှင့် အတည်ပေါက်ပြောသည်။ အေးသွယ်ခမျာ ဘယ်လိုမှ ဣန္ဒြေမဆောင်နိုင်တော့၊ လမ်းဘေးမှ ကံ့ကော်ပင်ကိုမှီပြီး အူနာအောင် ရယ်မိလေတော့သည်။

မည်သို့ပင်ဆိုစေ ထိုနေ့ထိုရက်တွင် မောင်မောင်နှင့် အေးသွယ်တို့ခင်မင်ခဲ့ကြသည်။ မကျေနပ်ချက်များ ပြေပျောက်ခဲ့ကြသည်။ ကြွေနှလုံးသားကို တိုက်စစ်ဆင်ရန်အတွက် စည်းရုံးခဲ့ကြသည်။

ထိုနေ့ထိုရက်သည်ကား မောင်မောင် တစ်သက် မမေ့သည့်ရက်၊ မတ်လဆယ်ရက်။

❖

'မောင်မောင် မင်းတကယ်ပြောတာလား'

'ဘာလဲ မင်းက မယုံဘူးပေါ့'

'အေးကွ ယုံရခက်ခက်ပဲ'

'ငါတကယ်ပြောတာ ဒီကျောင်းပိတ်ရက်မှာ ငါစစ်ကိုင်းကို လစ်သွားဦးမယ်၊ ခဏပေါ့ကွာ၊ မကြာပါဘူး၊ ဆရာတွေမေးရင်လည်း ဘွဲ့ယူစစ်တမ်းအတွက် အချက်အလက်စုဆောင်းနေရတယ်လို့ ပြောမှာပေါ့'

မျိုးဝင်းသည် မျက်မှောင်ကုတ်ရင်း မောင်မောင့်ကို အသေအချာ အကဲခတ်နေသည်။ မောင်မောင် ဒီလောက်ရဲတင်းလိမ့်မည်ဟု သူမမျှော်လင့်မိ၊ ဒီလောက် သတ္တိကောင်းလိမ့်မည်ဟုလည်း သူမထင်၊ ရှင်းရှင်းပြောရလျှင် ကြွေဟူသည့်မိန်းကလေးကို မောင်မောင် ဒီလောက်ကြီး အထိ ချစ်ခင်စွဲလမ်းစွာ မေတ္တာစာများ ဆက်တိုက်ပေးခဲ့သည်ဟု သူ လုံးဝမသိခဲ့ရ၍ မျိုးဝင်းမကျေနပ်ချင်ပေ။ စင်စစ်အားဖြင့် မောင်မောင် တစ်ယောက် ကြွေ့ကိုချစ်နေကြောင်း မောင်မောင့်ကိုယ် မောင်မောင် ဝန်မခံခင်ကတည်းက သိနေခဲ့သူမှာ မျိုးဝင်းကိုယ်တိုင် မဟုတ်ပါလော။ သို့သော်လည်း သုံးလေးလအတွင်း ခြေအလျှိုကောင်းကာ ခြေပုန်း

ကောင်းကောင်းခုတ်လိုက်သည့် မောင်မောင့်ကို မျိုးဝင်း မျက်ခြည်ပြတ်ခဲ့ရသည်။

'စစ်ကိုင်းကို ဘာလုပ်ဖို့လဲ'

'ကြွေ တို့တွေ အ သုံးလုံးလုပ်အားပေးကြမယ်တဲ့၊ အဲဒါ ငါလိုက် သွားမလို့'

'အောင်မယ်လေး ကိုယ်တော် တော်ကြာ ဒီလောက်လိုက်ပြီး နှောင်ယှက်ရမလားလို့ ဆီးပြီး ဆော်ပလော်တီးနေဦးမယ်နော'

'မတီးပါဘူးကွာ၊ အေးသွယ် ရှိသားပဲ'

'အဲ အဲဒီ အေးသွယ်ကို ကြောက်ရတာ မဟုတ်လား'

'ခု မကြောက်ရတော့ဘူးကွ၊ အေးသွယ်ကငါ့ကိုကြိုက်သွားပြီလေ'

'ဘုရား ဘုရား ဘုရား ကယ်ပါ၊ မင်းကြိုက်တာက ကြွေ မဟုတ်လား'

'အေးလေ'

'မင်းကို ကြိုက်တာကတော့ အေးသွယ်'

'ဟာ ဒီကောင် အေးသွယ်က ငါ့ကိုကြိုက်တာ မောင်လို နှမလို ကြိုက်တာကွ'

မောင်မောင်သည် ပြုံးတုံးပြတဲဖြစ်နေသော မျိုးဝင်းကြောင့် တသောသော ရယ်နေမိလေသည်။ အင်းလျားကန်စောင်းတွင် အေးသွယ်ပြောပြခဲ့သည့် ကြွေ့ပုံပြင်များကိုလည်းကောင်း၊ အေးသွယ်နှင့် ခင်မင်ခဲ့ရသည်ကိုလည်းကောင်း မောင်မောင် ပြောပြချင်လိုက်သည်မှာ နှုတ်ခမ်း လျှာဖျားများပင် ယားနေသည်။ သို့သော်လည်း ကြွေ့သဘော ချိုသည်ခါးသည် မသိမီ မပြောမိအောင် သတိထားနေရသည်။ ကြွေ့ သိက္ခာကျစေမည့် အပြုအမူမျိုး၊ အပြောအဆိုမျိုးကို မောင်မောင်သည် သူ့ကိုယ်သူပင် မသိဘဲ သတိထားပြီး ရှောင်ကြဉ်နေမိသည်။

'ကဲ ထားပါတော့၊ မင်းက စစ်ကိုင်းကိုသွားပြီး ဘာလုပ်မှာလဲ'

'ဘာမှ မလုပ်ပါဘူး၊ ဘကြီးဆီမှာ တစ်ရက် နှစ်ရက်နေပြီး ကြွေတို့ကျတဲ့ရွာကိုလိုက်သွားမယ်'

'ဟုတ်ပြီ၊ နောက်ပြီးတော့'

'အေး သူတို့ စာသင်တာလေးတွေကို တစေ့တစောင်းကြည့်ပြီး ပြန်လာမှာပေါ့'

'သေဟ မောင်မောင်'

မျိုးဝင်းသည် သူ့နဖူးကိုသူရိုက်ကာ အိပ်ရာထဲသို့ ပက်လက်လဲကျသွားသည်။ ထို့နောက် ဆိုင်းမဆင့်ဗုံမဆင့် တဟားဟားနှင့် လိမ့်နေအောင် ရယ်တော့သည်။

'အောင်မယ်လေးဟ ညနေစောင်းတော့ ကောင်မလေးက လမ်းလျှောက်ရော ကန်ပေါင်ဘေးမှာဆိုတော့ လေပြည်အေးကလည်း ချိုလို့ မွှေးလို့၊ ကန်ထဲမှာလည်း ကြာဖြူ ကြာနီတွေကို စုံလို့ပေါ့၊ ဟော ရေ့တူရူ က လျှောက်လာတဲ့ မင်းကိုတွေ့တော့ ရှက်သွားသလို ခေါင်းကလေး ငုံ့သွား၊ ဒါပေမဲ့ ရှက်ပြုံးလေး ပြုံးလို့ပေါ့၊ ဒီတော့ မင်းက ဟာ ကြွေတို့ ဒီရွာမှာလုပ်အားပေးကြတာကိုး၊ ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ အလည်လိုက်လာတာ တိုက်ဆိုင်လိုက်တာဗျာ ဘာဗျာ ညာဗျာ ပေါ့ကွာ၊ နောက်တော့ စကားတွေ လက်ဆုံကျလိုက်တာ နွားရိုင်း သွင်းချိန်ရောက် မှ မင်းက လမ်းလျှောက်ရင်း လိုက်ပို့၊ ဒါမျိုးလေးတွေ လုပ်စမ်းပါကွာ၊ ဘာလဲ တစေ့တစောင်းကြည့်ပြီး ပြန်လာ၊ သေပါလား'

မျိုးဝင်းသည် တဟားဟားနှင့် အော်ရယ်ရင်း ခုတင်ပေါ်မှ ခေါင်း အုံးတစ်လုံးကိုဆွဲကာ မောင်မောင့်ကို ပစ်ပေါက်လိုက်သည်။ မျက်နှာ တည့်တည့်သို့ချိန်ရွယ်ကာ ပစ်လိုက်သည်ဖြစ်၍ ခေါင်းအုံးဖြူဖြူကြီး ဝီးခနဲ ပျံတက်လာသည်နှင့် မောင်မောင်သည် ခေါင်းငုံ့ကာ ရှောင်လိုက်သည်။

'ဖူး အွန့် ဘယ်ကောင်တုံးကွ'

အခန်းထဲဝင်လာသော ကိုကြီးအောင်ခမျာ သူ့ဟာသူ ခေါင်းအုံးတည့်တည့်ပြေးရပ်သလိုဖြစ်သွားသည်။ ထို့ကြောင့်လည်း နေမလောင်ဘဲ မည်းနေသောမဟူရာမျက်ခွက်နှင့် ခေါင်းအုံးဖြူဖြူတို့ ဖုန်းခနဲ နူတ်ဆက်ကြလေတော့သည်။

'အာ ကိုကြီးအောင် ဟိုကောင် ဟိုကောင် မောင်မောင် လုပ်တာ'

'ခွေးသားလေး မောင်မောင်'

သူ့ညီကို မိန်းမလျာဘဝသို့ရောက်အောင် လံကြုပ်ဇာတ်ခင်းဖူးသည်ကိုသတိရ၍လားမသိ၊ မျိုးဝင်းကလည်း ခုတင်ပေါ်တွင် ကားရားကြီးထိုင်ကာ မောင်မောင်ကို အတွင်လက်ညှိုးထိုးပြနေပြန်သဖြင့် ကိုကြီး အောင်သည် သူ့လက်ထဲမှခေါင်းအုံးကို လက်နှစ်ဖက်နှင့် တအားလွှဲပြီး မောင်မောင့်ကို ပစ်ပေါက်လိုက်သည်။

'အောင်မယ်လေးဗျ'

ဒီတစ်ခါတော့ မျိုးဝင်းအလှည့်ဖြစ်သည်။ မောင်မောင်သည် ကိုယ်ကို ညွတ်ပြီး ညာဘက်သို့ယိမ်းကာ ရှောင်လိုက်သည်။ ပါးစပ်ကြီးဖြကာ တအားအော်ရယ်နေသော မျိုးဝင်းဆီသို့ တန်းခနဲ ပြေးဝင်လာသော ခေါင်းအုံးဖြူဖြူသည် အရှိန်ပြင်းလှသည်မို့ အိပ်ရာပေါ်သို့ပင် ပက်လက်လန်ကျသွားသည်။

'အောင်မယ်လေး ရက်စက်လှချေကလား၊ ဘယ်အငြိုးနဲ့ ရက်စက်တာလဲ ကိုကိုအောင်ရဲ့၊ ခင်သီတာလေးကို မသနားတော့ဘူးလား ကိုကိုအောင်၊ အားမာန်ကိုးလို့ ငြိုးတယ်ပေါ့'

မျိုးဝင်းသည် နေရာမှမထဘဲ ညောင်နာနာနှင့် ချွဲချွဲပျစ်ပျစ်အော် နေသည်။ မောင်မောင်သည် မျက်နှာတစ်ချက်ရှုံ့ပြီး အခန်းထဲမှ တစ်ချိုး တည်း အပြေးထွက်ခဲ့သည်။

အခန်းအပြင်ဘက်လူသွားလမ်းသည် မီးပျက်နေသဖြင့် မှောင်နေ၏။ မှောင်နေသောကြောင့် လရောင်လဲ့လဲ့သည် ပို၍ဝါပြီး ဝင်းနေလေသည်။ ဖေဒါကန်ထဲရှိ ဖေဒါရွက် ချွန်ချွန်လေးများသည် မြစိမ်းရောင်တောက်ပြီး လက်နေ၏။ စိမ်းလဲ့နေသောရွက်ချွန်များကြားထဲရှိ ဖေဒါပန်းပြာ ဖျော့ဖျော့လေးများကမူ ဖြူရိပ်ရိပ်နှင့် ဖွေးလဲ့နေလေသည်။

ဖေဒါရွက်ကိုကြည့်လျှင်လည်း ကြွေကိုမြင်သည်။ ဖေဒါပန်းကို ကြည့်လျှင်လည်း ကြွေ ကိုတွေ့သည်။ ကောင်းကင်ပြာတွင်လည်း ကြွေက ပြုံးရယ်နေသည်။ လဝန်းဝါဝါတွင်လည်း ကြွေအရိပ်က ထင်ဟပ်သည်။

'မောင်မောင် ရူးပြီဗျိုး၊ ကြားကြားသမျှဗျိုး၊ မောင်မောင် ရူးပြီဗျိုး'

အမှောင်ရိပ်တွင် ငြိမ်ငြိမ်သက်သက်ရပ်ရင်း ငေးနေသော မောင်မောင့်အနီးသို့ မျိုးဝင်းနှင့် ကိုကြီးအောင်တို့ နှစ်ဦးသား ခြေဖျားထောက်ရင်း တိတ်တိတ်ရောက်လာကြသည်။ ထို့နောက် မျိုးဝင်းသည် ဖြုန်းခနဲ အော်လိုက်လေသည်။

'အချစ်ဆိုတဲ့ ပဒိုင်းသီးကို စွဲလမ်းခြင်းမိုးခါးရေနဲ့ချက်ပြီး စားထားတော့ မောင်မောင် ရူးရတော့မှာပေါ့'

ကိုကြီးအောင်ကမူ မောင်မောင့် ပခုံးကိုညှစ်ကိုင်ပြီး လေအေးလေးနှင့် ပြောလေသည်။

❖

ကြွေရယ်

ကျွန်တော် အရူးပါ၊ အချစ်ဆိုတဲ့ ပဒိုင်းသီးကို စွဲလမ်းခြင်း မိုးခါးရေနဲ့ရောချက်ပြီး စားထားရတော့ ကျွန်တော် ရူးရ တော့တာပေါ့'

မောင်မောင်

ကြွေသည် ပင့်သက်တစ်ချက်ကို မသိမသာလေး ရှိုက်လိုက်မိ သည်။ ကြွေ လုပ်အားပေးကြောင်းကိုလည်း သူသိသည်။ မည်သည့်ရွာ တွင် ရောက်နေသနည်းလည်း သူသိသည်။ ကပေါက်ထိ ကပေါက်ချာ စိတ်ကူးတည့်ရာရေးထားသော စာကလေးများကိုလည်း ရောက်အောင် ပို့နိုင်သည်။

'တကယ်ပဲ သူ့ကြောင့်သာပင် ခက်တယ် ခက်တယ်၊ အို သူ့ ကြောင့်သာပင် ခက်တယ် ခက်တယ်၊ လွယ်ချင်ရင် စာပေးဖတ်၊ တစ်ခါ ဖတ် ငါးပြား'

ဝင်းဝင်းသည် ပြုံးကျဲကျဲနှင့် ရိပ်တိတ်တိတ်စောင်းဆိုနေသည်။ စာအိတ်ဖြူကလေး မြင်ကတည်းက မောင်မောင့်ဆီမှစာ ဖြစ်သည်ကို သိပြီးဖြစ်သဖြင့် ယောင်ပေပေလုပ်နေသည်။ ဘောက်ဆတ်ဆတ်နိုင် သော မေတ္တာစာတိုတိုလေးကိုဖတ်ပြီး အူတက်အောင်ရယ်ချင်သော ကြောင့်ဖြစ်လေသည်။

ကံကောင်းသည်ဟု ဆိုရမည်လားတော့ မပြောတတ်၊ ဝင်းဝင်း၊ အေးသွယ်နှင့် ကြွေတို့ သုံးဦး တစ်ရွာတည်းကို အတူတာဝန်ကျခဲ့သည်။ ဆရာမလေးသုံးဦးကို ရပ်ရွာကလည်းချစ်ကြသဖြင့် အတော်ပင် အဆင် ပြေခဲ့သည်။ စာမသင်ချင်၍ထွက်ပြေးနေသော အရိုးမယ်ခကို သုံးဦး သားလိုက်ဖမ်းပြီး ချော့မော့ဖျောင်းဖျခဲ့ကြရသေးသဖြင့် စိတ်ညစ်ညစ် နှင့် ပြုံးရသေးသည်။ နေ့ခင်းတွင် အလုပ်များလွန်းသဖြင့် စာသင်မလာ နိုင်သော ဒေါ်ဝိုင်းမဆီသို့ ညတိုင်စာသင်သွားသည်ကား အေးသွယ်ဖြစ်သည်။ ရေနံဆီမီးခွက် မှိန်မှိန်လေးနှင့် ဝ၊ ထ၊ က၊ လ၊ သ ကိုရအောင် သင်ပေးနိုင်ခဲ့သည်။ ထန်းတောသို့လိုက်ပြီး စာသင်သော ဝင်းဝင်းသည် သူတို့သုံးဦးထဲတွင် အစွမ်းအထက်ဆုံးဟု ဆိုရမည်ထင်သည်။ ဦးကြီး ထယ်ထံမှ ထန်းရည်ကို ပုလင်းနှင့် တစ်ပုလင်းထည့်ပြီး ယူလာနိုင်သော ကြောင့်ဖြစ်သည်။ ထန်းရည်ချိုဟုဆိုသော်လည်း နေကျော်ပြီဖြစ်၍ အနည်းငယ်ချဥ်နေပေပြီ။ ထန်းရည်အိုးမှလည်း အလျှဥ်ပါသောကြောင့် ညနေစောင်းလျှင် အချဥ်ပေါက်လိမ့်မည်ဟု ဝင်းဝင်းက မျှော်လင့်နေရှာ သည်။ မအိပ်မီ အခန်းထဲတွင်စုပြီး ထန်းရည်သောက်ကြရန် ဝင်းဝင်း သည် ကြွေနှင့်အေးသွယ်ကိုစည်းရုံးနေလေသည်။

'ထန်းရည်နဲ့ စာနဲ့ မြည်းကြရအောင်ကွယ် နော် ကြွေရယ်'

ဝင်းဝင်းသည် ထန်းရည်ပုလင်းကို ဘူးဆို့ဖွင့်ရင်း ကြွေကို ပြော သည်။ ထန်းရည်ရနံ့သည် ချဥ်စူးစူးနှင့်ပျံ့လာသည်။ ထိုချဥ်သော စူး သောအနံ့ကို ကြွေ စကားမြိုင်တွင်နေစဥ်က ခြံတွင်ကူလုပ်ပေးလေ့ရှိသော ဦးလေးထွန်းဆီမှ ရလေ့ရှိသည်ကို အမှတ်ရမိသည်။ ညနေစောင်းလျှင် ဦးလေးထွန်း ရွာထဲသို့ထွက်သွားလေ့ရှိသည်။ ဦးလေးထွန်းပြန်လာလျှင် သီချင်းသံနှင့်အတူ ထိုအနံ့ကိုပါ ရှူရှိုက်ရသည်ကို ကြွေ မှတ်မှတ်ရရရှိသည်။

'သူ့ကြောင့်လည်း ဒုက္ခပါပဲအစ်မရယ်၊ ဒါပေမဲ့ မူးပြီး မရမ်း

လို့ တော်သေးတာပေါ့၊ ရွာထဲက ကိုမှုန်ကြီးများ သူထန်းရည်မူးတိုင်း မိန်းမ ကို ထ ထ ရိုက်တာပဲတဲ့'

ညနေ နေဝင်ရီတရောအချိန်တွင် အိမ်ရှေ့က ဝါးကွပ်ပျစ်လေး ပေါ်၌ စုထိုင်မိတိုင်း ဒေါ်ဒေါ်စောသည် ခပ်ညည်းညည်းလေး ပြောတတ် သည်။ ကြွေသည် မေမေ့ကို နွဲ့နွဲ့လေးမှီရင်း ဝါးကြမ်းချောချောလေးကို ပွတ်သပ်နေမိသည်။ ခြံထဲတွင်တူးလိုက် ဆွလိုက် စိုက်ပျိုးလိုက်နှင့် ထာဝစဉ် လုပ်ကိုင်နေလေ့ရှိသည်မို့ မေမေ့ကိုယ်တွင် မြေနံ့စွဲနေသည်။ ရေချိုးသော်လည်း မပျောက်၊ သင်းကြည်သော မြေရနံ့သည် ကြွေ့နှာ ခေါင်းထဲသို့ ပျံ့ပျံ့လေး ဝေ့လာလေသည်။ မြေနံ့နှင့်အတူ ဝိုက်ပြီးပါလာ သည်ကား မေမေ့ခေါင်းတွင် တစ်ပွင့်တည်းပန်ဆင်ထားသော စကား ပန်းနံ့၊ ထိုရနံ့နှစ်ခုနှင့်အတူ ကြွေ့ရင်ထဲတွင် လှုပ်ရှားနေသည်ကား မေမေ့ကိုချစ်ခင်အားကိုးသောစိတ်ဖြစ်သည်။

'တကယ့် တကယ်တော့ ဒီမူးယစ်စေတတ်တဲ့ အရည်တွေဟာ မသောက်ကောင်းပါဘူးကွယ်၊ စဉ်းစားဉာဏ်၊ တွေးတောဉာဏ်၊ ဝေဖန် ပိုင်းခြားတတ်တဲ့ဉာဏ် အကုန်လုံးကို ပျက်သုဉ်းသွားစေတာပဲ'

'ဒါဖြင့်ရင် လူတွေက ဘာလို့သောက်နေသေးလဲ မေမေရယ်၊ အဲဒီအရက်ဆိုတာကိုရော ဘယ်သူကစပြီး ထွင်ခဲ့တာလဲ ဟင်'

'ဟို ရှေးရှေးတုန်းက သူရာဆိုတဲ့ သားလိုက်မုဆိုးတစ်ယောက် ရှိတယ်တဲ့၊ သူဟာ တောထဲမှာ အမဲလိုက်ရင်း သစ်မြစ်ဆုံကြီးတစ်ခုထဲ က ရေတွေကို ငှက်တွေသောက်နေတာ တွေ့ရသတဲ့၊ သောက်ပြီးတဲ့ငှက် ဟာ ဝေးဝေးမပျံနိုင်တော့ဘဲ သစ်ပင်ရင်းမှာ ပြုတ်ကျပြီး မူးမေ့နေတယ်၊ ခဏနေမှ ထ ပြန်သွားတာတွေ့ရတော့ သူ့စိတ်ထဲမှာ ထူးဆန်းနေတာ ပေါ့ သမီးရယ်၊ အမှန်တော့ သစ်ခေါင်း သစ်ဆုံထဲမှာ မိုးရေတွေဝပ်နေ တယ်၊ ကျေးငှက်တွေသယ်လာတဲ့ သစ်သီးဝလံ မုယင်းစပါးတွေနဲ့ သစ် ပင်ကကြွေတဲ့ သစ်သီးတွေဟာ ရေထဲကျပြီး အချဉ်တဖြည်းဖြည်း

ပေါက်လာတာပေါ့၊ သူရာမုဆိုးလည်း အဲဒီရေကို ခပ်သောက်ပြီးတဲ့အခါမှာ ရင်ထဲမှာပေါ့ပါးပြီး ပျော်ရွှင်လာတယ်တဲ့၊ နောက်တော့ မူးပြီး အိပ်ပျော် သွားတာပေါ့၊ အိပ်ရာကနိုးတော့ သူ့လိုမူးပြီးမေ့နေတဲ့ ငှက်ကလေးတွေကို ကောက်ပြီး မီးကင်စားလိုက်၊ အဲဒီနှစ်ချို့အရက်ကိုသောက်လိုက်နဲ့ သိပ် ပျော်နေတာပေါ့၊ သစ်ဆုံထဲက အရည်တွေကုန်တော့ သူ့ဟာသူ မုယင်း စပါး သစ်သီးဝလံတွေနဲ့ရေကို အချဉ်ဖောက်တတ်လာတယ်တဲ့၊ သူက အဲဒီအတတ်ကို မြို့ကိုယူသွားပြီး ဖြန့်ဖြူးတော့တာပေါ့ သမီးရယ်၊ ဘုရင်က အစ မင်းညီမင်းသား ပုဏ္ဏား လူဆင်းရဲအထိ ဒီ အရည်သောက် တဲ့ အလေ့ဟာ စွဲသွားဆိုပဲ၊ သူရာကစပြီးတွေ့တဲ့ အရည်မို့ အဲဒီလို မူးယစ် စေတတ်တဲ့ အရည်မှန်သမျှကို သူရာလို့ခေါ်သတဲ့'

'ကြံကြံဖန်ဖန် အမေရယ် အဲဒီသူရာမုဆိုးကလည်း သစ်မြစ်ဆုံဘေးမှာ သူ့ဟာသူ အန်ဖတ်ဆို့ပြီး သေနေလိုက်ပြီးရော၊ ဒီအတတ်ကြီးများ မြို့ကိုသယ်လာသေးတယ်၊ မုန်းစရာ ကောင်းလိုက်တာ'

'မေမေရယ် ဦးလေးထွန်းကြီး မူးပြီး ကြိုးတံတားပေါ်ကနေ ချောက်ထဲစိုက်ကျသွားရင် ဒုက္ခ'

'မပူနဲ့ ကြွေရုပ်မရယ် မပူနဲ့၊ သူက မူးသာမူးတာ၊ တကယ့်အမူးပါး၊ ကြိုးတံတားဖြတ်ရင် အမြဲအကောင်း၊ မယိမ်းမယိုင်တည့်လို့၊ ဖြောင့်လို့၊ အိမ်ရောက်ခါနီးမှ ပြန်ပြီး ယိုင်ထိုး ယိုင်ထိုးဖြစ်တာ'

ဒေါ်ဒေါ်စောသည် နှုတ်ခမ်းကိုမဲ့ကာ မကျေမချမ်းပြောသည်။ မေမေသည် ကြွေဆံပင်ပျော့ပျော့များကို ဖွကစားရင်း ညင်သာစွာ ပြုံးနေသည်။ မေမေ့အပြုံးသည် အေးချမ်းလှသည်။ ဖြူနုသော အသားသည် နေလောင်သဖြင့် နီရောင်ပြေးနေသည်။

'သမီးကြီးလို့ ဆရာမကြီးဖြစ်ရင် မေမေပြောပြတဲ့ သူရာမုဆိုးအကြောင်း သမီးတပည့်လေးတွေကို ပြောပြရဦးမယ်၊ အရက်မသောက်ဖို့ ဆုံးမရဦးမယ်'

ကြွေက မေမေ့လက်ကို ဖမ်းကိုင်ရင်း ပြောသောအခါ မေမေသည် တိုးတိုးလေး ရယ်လိုက်လေသည်။ ရယ်သံနှင့်အတူ မေမေ့ မျက်လုံးထဲတွင် ကြည်နူးနှစ်သိမ့်မှုတို့က အရောင်လက်လာကြသည်။ ကြွေသည် ရှက်ပြုံးလေးကို ကြည်နူးစွာ ပြုံးမိရင်း မေမေ့ကိုယ်ကို မှီထား သည်။ မေမေ့ကိုယ်တွင် ထာဝစဉ် သင်းပျံ့နေလေ့ရှိသော မြေနံ့နှင့် ပန်းရနံ့ကို ရှူရှိုက်ရင်း ကြွေသည် သူ့ဘဝကို ရိုးရိုးစင်းစင်းကလေးပင် တွေးနေမိသည်။ ကြွေ စာကြိုးစားမည်၊ စာမေးပွဲအောင်မည်၊ ထို့နောက် ဆရာမလုပ်မည်၊ ကလေးငယ်များကိုစာသင်ပြရသောဆရာမ အလုပ်ကို ကြွေ မြတ်နိုးလှသည်။ ကြွေ ကျောင်းကပြန်လာလျှင် မေမေသည် ကြိုး တံတားထိပ်က စောင့်နေမည်ဖြစ်သည်။ မေမေ ချက်ထားသော ခရမ်းချဉ် ငါးပိချက်ကို သရက်သီးကင်း ကြွပ်ကြွပ်နှင့်တို့စားပြီး ကျောင်းမှ အတွေ့ အကြုံလေးများကို ပြန်ပြောပြရမည်။ နံနက်ခင်း ကြွေ ကျောင်းသွားခါ နီးတွင်လည်း မေမေသည် လွလွဖြူသော စကားပန်းလေးတစ်ပွင့်ကို ကြွေခေါင်းတွင် ပန်ဆင်ပေးလိုက်မည်ဖြစ်သည်။ ကြိုးတံတားကို ဖြည်းဖြည်းဖြတ်လျှောက်သွားသော အင်္ကျီဖြူ၊ လုံချည်စိမ်းနှင့် ဆရာမလေးကို မျှော်ကြည့်နေရစ်မည့် မေမေ့မျက်နှာတွင် ပီတိ ပြုံး ရိပ်ရိပ်ထင်နေမည်ကို ကြွေ လှည့်မကြည့်ဘဲ သိမည်ဖြစ်သည်။

ကြွေ စိတ်ကူးခဲ့သော ကြွေ့ဘဝသည် ရိုးသည်၊ စင်းသည်၊ ချမ်းငြိမ်းလှသည်။ မေမေသာ အသက်ရှည်ခဲ့လျှင် ကြွေရုပ်မဟူသည့် မိန်းကလေးသည် စကားပွင့်များကြားထဲတွင် ကြီးပြင်းလာပြီး သူမျှော်မှန်းသလို ဆရာမလေး ဖြစ်နေလောက်ပေပြီ။ သို့သော် ကြွေသည် မရဏာသေမင်းကို မေ့လျော့နေခဲ့မိသည်။ ကြွေသာမက မေမေလည်း သတိရဟန်မတူ။ ကြွေ့ စိတ်ကူးကမ္ဘာထဲတွင် အသက်တစ်ရာ့နှစ်ဆယ်ရှည်နေသော မေမေသည် လက်တွေ့လောက၌ ကြွေ့ကို ရုတ်ချင်းခွဲခွာသွားရရှာသည်ကို ကြွေ မယုံချင်၊ ကြွေလက်မခံချင်။ မေမေသာ အသက်ရှည်

ခဲ့လျှင် ကြွေသည် သီတာအေးမြသို့လည်း ရောက်ရမည်မဟုတ်။ ကိုလေးတို့ မိသားစုနှင့်လည်း ပတ်သက်ခဲ့ရမည်မထင်။ ထို့ပြင် ထို့ပြင်

'ဟော့ ကြွေ ဘာငိုင်နေတာလဲ၊ ကြည့်စမ်း ဒီမှာ တစ်မျိုးပဲနော်၊ ဝင်းဝင်း အခုမှ ထန်းရည်ဆိုတာ အသေအချာ မြင်ဖူးတာ'

ဖွေးလက်နေသောဖန်ခွက်ဖြူထဲတွင် ဖြူနောက်နောက် အရည်များ ဝဲလှည့်နေသည်။ ချဉ်စူးသောရနံ့သည်လည်း ကြွေ့နှာဝသို့ အလုအယက် တိုးဝင်လာကြသည်။ ကြွေသည် ဖန်ခွက်ထဲတွင် ဝဲလှည့်နေသည့် ဖြူဖြူနောက်နောက် ထန်းရည်များအထဲတွင် မေမေ့ကို အပြုံးယဲ့ယဲ့လေးနှင့်မြင်ယောင်နေမိသည်။ မေမေပြောသောသူရာပုံပြင်ကိုလည်း သဲ့သဲ့လေး ကြားနေမိသည်။

'ဝင်းဝင်းရယ် သွန်ပစ်လိုက်စမ်းပါ'

'ဟောတော့'

'သွန်ပစ်လိုက်ပါကွယ်'

'နမြောစရာကြီး'

'ဒီမူးယစ်စေတတ်တဲ့အရည်တွေဟာ လူရဲ့အသိဉာဏ် အဆင်ခြင်တရားတွေ အကုန်လုံးကို တွေဝေထိုင်းမှိုင်းစေတာပဲ'

'အို ဒါက ထန်းရည်ချိုပါ'

'ဘာပဲဖြစ်ဖြစ်ကွယ်၊ ဆရာမတွေ ထန်းရည်သောက်ကြတယ်လို့ ရပ်ရွာက သိရင်ကော ကောင်းမလား'

'ဟုတ်တယ် ဝင်းဝင်း ကြွေ ပြောတာမှန်တယ်၊ ကိုယ့်ဟာကိုယ် အလွတ်လာလည်တုန်း ဘာလုပ်လုပ်၊ ခုလို လုပ်အားပေးလာတုန်း ဆရာအနေနဲ့ရောက်တုန်းတော့ တတ်နိုင်သမျှ ဆင်ခြင်ရမယ်၊ ကြွေကို အေးသွယ် ထောက်ခံတယ်'

အေးသွယ်ကပါ ဝင်ပြောသောအခါတွင်ကား ဝင်းဝင်း အပင်တပန်းသယ်ခဲ့သော ထန်းရည်များ မြေခကြရရှာသည်။ ဝင်းဝင်းခမျာ

နှစ်ယောက်နှင့်တစ်ယောက်မို့ မာန်လျှော့ကာ အရှုံးပေးလိုက်ရသည်။ မြေကြီးထဲ စိမ့်ဝင်သွားသောအရည်များကို နမြောတသစွာ ငေးကြည့်နေရှာသည်။

'အေးသွယ်ရယ် ဒီနေ့ မေမေ့ကို သိပ်ပြီးသတိရတာပဲ၊ မေမေသာ အသက်ရှည်ခဲ့ရင် ကြွေ စကားမြိုင်မှာပဲနေပြီး ဆရာမဖြစ်နေလောက်ပြီ အေးသွယ်နဲ့လည်းတွေ့ရမှာမဟုတ်ဘူး၊ ဒီလိုဆို အေးသွယ်လည်း ကြွေ အတွက် စိတ်ညစ်ရတော့မှာ မဟုတ်ဘူးပေါ့နော်'

'ဘဝကို ဘာလို့အပျက်ဘက်ကချည်း တွေးရတာလဲကြွေရယ်၊ တစ်နည်းလှည့်ပြီး အကောင်းဘက်က စဉ်းစားကြည့်စမ်းပါလား၊ ကြွေ့မေမေဆုံးတာ ကောင်းတော့ ဘယ်ကောင်းမလဲ၊ ဒါပေမဲ့ အဲဒီအတွက် ကြွေ့ ဘဝပြောင်းလဲခဲ့တယ်၊ ကြွေ တက္ကသိုလ်ကို ရောက်လာတယ်၊ အေးသွယ်တို့နဲ့ခင်ရတယ်၊ အဲဒီလိုဆိုရင် ဖြေနိုင်စရာရှိတာပေါ့'

ကြွေသည် တိုးတိုးလေးရယ်ပြီး အေးသွယ်၏လက်ကို ကျေးဇူးတင်လှစွာ ညှစ်ကိုင်ထားလိုက်မိလေသည်။ လရောင်လဲ့လဲ့တွင် ဝင်းပနေသော အေးသွယ်၏မျက်နှာတွင် ဘဝအားမာန်အပြည့်တွေ့ရသည်။ ကြွေ ညှစ်ကိုင်ထားသော အေးသွယ်၏ လက်နွေးနွေးလေးမှတစ်ဆင့် ကြွေကိုယ်ထဲသို့ သတ္တိနှင့် မာန်တို့သည် တဖြည်းဖြည်း စိမ့်ဝင်လာနေသလိုခံစားရသည်။

'စကားမြိုင်မှာဆို အေးသွယ် ပျော်မှာ'

'သွားလည်မလား၊ အခုရွာနဲ့ နီးလို့လား'

'ဟင့်အင်း အဝေးကြီး၊ နီးတာက နီးတာကလေ'

'နီးတာက ဘာလဲ'

'သီ တာ အေး မြ'

'ကြွေ အေးသွယ်တို့ သွားကြရအောင်'

'ဘယ်တော့လဲ'

'အားတဲ့နေ့'

အေးသွယ်သည် ကြွေမျက်လုံးထဲသို့ တည့်တည့် စူးစိုက်ကြည့် ရင်း အကဲခတ်နေသည်။ ကြွေလက်များ ရုတ်ချင်းအေးစက်မသွားသော် လည်း မျက်လုံးညိုလေးများကို အဝေးသို့ လွှဲဖယ်မပစ်သော်လည်း ကြွေ အသံကမူ တိုးပျော့သွားသည်။

'သီတာအေးမြကို ကြွေ ရင်ဆိုင်ရမယ်၊ ပြန်သွားရမယ်။ သတ္တိ ရှိတဲ့ ကြွေ၊ မကြောက်တတ်တဲ့ ကြွေအနေနဲ့ ပြန်သွားပြီး အရာရာကို ရင်ဆိုင်ရမယ်။ အေးသွယ်ပြောတာကို နားလည်တယ်မဟုတ်လား ကြွေ၊ လက်ခံတယ် မဟုတ်လား ဟင်၊ အေးသွယ်ရဲ့စေတနာကို သဘော ပေါက်စမ်းပါ သူငယ်ချင်းရယ်'

'နားလည်ပါတယ်ကွယ်'

ကြွေသည် ဖျော့တော့စွာပြောရင်း ပင့်သက်ရှိုက်မိသည်။ လေ ထဲတွင် သတ္တိခိုး သတ္တိငွေ့များ ဝဲပျံ၍ပါလာလိမ့်မည်လား ဟူသော အတွေးရူးကလေးနှင့် အသက်ကို မျှင်း၍ ရှူနေမိသည်။

'ဒီလိုဆို သွားကြမယ်နော်'

ကြွေသည် စိတ်အားထက်သန်စွာပြောသော အေးသွယ်ကိုငေး ကြည့်ရင်း မျက်ရည်လည်လာသည်။ ထို့နောက် ဦးခေါင်းကို လေးပင်စွာ ညိတ်ပြလေသည်။

ကြွေ့လက်ဖျားလေးများကို ဆုပ်ကိုင်မကြည့်ဘဲ အေးစက်နေ ပြီကို အေးသွယ်သိသည်။ သို့သော်လည်း မသိသလိုပင် နေလိုက်သည်။ ကြွေ့ကို အားပေးစကားထပ်မဆိုတော့ဘဲ သီချင်းလေးတစ်ပိုဒ်ကိုသာ တိုးတိုးလေး ညည်းနေမိသည်။

လေထဲတွင် ငြိမ့်ဝဲနေသော သီချင်းသံတိုးတိုးလေးကို နား ထောင်ရင်း ကြွေသည် ငြိမ်သက်စွာ ငေးနေလေသည်။

❖

'သတ္တိဆိုတာ ရင်ဆိုင်ခြင်းပဲ ကြွေ၊ ဖြစ်လာသမျှ၊ ပျက်လာသမျှကို ဖြစ်တဲ့အတိုင်း ပျက်တဲ့အတိုင်း မတုန်မလှုပ် ခံနိုင်ရည်ရှိမယ်ဆိုရင် အဲဒီလူဟာ သတ္တိရှိတဲ့လူပဲ၊ ရင်မဆိုင်ရဲဘဲ ရှောင်လွှဲနေမယ်၊ တိမ်းနေမယ်ဆိုပါတော့ သူ့ဘဝမှာ အဲဒီအဖြစ်ဟာ အိပ်မက်ဆိုးကြီးလို အမြဲခြောက်လှန့်နေလိမ့်မယ်။ တိမ်းရှောင်နေသမျှကာလပတ်လုံး အိပ်မက်ဆိုးထဲမှာ တဝဲဝဲလည်နေမှာပဲ။ ရှိသမျှအင်အားလေးကိုစုပြီး ဖြစ်ပျက်သမျှကို ရင်ဆိုင်မယ် ဖြေရှင်းမယ်ဆိုပါတော့ ကြွေရယ်၊ သူဟာ အိပ်မက်ဆိုးကြီးထဲက လွတ်ထွက်ပြီး တရေးနိုးရမှာပေါ့ကွယ်'

အေးသွယ်သည် အညာနေပူပူအောက်တွင် အထီးတည်း ရပ်တည်နေသော အိမ်ကြီးကို ငေးမောကြည့်ရင်း တစ်လုံးချင်းပြောမိသည်။ ထုထည်ခိုင်ခန့်စွာနှင့် ရှေးဆန်ဆန်ဆောက်ထားသော အိမ်ကြီးသည် ခံ့ညားလှပ လှသည်။ အရှင်မရှိ၊ သခင်မရှိ၊ မြက်ပင်ရိုင်းများကို အဖော်ပြုကာ ပျင်းရိငြီးငွေ့စွာနှင့် နှစ်နှစ်တာ ကာလကိုကျော်လွှားခဲ့ရပုံရသည်။

ကြွေသည် အိတ်ထဲမှကြေးသော့တံတစ်ချောင်းကို တုန်တုန်ယင်ယင်နှင့် ထုတ်ယူလိုက်သည်။ တံခါးဝမှ ကြေးဝါသော့ခလောက်ကြီးသည်ပင် သူ့ကိုကြာရှည်စွာခွဲခွာသွားသော သခင်မကို ကောင်းစွာမှတ်မိတော့ ပုံမရချေ။ သူ့ကို တုန်ယင်စွာနှင့်ပိတ်သွားခဲ့သော နူးနူးညံ့ညံ့လက်ကလေးများ၏အထိအတွေ့ကိုကား မှတ်မိသင့်သည်။ ယခု ထိုလက်ကလေးများ ပြန်လာပေပြီ။ ကြေးဝါသော့ကြီးသာ စကားပြော တတ်

လျှင် "သခင်မရယ် ကျွန်တော့ကို ဒီတံခါးဝမှာ အစောင့်ချပြီး ဘယ်ကို များ အကြာကြီးထွက်သွားတာလဲ" ဟုမေးလိမ့်မည်လားဟု အေးသွယ် သည် ကလေးဆန်ဆန် တွေးနေမိသည်။

"ဂျောက်" ခနဲ သော့ပွင့်သွားသောအသံသည် အေးသွယ်၏ အတွေးကို ဖြတ်တောက်ပစ်လိုက်သည်။ တံခါးကို တွန်းဖွင့်လိုက်ပြီး ကြွေသည် ယောင်ကန်းကန်းနှင့် မျက်စိကိုစုံမှိတ်ထားလေသည်။ ပြတင်း မှတစ်ဆင့် ခပ်မှိန်မှိန်နှင့် မှုန်ဝါးဝါးထိုးဝင်နေသော အလင်းရောင်အောက် တွင် ဖုန်များ ထုတက်နေသောဧည့်ခန်းမသည်လည်း ချောက်ချားစဖွယ် ငြိမ်သက်နေသည်။ ဆိုဖာ ကုလားထိုင်ကြီးများ၊ အလှပြု ဗီရိုကြီးများ နှင့် အခန်းထောင့်တွင် စန္ဒရားတစ်ခုကိုပါ တွေ့ရသဖြင့် အိမ်ရှင်တို့၏ လူနေ မှုအဆင့်အတန်းကို အလွယ်တကူ အကဲခတ်နိုင်သည်။

'လာ လာ ကြွေ ဖုန်တွေ မွှန်လိုက်တာ'

အေးသွယ်သည် အခန်းထဲသို့ ခပ်သွက်သွက်လှမ်းဝင်ပြီး ပြတင်းပေါက်များကိုဖွင့်လိုက်သည်။ ချောက်ချားစဖွယ် တိတ်ဆိတ်လွန်း သောကြောင့် ကိုယ့်အသံနှင့်ကိုယ့်ကိုယ်ကို ပြန်အားပေးပြီး ဝုန်းဝုန်းဒိုင်း ဒိုင်း မြည်အောင် တမင်ပင်ပြုမိသည်။

ပြတင်းပေါက်များကို ကုန်အောင်ဖွင့်ပြီး ခန်းဆီးရှည်ကြီးများ ကိုပါ ဆွဲဖယ်လိုက်သောအခါ မှုန်ဝါးဝါး အခန်းကျယ်ကြီးသည် လင်း လာသည်။ အခန်းထဲသို့ နှစ်နှင့်ချီပြီးမဝင်ရဘဲ နေ နေရသော လေပြည် အေး အေးသန့်သန့်သည်လည်း ရုတ်ခနဲပြေးဝင်လာလေသည်။

'ဟား ကောင်းလိုက်တာ ခြံကြီးကလည်း အကျယ်ကြီး၊ အိမ် ကြီးကလည်း အကျယ်ကြီး၊ ပစ္စည်းတွေကလည်း အကောင်းစား၊ ကြွေ ရာ အေးသွယ်တို့တွေ အဆောင်မနေဘဲ ဒီမှာနေရရင် ဖိမ်ပဲနော်'

အေးသွယ်သည် ဆိုဖာကုလားထိုင်ကြီးပေါ်သို့ အိခနဲ ထိုင်ချ လိုက်ရင်း ခပ်ရွှင်ရွှင်လေး ပြောလိုက်သည်။ ကြွေကို လှမ်းကြည့်မိသော

အခါတွင်ကား အေးသွယ်ရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ ကြွေသည် အခန်းထဲသို့ပင် လှမ်းမဝင်သေးချေ။ တံခါးပေါင်ကို တင်းတင်းဆုပ်ကိုင်ရင်း အခန်းထောင့်တစ်နေရာကို သတိလက်လွတ် ငေးကြည့်နေသည်။ ကြွေကိုယ်တွင်းသို့ အေးသွယ် အတင်းရော အစမ္ဘရိုက်သွင်းထားခဲ့သော သတ္တိလေးများသည် လွင့်စဉ်ပျံ့ဝဲကုန်လေပြီလားဟူသော စိုးရိမ်စိတ်ကလေးနှင့် အေးသွယ်သည် ကြွေဆီသို့ သွက်သွက်လျှောက်သွားမိ သည်။

'ကြွေရယ် လာလေ ဘာလို့ ငိုင်နေရတာလဲ'

သူ့လက်ကို တင်းတင်းဆုပ်ကိုင်လိုက်သောအေးသွယ်ကို ဖျတ်ခနဲကြည့်ပြီး ကြွေတစ်ကိုယ်လုံး တောင့်တောင့် တင်းတင်းလေး ဖြစ်သွားလေသည်။ အေးသွယ်ကိုပင် မမှတ်မိတော့သလို အတန်ကြာအောင် ခပ်ကြောင်ကြောင် စိုက်ကြည့်နေသည်။

'ကြွေ ကြွေ ဘာဖြစ်နေတာလဲ'

'သြော် အေးသွယ် ရယ်'

ကြွေသည် မျက်တောင်ကို တဖျပ်ဖျပ်ခတ်ကာ ခေါင်းငုံ့လိုက်သည်။ ဖရိုဖရဲနှင့် ယောက်ယက်ခတ်နေသောစိတ်ကို စုစည်းနေ ဟန်နှင့် အသက်ကို ပြင်းပြင်းရှူနေလေသည်။

'မေမေသက်တို့ကို သတ်တာ အဲဒီနေရာပေါ့။ အမလေး ဓားကြီးနဲ့လေ ခုတ်လိုက်ပိုင်းလိုက်တာ အို အဲဒီ အခန်းထောင့်မှာပေါ့ အတုံး အရုံး'

ထစ်ထစ်ငေါ့ငေါ့ပြောနေသော ကြွေကို ကြည့်ရင်း အေးသွယ် ပင့်သက်ရှိုက်မိသည်။ စိတ်နှလုံး မခိုင်ခန့်သူကိုမှ ချောက်ချားဖွယ် အရပ်ကို ပြန်ခေါ်လာမိချေပြီ။ ကြွေ ရင်ထဲမှ ရှိစုမဲ့စု သတ္တိသေးလေးများ အတောင်ပေါက်ပြီး ပျံပြေးလုနီးပြီထင်သည်။

'တော်စမ်း ကြွေ တိတ်စမ်းပါ၊ ဘာလို့ ဒါတွေကိုပြန်တွေးနေရတာလဲ၊ ပြီးတာက ပြီးပြီ၊ ပြီးပြီးသားတွေကို ပြန်စဉ်းစားမနေနဲ့၊ လာ လာ အေးသွယ်ကို ကြွေ နေတဲ့အခန်းပြပါဦး'

အေးသွယ်သည် စကားရောဖောရောနှင့် ကြွေ ပခုံးကိုအတင်း ဖက်ကာ ဆွဲခေါ်လိုက်သည်။ ပျော့နွဲ့သော ကြွေ၏ခန္ဓာကိုယ် သွယ်သွယ်လေးသည် အေးသွယ်ဆွဲခေါ်ရာဘက်သို့ ဆုတ်ကန်ကန်နှင့် ပါလာ လေသည်။

'အိမ်ကြီးက အကျယ်ကြီးပဲနော်၊ ကြွေတို့လေးယောက်တည်း နေကြတာဆိုရင် တစ်ယောက်နဲ့တစ်ယောက် ရှာမတွေ့အောင် တူတူ ပုန်းလို့တောင်ရတယ်။ အပေါ်ထပ်မှာ အိပ်ခန်းတွေရှိမယ်ထင်တယ်၊ ဟာ လေ့ကားလက်ရန်းကြီးကလည်း လျှောစီးလို့ရမယ်ဆရာ'

အေးသွယ်သည် တောင်စဉ်ရေမရ စိတ်ကူးပေါက်ရာ အမှျင် မပြတ် ပြောနေမိသည်။ တစ်လမ်းလုံး ကြောက်ရန်မစဉ်းစားခဲ့မိသော အေးသွယ်ခမျာ ယခုမှ ကြောက်ချင်ချင်ဖြစ်နေသည်။ လူသုံးဦးကို ရက်ရက်စက်စက် သတ်ဖြတ်ထားသော အိမ်ကြီးထဲတွင် နှစ်ယောက်တည်း ရောက်ရှိနေသည်ဟူသောအတွေးက ယခုမှဝင်လာသည်။ ကိုယ့်အသံ ကိုယ်ကြားနေရလျှင် အားတက်လာနိုးထင်မိသဖြင့် ကိုယ့်အသံနှင့်ကိုယ် အားပေးနေမိခြင်းဖြစ်သည်။

'ကြွေ အခန်းက အပေါ်ထပ်မှာ'

'လာ သွားကြည့်ရအောင်'

'ကြွေ မသွားချင်ဘူး'

'ဒါပေမဲ့ ကြွေ သွားသင့်တယ်၊ ကြည့်သင့်တယ်၊ စစ်ဆေး သင့်တယ်'

အေးသွယ်သည် စိုးမိုးသောအသံနှင့်ပြောလိုက်သည်။ ကြွေ သည် ခြောက်သွေ့နေသောနှုတ်ခမ်းကို ခပ်ဖွဖွလေးကိုက်ထားရင်း ပင့် သက်ရှိုက်လိုက်သည်။ ထို့နောက် စက်ရုပ်ကလေးတစ်ရုပ်ပမာ အိမ်ပေါ် ထပ်သို့ လေးလေးပင်ပင် လှမ်းတက်သွားလေသည်။

အိမ်အပေါ်ထပ်တွင် အိပ်ခန်းများ အစီအရီရှိသည်။ ကြွေ အခန်း

သည် အရှေ့ဘက်ကို မျက်နှာမူထားသော ထောင့်စွန်းအခန်းဖြစ်သည်။
'ကြွေ ဘာပစ္စည်းမှလည်း မသိမ်းခဲ့ပါလား'
အေးသွယ်သည် ရင်ထဲမှတီးတိုးပြောလိုက်မိသည်။ ကြွေ့အခန်းသည် ဖုန်တက်နေသည်မှအပ လူရှိနေသလို ခြေရာလက်ရာမပျက်ရှိသည်။ ဖတ်လက်စ တရားစာအုပ်ကလေးသည် စားပွဲပေါ်၌မှောက်လျက်သားရှိသည်။ ခေါင်းအုံးဖြူဖြူလေးဘေးတွင်ကား ပုယင်းပုတီးဝါဝါလေးသည် ငြိမ်သက်စွာ လဲလျောင်းနေ၏။ စားပွဲပေါ်တွင်တင်ထားသော ဓာတ်ပုံထဲမှ လူရွှယ်၏အပြုံးသည်ကား ကြည်မွေ့ဖွယ် အသက်ဝင်လှသည်။
'ကိုလေးရယ်'
ကြွေသည် ဆို့ဆို့နင့်နင့် ပြောလိုက်သည်။ ထို့နောက် ခုတင်တိုင် ကို တင်းတင်းဆုပ်ကိုင်ရင်း နှုတ်ခမ်းကိုသွေးထွက်မတတ်ကိုက်ထား လေသည်။ ပြင်းပြင်းထန်ထန် ဝေဒနာခံစားနေရသူကဲ့သို့ ကြွေ မျက်နှာ သည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။
'ကြွေ ဒါ ဘာတွေလဲဟင် သစ်ရွက်ခြောက်တွေလား'
ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသော ညိုညိုခြောက်ခြောက်ပစ္စည်းလေးများကိုနင်းမိသဖြင့် အေးသွယ်သည် စကားလွှဲ၍ မေးလိုက်သည်။ ကြွေသည် မသဲမကွဲ ညည်းသံလေးပြုလိုက်၏။ ထို့နောက် ဒူးကလေးထောက်၍ထိုင်လိုက်ရင်း သစ်ရွက်ခြောက်သဖွယ် ညိုခြောက်နေသော ပစ္စည်းလေးများကို တယုတယကောက်ယူလိုက်လေသည်။ မျက်ရည်တစ်စက်မျှမထွက်ဘဲရှိုက်ငင်နေသော ကြွေကိုကြည့်ရင်း အေးသွယ်ရင်ထဲတွင် တင်းကျပ်ကာ မောလာသည်။
'သစ်ရွက်ခြောက်တွေလား ဟင်'
'ပန်းခြောက်တွေပါ အေးသွယ်ရယ်'
'ဟင် ဘာပန်းလဲ'

'စ ကား ပန်း'

ကြွေသည် ရှိုက်၍ပြောရင်း အေးသွယ်၏လက်ကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ ရေခဲတမျှ အေးစက်နေသော ကြွေလက်ချောင်း သွယ်သွယ်လေးများသည် မသိမသာ တုန်ယင်နေသည်။

'ကိုလေး လေ ကိုလေး ပေါ့၊ ကြွေကို စကားပန်းတွေနဲ့ တအားကြီး ပစ်ပေါက်သွားတယ်။ နင့်မျက်နှာကို တစ်သက်လုံး အို တစ်သက်လုံး မကြည့်ချင်တော့ဘူးတဲ့ ဟင်'

ကြွေသည် တုန်ယင်စွာပြောနေရင်း စကားပြောရပ်ကာ မျက်လုံးလေးဝိုင်းသွားသည်။ အေးသွယ်၏ ပခုံးပေါ်မှကျော်ကာ တံခါးဝကို စူးစိုက်ကြည့်နေသော ကြွေမျက်နှာသည် သွေးဆုတ်နေသကဲ့သို့ ဖြူဖျော့ နေ၏။

အေးသွယ် အကျွမ်းတဝင် ရှူရှိုက်ဖူးသောရနံ့မွှေးမွှေးသည် သင်းပျံ့လာသည်။ အေးသွယ်၏ရင်ထဲတွင် မသိုးမသန့်ဖြစ်သွားပြီး တံခါးဝသို့ လှည့်ကြည့်မိသည်။ တံခါးဝတွင် ရပ်နေသောလူတစ်ဦးကို မားမားကြီး တွေ့သောအခါတွင် ဖြုန်းခနဲ လန့်ပြီးခုန်ထလိုက်သည်။

'အ မယ် လေး လေး ဘုရား ဘုရား သံဗုဒ္ဓေ ဣတိပိ ဟယ်တော့ ငမ်း မောင် မောင်'

အေးသွယ်၏အော်သံကြောင့် မောင်မောင်သည် ထိတ်လန့်တကြား နောက်ဆုတ်လိုက်လေသည်။ သူ့လက်ထဲတွင် မနိုင်မနင်း ပွေ့ ပိုက်ထားသော စကားပန်းအခက်အခိုင်များကို တွေ့ရသည်။ ပြတင်းတံခါးများကို ပိတ်ထားသဖြင့် ကြူသင်းသောရနံ့သည် အခန်းထဲတွင် ချာလည်လှည့်နေသည်။

'ကျွန် ကျွန်တော်ပါ အေးသွယ် မောင်မောင်ပါ၊ အေးသွယ်တို့ ရွာကိုလာလည်တာပါ။ ဒီကိုလာတယ်ဆိုလို့ စုံစမ်းပြီး လိုက်လာတာပါ၊ စိတ် စိတ်မဆိုးပါနဲ့ ကြွေရယ်။ အောက်မှာ ဘယ်သူမှမတွေ့တာနဲ့ အေးသွယ်တို့အသံကြားလို့ အပေါ်ကိုမှန်းပြီး တက် လာ မိ တာ ပါ'

မောင်မောင်သည် အထစ်ထစ်အငေါ့ငေါ့ ရှင်းပြနေလေသည်။ ထိတ်လန့်တကြားဖြစ်သွားသော မိန်းကလေးနှစ်ဦးကိုကြည့်ပြီး အားတောင့်အားနာဖြစ်သွားပုံရသည်။ သူ့လက်ထဲမှ စကားပွင့်ဖြူဖြူဖွေးဖွေးများ ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲကျကုန်သည်ကိုပင် သတိမမူနိုင်ချေ။

ကြမ်းပြင်ပေါ်တွင် မူလလက်ရှိ စကားပွင့်အခြောက် ညိုညိုများနှင့် လတ်ဆတ်မွှေးကြိုင်သော အပွင့်ဖြူဖြူလေးများရောပြီး ကြဲပြန့်နေသည်။ ကြွေသည် မောင်မောင်၏စကားကို ကြားဟန်မတူဘဲ စကားပွင့်လေးများကိုသာ သတိလက်လွတ် ငေးကြည့်နေလေသည်။ ကြွေ့မျက်နှာသည် နွမ်းနယ်ဖျော့တော့လွန်းလှသည်။ မွှေးပျံ့ကြိုင်လှိုင်သော စကားပန်းရနံ့ကိုရှူရှိုက်ရင်း ကြွေ၏စိတ်အစဉ်သည် ပြီးခဲ့သော အတိတ်ကာလဆီသို့ ပျံဝဲသွားပြီ ထင်သည်။

'အေးသွယ်တို့လည်း ဖြုန်းခနဲ လန့်သွားတာပါ၊ အတော်ပဲ နှစ်ယောက်တည်း ကြောက်ချင်ချင်ဖြစ်နေတုန်း အဖော်လိုနေတာနဲ့ အတော်ပဲ'

အေးသွယ်သည် စကားပြောရင်း အခြေအနေကိုထိန်းရန် ကြိုးစားမိသည်။ ပြတင်းတံခါးများကို ဖွင့်လိုက်သောအခါ နေခြည်ထွေးထွေးသည် အခန်းထဲသို့ တိုးဝင်လာလေသည်။ ပြတင်းတွင်တပ်ဆင်ထားသော ဇာခန်းဆီးရှည်ကြီးများသည်လည်း လေပြည်အေးတွင် လွင့်လူးလာလေသည်။

ကြွေသည် ခုတင်ကိုမှီ၍ထိုင်နေသည်။ ရွှေရောင် နေခြည်တန်းသည် ကြွေ့မျက်နှာ ဖြူဖျော့ဖျော့ပေါ်တွင် မီးမောင်းထိုးထားသလို ကျရောက်နေ၏။ မောင်မောင်သည် ဘာဆက်ပြောရမည်၊ ဘာဆက်လုပ်ရမည်ကို မဝေခွဲနိုင်ဘဲ ငေးကြောင်ကြောင် ရပ်နေမိသည်။ လက်ထဲမှ ပန်းခက်ပန်းခိုင်များကို သတိရသောအခါမှ ကြွေ့ဆီသို့ ဖြည်းဖြည်းလျှောက်သွားမိတော့သည်။

'ကြွေကြိုက်တဲ့ စကားပန်းတွေလေ၊ ကြွေဖို့ ကျွန်တော်ခူးလာတာ'

ကြွေမျက်နှာသည် ဖြန်းခနဲ သွေးရောင် လွှမ်းသွားလေသည်။ ထို့နောက် ပန်းများကို အသာတကြည် လှမ်းယူပြီး ပွေ့ထားလိုက်သည်။ ကြမ်းပြင်ပေါ်တွင် ပုံ့ပုံ့ရှိရှိလေးထိုင်ပြီး ပန်းဖြူဖြူများ ပွေ့ပိုက်ထားသော မိန်းကလေး၏ရုပ်သွင်သည် ပန်းချီဆန်လှသည်။ မျက်လုံးအစုံတွင် မျက်ရည်များ စိမ့်အိုင်ဝေ့လည်နေသော ကြွေသည် မောင်မောင့်ကို ငိုမလိုမျက်နှာထားလေးနှင့် ပြုံးပြလေသည်။

'ကြွေရေ ဒီပြင်အခန်းတွေ ကြည့်ကြဦးစို့လား၊ လာ လေ'

ယောကျာ်းပျိုတစ်ဦးနှင့်အတူ အိပ်ခန်းထဲတွင် ကြာရှည်နေရန် မသင့်တော်ဟု အေးသွယ် သတိဝင်လာသည့်အတွက် ကြွေကိုလှမ်းပြောလိုက်သည်။ ကြွေသည် အေးသွယ်ကို ဘာမျှပြန်မပြောဘဲ စကားပန်းလေးများထဲတွင် မျက်နှာကိုငုံ့၍အပ်ထားလေသည်။

'ကြွေရယ် ထပါတော့ဗျာ'

မောင်မောင်ကပါ တောင်းပန်သလို ဆိုသောအခါ ကြွေကိုယ်လုံးလေးသည် ရှိုက်ငင်နေသူလို တုန်၍ လာပြန်လေသည်။

'ကြွေ ကြွေ ပြောပါရစေဦး အေးသွယ်ရယ်၊ ကြွေ ရူးမသွားအောင် ကြွေပြောတာကို နားထောင်ပါဦး'

ကြွေသည် ဆို့နင့်ကြေကွဲစွာ ပြောသည်။ ကြွေမျက်လုံးညိုညိုလေးထဲတွင် စိမ့်အိုင်နေသော မျက်ရည်ကြည်များကြောင့် အေးသွယ်ကိုပင် သဲကွဲစွာမြင်နိုင်မည်မထင်။ ထိုမျက်လုံးညိုလေးမှတစ်ဆင့် ကြွေ့အကြောင်းကို ကြွေသည် တုန်လှုပ်စွာ၊ ကြေကွဲစွာ ပြောပြလေသည်။

'ကြွေလေ ဒီအိမ်မှာ သိပ်ပြီးပျော်ခဲ့ပါတယ်'

❖

'ကြွေ သမီးလေး ဒီမှာ ပျော်ရဲ့လား'

မေမေသက်သည် ကြွေ့နဖူးဆံစများကိုသပ်ကာ မကြာခဏမေးလေ့ရှိသည်။ ကြွေသည် မေမေ့ကို တမ်းတ လွမ်းမိလေတိုင်း အမေစားဖြစ်သူ မေမေသက်၏ ရင်ခွင်တွင်းသို့ တိုးဝင်မိလေသည်။

'သီတာအေးမြဟာ ငါ့သမီးလေးဖို့ပဲ၊ သမီးဘာမှ စိတ်မငယ်နဲ့နော်၊ သမီးနဲ့သား ဥမကွဲ သိုက်မပျက် ချစ်ချစ်ခင်ခင် နေရစ်ကြရအောင်ပေါ့၊ မေမေသက်ပြောတာ သမီးလေး နားလည်တယ်နော်'

ကြွေသည် မေမေသက်ကို အားကိုးတကြီးကြည့်ရင်း ခေါင်းညိတ်ပြမိသည်။ "သမီးနဲ့သား ဥမကွဲသိုက်မပျက် နေကြရအောင်" ဟူသောစကားကြောင့် ရင်ထဲတွင် နွေးနေသည်။ ပီတိပြုံးလေးပြုံးရင်း ရက်စိတ်ကလေးများ ဝေဖြာနေသည်။

'ကြွေနဲ့ကိုလေး ကိုလေးနဲ့ကြွေလေ ဟောဒီ သီတာအေးမြအိမ်ကြီးမှာပေါ့၊ ချစ်ချစ်ခင်ခင်နေ၊ အိုအောင် မင်းအောင်ပေါင်း၊ သားတစ်ဖြာမြေးတစ်ရာရ၊ ဟား ဟား ဟား'

ကိုလေးသည် တဟားဟားနှင့် ရွှင်ရွှင်ကြီးရယ်မောရင်း စိတ်ကူးယဉ်လေ့ရှိသည်။ ထိုအခါမျိုးတွင် ကြွေသည် တစ်ကိုယ်လုံးပူထူပြီး ခေါင်းကို အတွင်ငုံ့ထားလေ့ရှိသည်။ တစ်ခါတစ်ရံ စိတ်ပေါက်လျှင်

လည်း တွေ့ရာပစ္စည်းနှင့် ရှက်ရမ်းရမ်းပြီး ပစ်ပေါက်တတ်သည်။ ကိုလေးသည် ဘယ်တိမ်း ညာယိုင်၊ ခုန်ဆွ ခုန်ဆွနှင့် တိမ်းရှောင်နေရင်း ပျော်ရွှင်စွာ ရယ်မောလေသည်။

'ဟား ဟား ကိုလေးနဲ့ကြွေ မွေးတဲ့သမီးလေး အပျိုဖြစ်ရင် နင့်အမေလို ဒေါသမကြီးနဲ့၊ ကောင်လေးတွေ မကြိုက်ဘဲနေမယ်လို့ ဆုံးမရဦးမယ်၊ ဟား ဟား ဟား'

နောက်ဆုံးတွင်ကား ကြွေလည်းမနေနိုင်၊ ရယ်မောရတော့သည်။ ရှက်သွေးများဖြန်းပြီး နီတွေးနေသော ကြွေမျက်နှာငယ်နုနုလေးကို မြတ်မြတ်နိုးနိုးကြည့်ရင်း ကိုလေးက ညင်သာစွာပြောလေသည်။

'စိတ်မဆိုးပါနဲ့ ညီမလေးရယ်၊ ကိုလေးက ချစ်လို့ ကြည်စားတာပါ၊ ကြည့်စမ်း ကိုလေးကို မော့ကြည့်စမ်းပါ၊ ကြွေရုပ်မရယ်'

ကြွေသည် ကိုလေးကို တည့်တည့် စူးစိုက်ကြည့်မိသည်။ ကြွေနှင့်ကိုလေးသည် ခေတ္တမျှ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆိုင်ရင်း ကြည့်နေမိကြသည်။ ယောကျ်ားပင်ဖြစ်သော်လည်း ကိုလေး၏မျက်တောင်များသည် မိန်းကလေးများထက် ရှည်လျားကာ အဖျားကော့နေသည်။ မျက်ခုံး ထူထူ၊ မျက်တောင်ရှည် ကော့ကော့များအောက်မှ မျက်လုံးနက်နက်တွင်မေတ္တာငွေ့များဝဲကာ ရွှန်းစိုနေသည်။ နှာတံစင်းပြီး နှုတ်ခမ်းပါးကာ မေးရိုးကားကားနှင့်မို့ ကိုလေး၏ရုပ်သွင်သည် ယောကျ်ားပီပီချောမောလေသည်။

'ကြွေ ကိုလေးကို စကားပြောနေတယ်နော်'

'ဟင် ကြွေဘာမှလည်း မပြောဘဲနဲ့'

'ပြောပါတယ်'

'ပြောပါဘူး'

'ကြွေရယ် ကြွေမျက်လုံးလေးတွေက ပြောနေတယ် သိလား'

'သိပါဘူး'

'သိပါတယ်ကွယ်၊ ကိုလေးကိုသိပ်ချစ်တာပဲလို့ ပြောနေတယ်'

'ဟင် ဟုတ်ဘဲနဲ့'

ကြွေသည် ခေါင်းကလေးငဲ့ကာပြောရင်း မျက်လုံးအစုံကို ရှက်စနိုးနှင့် မှိတ်ထားလိုက်မိသည်။ ကိုလေးကို ကြွေ အမျိုးမျိုးဆိုးခဲ့ နွဲ့ခဲ့ရသည်။ ကိုလေးသည် ကြွေ၏တစ်ဦးတည်းသော အကိုဖြစ်သည်။ ကြွေ၏ တစ်ဦးတည်းသောကစားဖော်လည်းဖြစ်ခဲ့သည်။ ယခုအခါတွင်ကား ကြွေရုပ်လေးလိုလှသောကြွေ၏ ချစ်ဦးသူ၊ ကြွေ၏ အားကိုးရာ၊ ကိုးကွယ်ရာ။

'ချစ်တယ်ဆိုတာ ဘယ်လိုနေလဲ ကိုလေးရယ်၊ ကြွေကိုလေးကို ဘယ်လောက်ချစ်လဲတော့ ကြွေ ကိုယ်ကိုလည်း ကြွေ မသိဘူး၊ ပြောလည်း မပြတတ်ဘူး။ ကြွေသိတာကတော့ တစ်ခုတည်းရယ် ကြွေ ကိုလေးနဲ့ ခွဲမနေနိုင်ဘူး၊ ခွဲရမှာကို သိပ်ကြောက်တယ် ဒါပဲ၊ ကြွေ သိတာ အဲဒီတစ်ခုတည်းရယ်'

'စကားပန်းလေးတွေ မနာလိုဖြစ်ကုန်ကြပြီ ကြွေရေ၊ ကြွေက ကိုလေးကို သူတို့ထက် ပိုချစ်နေတယ်ဆိုပြီး အတင်းပြောနေကြတယ်'

'စကားပန်းလေးတွေကိုမြင်တိုင်း ကြွေ့ကိုသတိရပါ ကိုလေးရယ်။ ကြွေ သေရင်တောင်မှလေ စကားပန်းလေးယောင်ဖန်ဆင်းပြီး ကိုလေးနားကို ကြွေကျမယ်၊ ကိုလေးက ကောက်ယူနော်။ ကိုလေးက ပန်းလေးကိုနမ်းရင် သင်းပျံ့ပျံ့အနံ့လေးနဲ့တူတူ ကြွေ့ကို မမေ့နဲ့နော်လို့ တိုးတိုးလေး ပြောမယ်လေ'

ကြွေသည် ကိုလေး၏လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း တိုးတိုးနွဲ့နွဲ့လေး ပြောသည်။ မေတ္တာရည်ဖျန်းသော ကြွေ၏ မျက်နှာ သွယ်သွယ်လေးသည် ဝင်းပနေသည်။

'ဘဝဆိုတာ စိတ်ကူးတဲ့အတိုင်း ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ပါ့မလားလို့ ကိုလေး စိုးရိမ်တယ်'

တစ်ခါတစ်ရံ ကိုလေးသည် စိုးရိမ်ကြောင့်ကြသလို ပြောတတ်လေသည်။ ကိုလေး အစိုးရိမ်ကြီးရန်ကောဟု အပြစ်တင်ရင်း ကြွေရယ်ခဲ့ရသည်။ ကြွေ စိတ်ကူးကမ္ဘာထဲတွင် ကိုလေးသည် ကိုလေးဖြစ်ချင်လှသော လေသူရဲကြီးဖြစ်၊ ကြွေ ကလည်း ကျောင်းဆရာမကြီးဖြစ်၊ မေမေ သက်တို့ ပြောသလို ချစ်ချစ်ခင်ခင်နေ၊ အနှောင့်အယှက် အဖျက်အဆီး ဆို၍ မြူမှုန်မမြင်။

သို့သော် သို့သော် တစ်နေ့ ထိုတစ်နေ့ကို ကြွေ ဘယ်တော့မှ မေ့နိုင်တော့မည်မထင်။ ကြွေ ဘဝကို အိပ်မက်ဆိုးကြီးထဲသို့ကျရောက် သွားစေသော နေ့၊ ကြွေ့ကမ္ဘာကိုဖျက်ဆီးပစ်လိုက်သော နေ့၊ ထိုနေ့တွင် ဓားပြများသည် သီတာအေးမြကိုဝိုင်းခဲ့ကြသည်။

ထိုအချိန်က ကြွေသည် မြေတိုက်ခန်းထဲတွင် ရှိသည်။ သီတာ အေးမြသည် ရှေးဆန်ဆန်ဆောက်ထားသော အိမ်ဖြစ်သည်။ ရှေးလူကြီး များမို့ သူခိုးဘေး၊ ဓားပြဘေး၊ ရန်သူဘေးမှ ရတ်တရက် ပုန်းရှောင်နိုင်ရန် မြေတိုက်ခန်းကို လှေကား၏အောက်ဘက်တွင် ကွယ်ဝှက်၍ တည် ဆောက်ထားသည်။ မြေတိုက်ခန်းထဲတွင် ဆန် ဆီမှ အစပြု၍ သုံးလေးရက် အလွယ်တကူခိုအောင်းနိုင်ရန် ရိက္ခာသိုလှောင်ထားသည်။ တစ်ခါ တစ်ရံ ကိုလေး အမဲလိုက်လျှင် ကိုင်ဆောင်သော သေနတ်တို့ကို လည်း မေမေသက်သည် မြေတိုက်ခန်းထဲသို့ပို့ထား၏။ စိတ်နှလုံး နူးညံ့လှ သော မေမေသက်သည် လူသတ်ရန် မဆိုထားဘိ၊ လူသတ်လက်နက် ကိုပင် ဝံ့ဝံ့စားစား ကြည့်လိုစိတ်မရှိချေ။ ဘဘသော်က ဉာဏ်အမြော် အမြင်ကြီးစွာဆောက်လုပ်ထားသော မြေတိုက်ခန်းတည်နေရာကို ကိုလေးတို့မိသားစု သုံးဦးနှင့် ကြွေမှလွဲ၍ မည်သူမှ မသိကြပေ။

ကြွေသည် မြေတိုက်ခန်းနံရံကိုမှီထိုင်ရင်း ကျိတ်ပြုံးလေး ပြုံးနေမိ သည်။ ကိုလေး မြို့ထဲသို့ထွက်သွားသည်မှာ ကြာလှချေပြီ။ မိုးချုပ် လုနီးပြီမို့ ကြွေ စိတ်ဆိုးချင်လာသည်။ ကိုလေးပြန်လာလျှင် ကြွေ့ကို

အရင်ဆုံးတွေ့ချင်မည်။ ရှာလိမ့်မည်ကို ကြွေ သိထား၏။ ထို့ကြောင့် မြေတိုက်ခန်းထဲ တမင်ဝင်ထိုင်နေခြင်း ဖြစ်သည်။ အသုံးပြုခဲ့လှသော မြေတိုက်ခန်းထဲသို့ ကိုလေး ချက်ချင်းဝင်ရှာလိမ့်မည် မဟုတ်။ ကိုလေး မောအောင်ရှာရမည်ဖြစ်၏။ ခေါ်လျှင်လည်း မထူးဘဲနေမည်။ အော်လျှင်လည်း မကြားချင်ယောင်ဆောင်မည်ဟု ညစ်စိတ်ကလေးနှင့် စဉ်းစားရင်း ကြွေတစ်ဦးတည်း ပြုံးနေမိသည်။

ကြွေ အသံများကို ကြားရသည်။ ကိုလေး၏အသံ မဟုတ်၊ ကိုလေး၏ခေါ်သံမဟုတ်။ ရုတ်ရုတ်သဲသဲ အသံများ၊ ခြိမ်းခြောက်သော အသံကြမ်းကြမ်းများ ဖြစ်သည်။ စိုးရိမ်စိတ်ကလေး ဆူဝေလာပြီး ကြွေသည် မြေတိုက်ခန်းထဲမှ ကမန်းကတန်း တက်လာမိသည်။

'ဘုရား ဘုရား'

ကြွေသည် ဘုရားတရင်း ယိမ်းယိုင်သွားလေသည်။ ဧည့်ခန်းထောင့်တစ်နေရာတွင်စု၍ ရပ်နေကြသော ဘဘသော်၊ မေမေသက်နှင့် ဒေါ်ကြီးစုကို တွေ့ရသည်။ သူတို့ကို ဓားကိုင်သော လူနှစ်ဦးကဝိုင်းထားသည်။ အပေါ်ထပ်တွင် ခြေသံများ ကြားရသည်။ လှေကားမှ ခပ်သွက်သွက်ဆင်းလာသော ခြေသံကိုလည်း ကြားရလေသည်။

'ကောင်မလေး မတွေ့ဘူး ဆရာ'

တစ်စုံတစ်ဦး၏ လှမ်းပြောလိုက်သောအသံကို ကြားရသော အခါတွင်ကား ကြွေသည် မြေတိုက်ခန်းထဲကို ရုတ်ခနဲပြန်ဝင်လိုက်မိသည်။ တစ်ကိုယ်လုံး ဖောချွေးများပြန်ကာ နွမ်းဟိုက်လာသည်။ ကြီး စွာသော အန္တရာယ်ကျရောက်နေပြီကိုသိသော်လည်း ဘာလုပ်ရမည်ကို မသိတတ်နိုင်အောင် ရှိတော့သည်။ မြေတိုက်ခန်းနံရံတွင်ချိတ်ထားသော သေနတ်ကိုတွေ့သောအခါမှ သတိဝင်လာပြီး အပြေးကလေးသွားယူမိ သည်။

ကြွေသည် တံခါးဝဆီသို့ သတိကြီးစွာနှင့် ပြန်တက်လာပြီး အပေါက်မှချောင်းကြည့်လိုက်သည်။ ဘဘသော်သည် အံကိုခဲကာ မျက်

နှာထားမပျက် ခပ်တည်တည်ရပ်နေသည်။ မေမေသက်နှင့်ဒေါ်ကြီးစုတို့သည်ကား မျက်ရည်လည်ကာ ဘုရားတနေကြဟန် ရှိလေသည်။

'အဒေါ်တို့တစ်တွေ မတရားတာကို တစ်ပြားဖိုးမှ မလုပ်ခဲ့ပါဘူး။ သမ္မာအာဇီဝ ရှာဖွေရင်းနီးထားရတာကို မောင်ရင်တို့က အဓမ္မယူကြ တော့မှာလား။ ဘုရားမကြိုက်ပါဘူးကွယ်'

မေမေသက်သည် တရားမသိသူတို့အား ဘုရားစကားပြောပြီး ဖျောင်းဖျရန် ကြိုးစားနေသည်။ ကြွေသည် တုန်ယင်နေသောလက်များကို မြှောက်ကာ ရှေ့တည့်တည့်တွင် ဓားကိုင်ထားသူအား သေနတ်နှင့်ချိန်ရွယ်လိုက်သည်။ ကြွေ့လက်ချောင်းလေးများသည် သေနတ်မောင်းပေါ်တွင် တုန်ယင်လှုပ်ရှားနေသည်။ လက်ညှိုးကလေးကိုညွှတ်ကွေးလိုက်ရန်ပင် သတ္တိမရှိ။ အားမရှိအောင် တုန်လှုပ်နေသည်။ လူတစ်ဦး၏ရင်ကို ဟင်းလင်းပွင့်အောင် ပစ်ခတ်လိုက်ရန် မဝံ့ရဲအောင် ဖြစ်နေသည့်အတွက် သေနတ်မောင်းကို ဟိုသည်ရွှေ့ရင်း ချွေးဖြိုင်ဖြိုင်ကျနေသည်။

'ကိုသော် အမယ်လေး ကိုသော်ရဲ့ မလုပ်နဲ့'

ထိုစဉ်တွင် ဘဘသော်သည် သူနှင့်အနီးဆုံးရှိနေသော ဓားပြဗိုလ်ကို ဖြုန်းခနဲ ဝင်လုံးလိုက်လေသည်။ မထင်မှတ်ဘဲ ခံလိုက်ရသဖြင့် လူဆိုးသည် ပက်လက်လန်လဲကာ မျက်နှာတွင်စည်းထားသော လက်ကိုင်ပဝါလည်း ပြုတ်ကျသွားသည်။ မေမေသက်သည် ထိတ်လန့်တကြား အော်ဟစ်တားမြစ်သော်လည်း နောက်ကျချေပြီ။ ဆဲဆိုကြိမ်းမောင်းသံနှင့်အတူ ဓားရောင်များလည်း ပြိုးပြက် လက်လာလေသည်။

'ဘုရား ဘုရား ဘုရား ကယ်တော်မူပါ'

ကြွေသည် သွေးအိုင်ထဲတွင် ခွေခနဲ လဲကျသွားသော ဘဘသော်ကို မျက်စိကျွတ်မတတ် စူးစိုက်ကြည့်နေရင်း ဒူးများယိုင်ညွှတ်လာသည်။ လက်ထဲတွင်ကိုင်ထားသော သေနတ်သည်လည်း ဒေါက်ခနဲ လွတ်ကျသွားပြီး မျက်လုံးများ ပြာဝေလာသည်။ မေမေသက်၏ငို သံ၊

ဒေါ်ကြီးစု၏ညည်းသံ၊ ပြုံပြုံက်လက်နေသော စားသွားများနှင့် သွေးပင်လယ်၊ အကုန်လုံးကို ကြွေသည် မလှုပ်မရှား အကြောင်သားကြည့်နေမိသည်၊ ကြွေ နားထဲတွင် အော်သံ ငိုသံများဆူဝေပြီး မျက်လုံးများလည်း ပြာသည်ထက်ပြာကာ ဝါးလာသည်။ ထိုနောက် ဒူးများခွေညွတ်ကာ စိုက်ကျသွားသည်။ ကြွေ နောက်ဆုံး သတိရသည်ကား မြေတိုက်ခန်း၏ သမံတလင်းကြမ်းခင်းနှင့် ကြွေခေါင်း ရိုက်မိခြင်းကိုပင်ဖြစ်၏။

ကြွေ သတိရလာသောအခါ မြေတိုက်ခန်းထဲတွင် မဟုတ်တော့ချေ။ ကြွေ အခန်းထဲရှိ အိပ်ရာပေါ်သို့ရောက်နေပြီဖြစ်သည်။

'ကြွေ သတိရလာပြီလား'

ကိုလေးသည် ကြွေကို ကြင်နာစွာပြောသည်။ ကိုလေး၏မျက်နှာသည် ရတ်ချင်းပင် ရင့်ရော်သွားသည်။ အပူဟူသည်ကို လုံးဝနားမလည်သူတစ်ယောက် မီးပုံကြီးထဲ ဖြုန်းခနဲကျသွားသလိုဖြစ်နေသဖြင့် သောက၏ဖိစီးမှုဒဏ်ကို လူးလဲခံနေရဟန်ရှိသည်။ ကြွေသည် သူ့အသိဉာဏ်များကို စုစည်းနေရင်း ကိုလေးကို ခပ်ငေးငေးကြည့်နေမိသည်။

'ကြွေ သတိမေ့နေတာ နှစ်ရက်ကျော်ပြီ၊ ယောင်ယမ်းပြီးအော်လိုက်ဟစ်လိုက်တာလည်း အရမ်းပဲ'

'ဘဘသေဘ်ရော'

ကြွေသည် ခပ်ဆဆလေးမေးလိုက်မိသည်။ ကိုလေး ဘာမျှမဖြေ ချေ။

'မေမေသက်ရော'

ကိုလေး ဘာမျှမဖြေချေ။

'ဒေါ်ကြီးစုရော'

ကိုလေး ငြိမ်နေသည်။

'ကိုလေးရယ် ပြောပါ ပြောပါကိုလေးရယ် သူတို့အားလုံး အားလုံး အို'

'ကြွေ ညီမရယ် မမေးပါနဲ့ ကြွေတောင် ကံကောင်းလွန်းလို့လွတ် တာမဟုတ်လား'

ကိုလေးသည် ကြွေအဖြစ်ကို အသေအချာ သိပုံမရချေ။ လူဆိုးများရန်မှ လွတ်ရန် မြေတိုက်ခန်းထဲ အဆင်းချော်ကျပြီး သတိမေ့နေခြင်း ဖြစ်သည်ဟု ယူဆပုံရ၏။ ကြွေ့လက်ထဲတွင် သေနတ်ကိုင်ပြီး ဘဘသော်တို့အား ကယ်တင်ရန် အခွင့်အရေးရှိခဲ့သည်ကိုသာသိလျှင် သိလျှင်၊ ကြွေ့ခေါင်းထဲတွင် မူးနောက်ပြီး တုန်တုန်လှုပ်လှုပ်ဖြစ်လာသည်။

'ကြွေ အားရှိအောင် နို့ကလေးတစ်ခွက်သောက်ပြီး မှိန်းနေလိုက်ဦးနော်၊ ဘာကိုမှ တွေးမနေပါနဲ့ကွယ်၊ ဝဋ်ရှိလို့ ခံရတာပေါ့လေ၊ ကံအကြောင်းတရားပေါ့'

ကိုလေးသည် ဆို့နင့်သောအသံနှင့် ကြွေကိုဖျောင်းဖျနေသေးသည်။ ကြွေသည် ကိုလေး၏မျက်နှာကို မကြည့်ရဲသည့်အတွက် မျက်စိကိုစုံမှိတ်ထားလိုက်မိလေသည်။ သေနတ်မောင်းကလေးဆွဲရန်လောက်ပင် သတ္တိမရှိသော ကိုယ့်ကိုယ်ကိုမုန်းတီးသောစိတ်နှင့် ရင်ထဲတွင် ခါးသီးနေ၏။ သူသာ သေနတ်မောင်းကိုဆွဲညှစ်ခဲ့ပါက ဘဘသော်သည် လူဆိုးကိုဝင်ပြီးလုံးဖြစ်မည်မဟုတ်ချေ။ ထိုသို့သာဆိုလျှင် ဘဘသော်လည်း သေရမည်မဟုတ်၊ မေမေသက်နှင့်ဒေါ်ကြီးစုလည်း သေရမည်မဟုတ်၊ ကြွေသည် တွေးရင်းတွေးရင်း ချောက်ချောက်ချားချားနှင့် မောဟိုက်လာသည်။

ကြွေသည် လေတွင်လွန့်လူးနေသော ဇာခန်းဆီးပြာပြာကို မျက်လုံးအကြောင်သားနှင့်တိတ်ဆိတ်စွာငေးစိုက်ကြည့်နေတတ်သည်။ တစ်ခါတစ်ရံလည်း မျက်နှာကြက်ဖြူဖြူကိုသော်လည်းကောင်း၊ ခြင်ထောင်မိုးဖြူဖြူကိုသော်လည်းကောင်း တမေ့တမော ငေးကြည့်နေတတ်လေသည်။

နွမ်းနယ်သော မျက်နှာနှင့် ကြင်နာစွာပြောတတ်သော ကိုလေး

ကိုကား ဖျော့တော့စွာ ပြုံးပြရင်း မျက်ရည်ဝဲလာတတ်လေသည်။ ကို လေးသည် အမှုအကြောင်း စုံစမ်းစစ်ဆေးသည့် ရဲအရာရှိများကိုပင် ကြွေနှင့် ကြာရှည်တွေ့ခွင့်မပေးချေ။

'ကျွန်တော့ညီမ သိပ်ပြီး စိတ်ထိခိုက်နေပါတယ်ဗျာ' ဟု ယဉ် ယဉ်ကျေးကျေးတောင်းပန်ပြီး ပြန်လွှတ်တတ်သည်။ သို့သော် ဦးညို မောင်ကိုကား ကိုလေး မတားနိုင်ခဲ့ချေ။ ကိုလေးမရှိသည့်အချိန်တွင်မှ ကြွေနှင့်လာတွေ့သည်။ ဖြစ်ပွားပုံ အရေးအခင်းကို ရည်မွန်စွာမေးသည်၊ လှည့်ပတ်မေးသည်၊ စိတ်ရှည်လက်ရှည်မှတ်သားသည်၊ ကြွေသည် ငိုရင်း ရှိုက်ရင်း လုံးစေ့ပတ်စေ့ ပြောပြမိလေသည်။

'ကြွေ ကြွေလည်း ရှုံးလုပါပြီ ဦးရယ်၊ အမှန်က ကြွေ သတ္တိ နည်းလွန်းလို့ ဒီလိုဖြစ်တာပါ၊ ကြွေက မြေတိုက်ခန်းထဲမှာ၊ လက်ထဲမှာ သေနတ်ရှိပါတယ်၊ ကြွေသာ သူတို့ကို ပစ်ရဲခဲ့ရင်ခုခံရဲခဲ့ရင် ဘဘ မသေ ပါဘူး'

'ဘဘ ဘဘပြောတယ်'

အခန်းတံခါးဝတွင် မားမားကြီးရပ်နေသော ကိုလေးသည် ကြွေ့ ဆီသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်လာရင်း မေးသည်။ မမျှော်လင့်သည် ကိုကြားလိုက်ရသဖြင့် သူ့မျက်နှာသည် ဖြူလိုက် နီလိုက်နှင့် အရောင် အမျိုးမျိုး ပြောင်းနေသည်။

ကြွေ တစ်ကိုယ်လုံး တုန်သွားပြီး ကိုလေးကို အထိတ်တလန့် ကြည့်လိုက်မိသည်။ ကိုလေး ဘယ်အချိန်ကတည်းက ရောက်နေပြီး ကြွေ ပြောပြသမျှကို နားထောင်နေသည်မသိ။ လက်ထဲတွင် လွလွဖြူသော စက္ကူပန်းများကို ပွေ့ပိုက်ထားသည်။

'ပြောစမ်း ကြွေ ပြန်ပြောစမ်း၊ ကြွေလက်ထဲမှာ သေနတ်ရှိတယ် ဟုတ်လား၊ ဘဘ ဘဘလို့ မပစ်တာလဲဟင်၊ ဘာလို့လဲ၊ ဖေဖေတို့ကိုဘာ လို့မကယ်ရတာလဲ'

'ကြွေ ကြွေ သေနတ်မောင်း မဆွဲရဲဘူး'

ကိုလေးသည် ပြင်းပြင်းထန်ထန်အရိုက်ခံလိုက်ရသလို နောက်ဘက်သို့ ယိမ်းယိုင်သွားသည်။ မေတ္တာရိပ်ငွေ့လွှမ်းကာ ရွှန်းပနွေးထွေးသော မျက်လုံးအစုံသည် မှုန်မှိုင်းသွားလေသည်။ ကြွေ့စကားကို မယုံကြည်နိုင်သလို ခပ်ငေးငေးကြည့်နေသော ကိုလေး၏မျက်နှာသည် ညှိုးရော်လှသည်။

'ကြွေ သေနတ်မောင်း မဆွဲရဲပါဘူး'

ကြွေသည် တုန်တုန်ယင်ယင် ထပ်ပြောမိသည်။ တဆတ်ဆတ်တုန်နေသောနှလုံးသားကို လက်နှင့်ဖိထားရင်း အသက်အောင့်ထားမိသည်။ အသက်မျှ မရှူရဲအောင် သိမ်ငယ်သောစိတ်နှင့်ခေါင်းငုံ့ထားမိလေသည်။

ကိုလေးသည် မသဲမကွဲညည်းလိုက်သည်။ ရုတ်တရက် အားအင်ကုန်ခန်းသွားသလို နံရံကို ခပ်လျော့လျော့ မှီထားလေသည်။ အခြေအနေသည် ကြောက်မက်ဖွယ်ကောင်းအောင် ငြိမ်သက်သွားသည်။ အသက် ပြင်းပြင်းရှူရင်း နှုတ်ခမ်းကို ပြုတ်လုမတတ် ကိုက်ထားသော ကိုလေး၏မျက်နှာတွင် ကြေကွဲနာကျည်းမှုတို့ ယှက်သန်းကာ တင်းမာလာလေသည်။

'ဟင် တယ်တော်တဲ့မိန်းမ၊ ငါ့အဖေငါ့အမေကိုသတ်တာ အေးအေးဆေးဆေး ဘေးလွတ်ရာက ကြည့်နေလိုက်တယ်ပေါ့၊ ဟင်း မင်းအမေဆိုရင် မင်းကြည့်ရက်ပါ့မလား၊ ကြည့်နေပါ့မလား၊ ရက်စက်လိုက်တာကွယ်၊ မင်း မင်း နေရစ်တော့ ကြွေ၊ မင်းမျက်နှာကို ဒီတစ်သက် မမြင်ပါရစေနဲ့တော့'

ခါးခါးသီးသီးပြောသံနှင့်အတူ ဖွေးဖွေးဖြူသော ပန်းလေးများသည် ကြွေ့ဆီသို့ အရှိန်နှင့်ပြေးလာကာ ကြမ်းပြင်ပေါ်သို့ ပြန့်ကြဲ၍ကျသွားလေသည်။

‘မောင် သက် နိုင် နေ နေပါဦး’

အာစေးထည့်ထားသလိုဖြစ်နေသော ရဲအရာရှိ ဦးညိုမောင်သည် ကမန်းကတန်း တားလိုက်သည်။ သို့သော် ကြွေ့ အခန်းတံခါးသည် ဒိုင်းခနဲမြည်ကာ အရှိန်ပြင်းပြင်းနဲ့ ပိတ်သွားသည်။ ကြွေသည် တံခါးရွက်နှစ်ချပ်ကို မော့ကြည့်ရင်း ခုတင်ပေါင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။ ရင်ထဲတွင်ရှိ အူအသည်း အကုန်လုံးသည်လည် ချောင်းဝတွင်လာပြီး တက်ဆို့နေသလားဟုပင် ထင်မှတ်မိသည်။ ရင်ထဲ ဋ္ဌဟာပြီး လည်ချောင်းဝတွင် ရှိုက်သံမျှမထွက်နိုင်အောင် ဆို့ကျပ်နေ သောကြောင့်ဖြစ်သည်။

စကားပန်းများသည် ကြမ်းပေါ်တွင် ပြန့်ကျဲနေသည်။ သင်းပျံ့ပျံ့ ရနံ့သည်လည်း အခန်းထဲတွင်လှိုင်နေ၏။

ကြွေသည် စကားပန်းများကို ရီဝေစွာ ငေးကြည့်နေလေသည်။

❖

စကားပန်းများသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည်။ သင်းပျံ့ပျံ့ ရနံ့သည်လည်း အခန်းထဲတွင် လှိုင်နေ၏။

ကြွေသည် စကားပန်းဖြူဖြူလေးများကို ရီဝေစွာ ငေးကြည့်နေလေသည်။

'အဲဒီကတည်းက ကိုလေးလည်း သီတာအေးမြက တစ်ခါတည်း ထွက်သွားတာပဲ၊ တစ်ခါတည်း ပျောက်သွားတာပဲ'

ကြွေသည် ဝိုးတဝါးအိပ်မက်မှ မနိုးသေးသလို ဖျော့တော့စွာ ပြောသည်။ အေးသွယ်နှင့် မောင်မောင်သည် ကြွေမျက်နှာ ဖြူဖျော့ဖျော့လေးကို ကရုဏာမကင်း ကြည့်ရင်း ငိုင်နေမိကြသည်။

ကျေးဇူးရှင် မွေးစားမိဘကို ကယ်တင်ရန် အခွင့်အရေးရှိပါလျက်နှင့် သတ္တိနည်းခဲ့သောကြွေကို ကိုလေးမဆိုထားနှင့်၊ အေးသွယ်ပင် မကျေနပ်ချင်၊ ကရုဏာဒေါသောနှင့် အပြစ်တင်လိုက်ချင်သေးသည်။

'မတရားဘူးပဲ ဆိုချင်ဆို၊ သူများတွေရဲ့စိတ်ထဲကိုယ်ထဲက သတ္တိတွေကို ခိုးယူချင်တယ်၊ ကြွေ့ ကိုယ်ထဲကိုထည့်မယ်၊ နောက်ပြီး အတိတ်ကိုပြန်ပြေးမယ်၊ သတ္တိရှိတဲ့ ကြွေအနေနဲ့ ပြန်သွားပြီး အရာရာကို ရင်ဆိုင်ချင်တယ်'

တမ်းတမ်းတတနှင့် ယူကျုံးမရပြောခဲ့သော ကြွေ့စကားလေးကို ပြန်ပြီးကြားယောင်မိသောအခါ အေးသွယ်သည် သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်မိလေသည်။

'ပြီးတာက ပြီးခဲ့ပြီပဲ ကြွေ ရယ်၊ ပြန်တွေးနေရင် စိတ်ဆင်းရဲတာသာ အဖတ်တင်မှာပေါ့၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာ တရားတော်မှာရှိသားပဲ၊ ကံ ကံ၏အကျိုးကို ခံစားရတယ်ဆိုတာလေ၊ ဖြစ်ပျက်သမျှဟာ ကံအကြောင်းတရားကြောင့်ပဲလို့ စိတ်ကို လျှော့တွေးရင် သက်သာလာတာပေါ့ဗျာ'

မောင်မောင်သည် ကြွေ့ကို တရင်းတနှီး ဖျောင်းဖျစကား ပြောမိသည်။ ကြွေသည် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်လေသည်။

'လူမတန်ရင်တော့ ကံကို ရိုးမယ်ဖွဲ့ရတာပေါ့လေ၊ ဒါပေမဲ့ အဲဒီ ကံကြီးကိုပြောင်းလဲသွားအောင် ကြွေတတ်နိုင်ခဲ့တယ်၊ အခွင့်အရေးရှိခဲ့တယ် အို'

ကြွေသည် စကားပန်းအခိုင်အခက်များကို ပွေ့ပိုက်ထားသည်။ ဖြူရော်နေသောကြွေမျက်နှာလေးသည် စကားပွင့်လေးများရုံလျက် တစ်မျိုးလှနေသည်။ ရှည်လျားပျော့ပျောင်းသော ကြွေ ဆံနွယ်များသည် လေတွင်လွင့်နေသည်။

'တော်ပါတော့ ကြွေရယ်၊ ဘာလို့ ဒီလောက်စိတ်ဆင်းရဲနေရတာလဲ'

ကြွေသည် မောင်မောင်ကို ငေးငေးလေး ကြည့်လိုက်မိလေသည်။ မေတ္တာတွင် ကရုဏာကဲသော မောင်မောင်မျက်ဝန်းအစုံသည် နူးညံ့လှသည်။ ပထမဦးဆုံးအကြိမ် စကားပြောဖူးခြင်းဖြစ်သော်လည်း မောင်မောင့်ကို စိတ်ထဲတွင် စိမ်း၍မနေ၊ သိဟောင်း ကျွမ်းဟောင်းတစ်ယောက်နှင့်ဆက်ဆံရသလို ရင်းနှီးနေသည်။ မကြာခဏ စကားလက်ဆုံပြောဖူးသူလို အထာကျနေသည်။

'ကြွေရင်ထဲမှာ ကြိတ်ပြီးခံစားနေရတာတွေကို အခုကျွန်တော်တို့ နှစ်ယောက် ခွဲယူလိုက်ပြီလေ၊ ရင်ထဲက သောကတွေကို သုံးပုံပုံ နှစ်ပုံကို ထုတ်ပစ်လိုက်တော့၊ ဟုတ်လား'

မောင်မောင်က ခပ်သောသောလေးပြောသောအခါ ကြွေသည် မသိမသာလေး ပြုံးလိုက်မိသည်။ ကျိတ်ပြီး တွေးမိသမျှ ခံစားမိသမျှကို ပွင့်လင်းစွာထုတ်ပြောလိုက်မိပြီဖြစ်၍ ရင်ထဲတွင် အတန်ငယ်ပေါ့သွားသည်ကား အမှန်ပင်။

မောင်မောင်က 'သွားကြစို့' ဟု ပြောသောအခါ ကြွေသည် အသာတကြည်ထလိုက်မိသည်။ စကားအိုးမလေး အေးသွယ်ခမျာ ဒီတစ်ခါ စကားမကြွယ်နိုင်ရှာတော့ချေ။ တိတ်ချက်သားကောင်းနေ၏။ သူ့ထက် စကားကြွယ်နေသော မောင်မောင်ကိုကြည့်ရင်း ပြုံးနေမိလေသည်။ သူတင်သော မင်းသားက ညက်ညက်ညောညော ကနေလေ တော့ ဇာတ်ဆရာဟူသည်မှာ ဝမ်းမြောက်ရစမြဲပင်။ မင်းသားက ဇာတ်ဆရာကို နှစ်ပေါက်တစ်ပေါက်ချိုးကာ ကွက်ကျော်ရိုက်လေသောအခါတွင်ကား အေးသွယ် မခံချင်ဖြစ်သည့်ကြားထဲမှ ရယ်မိသေးသည်။ မောင်မောင်သည် အေးသွယ်၏အလစ်တွင် ကြွေ့ လက်ဖဝါးလေးကို ဖျတ်ခနဲလှမ်း၍ ဆုပ်ကိုင်လိုက်သောကြောင့်ဖြစ်သည်။ အေးသွယ်သည် မြင်လိုက်သော်လည်း မမြင်ဟန်ပြုနေလိုက်ရသည်။ နားစွင့်ထားသောကြောင့် မောင်မောင့်အသံ တိုးတိုးကိုမူ ကြားဖြစ်အောင် ကြားလိုက်ရလေသည်။

' ကြွေရယ် ကြွေ့ ကိုလေးကို ကြွေ သိပ်ချစ်တယ်ပေါ့၊ ဟုတ်လား'

ကြွေသည် တောင့်တောင့်တင်းတင်းလေးဖြစ်သွားသည်။ ဘာမှ ပြန်မပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားလေသည်။ မှုန်မှိုင်းသွားသော ကြွေ့မျက်ဝန်းလေးများကို အကဲခတ်နေရင်း မောင်မောင်သည် ပင့်သက်ရှိုက်လိုက်လေသည်။ မချိပြုံးကို ယဲ့ယဲ့လေးပြုံးပြီး ကြွေ့လက်ကို

အသာအယာလွှတ်လိုက်လေသည်။

'ကျွန်တော်ခူးလာတဲ့ စကားပန်းတွေ အများကြီးပါ၊ လှလည်း လှပါတယ်၊ မွှေးလည်းမွှေးပါတယ်၊ ကြွေ တစ်ပွင့်မှ မပန်တော့ဘူးလား'

ကြွေသည် သူ့လက်ထဲတွင် ပွေ့ထားသော ပန်းခက်ပန်းခိုင်များကို ညင်သာစွာရှိုက်နမ်းရင်း ရင်ထဲတွင်နွေးလာသည်။ လေ့ကားမှ ခပ်သွက်သွက်လေး ဆင်းသွားသော ကြွေသည် အိပ်မက်မှ လန့်နိုးသွားသူလို ခံစားနေရသည်။ ပန်းတစ်ပွင့်ကိုရွေးယူပြီး ခပ်လျော့လျော့ထုံးထားသော တစ်ပတ်လျှိုဆံထုံးတွင် မသိမသာ အမှတ်မဲ့ ပန်ဆင်လိုက်သည်။ မောင်မောင်တစ်ယောက်ပြုံးနေမည်ကို လှည့်မကြည့်ဘဲ ကြွေ သိနေလေသည်။

'ကြွေရာ ကြွေ့ကို ကျွန်တော်တကယ်ကိုချစ်တာပါ၊ ကျွန်တော့ မေတ္တာက ကျယ်လွန်းတော့ ကြွေ ဘယ်ပြေးပြေး မလွတ်နိုင်ပါဘူးဗျာ'

မောင်မောင်သည် အသံတိုးတိုးနှင့် ခိုင်မာစွာပြောသည်။

❖

'ကြွေဘယ်ပြေးမလဲ၊ ကျွန်တော်ကတော့လိုက်မှာပဲ'

'ဘယ်သူကရော၊ ပြေးနေလို့လဲ'

'အခုပြေးတာ မဟုတ်ဘူးလား၊ ကျွန်တော်လာရင် မတွေ့ချင်လို့ အင်းလျားဘက် ရှောင်ထွက်သွားတာ မဟုတ်ဘူးလား'

မောင်မောင်သည် မျက်မှောင်အတွန့်ချိုးရင်း မျက်နှာညိုညိုနှင့် မေးသည်။ ကြွေသည် ခေါင်းငုံ့လိုက်ပြီး အသက်ဝဝရှူလိုက်သည်။

မိုးရွာပြီးစမို့ မိုးရေစက်ကလေးများ တွဲလဲခိုနေသော မြက်ပင်လေးများသည် ငိုက်ကျနေသည်။ မျက်ပင်လေးများ အကြားတွင် မြေဝပ် ပန်းဝါဝါလေးများကိုတွေ့ရသည်။ ရန့်မကြွယ်သော်လည်း ချစ်စရာကောင်းသော အညံ့ပန်းလေးများဖြစ်သည်။ တစ်ပွင့်နှင့်တစ်ပွင့် အပွင့်ချင်းဆက်ကာ ဝါဝင်းနေအောင်ပွင့်တတ်သည်။

'ကြွေ မပြေးပါဘူး၊ ရပ်နေသားပဲ'

ကြွေသည် ခပ်တိုးတိုးပြောသည်၊ တိမ်ရောင်စုံတို့သည်ကောင်းကင်တွင် တဖျပ်ဖျပ် အရောင်လက်နေသည်။ တိမ်ဖြူ၊ တိမ်ဝါ၊ တိမ်နီ တိမ်ပြာတို့သည် အချင်းချင်းယှက်ပြီး ဂွမ်းဆိုင်ကြီး များသဖွယ် ရွေ့ရှားနေကြသည်။ ဆည်းဆာရောင်ဟပ်သဖြင့် အင်းလျားရေပြင်သည်လည်း တောက်ပနေသည်။ တောက်ပသော ဆေးရောင်စုံကြားတွင် အကျီဖြူနှင့်

လုံချည်စိမ်းဖျော့ဖျော့လေး ဝတ်ထားသော ကြွေသည် မှိန်မှိန်လေးနှင့် ထင်ရှားနေသည်။

'ကြွေကို ကျွန်တော် သတိထားမိတယ်၊ အကျီအဖြူပဲ အဝတ်များတယ်နော်'

'ကြွေ အဖြူရောင်ကို သိပ်ကြိုက်တယ်'

'လုံချည်ကျတော့ အရောင်ဖျော့ဖျော့လေးတွေချည်းပဲ'

'ကြွေ အရောင်စူးစူးတွေကို မကြိုက်ဘူး'

'ကောင်းပါတယ်လေ၊ ဘာဝတ်ဝတ် လှတဲ့လူကတော့ လှမှာပါပဲ၊ အခုတော့ လှတဲ့အပြင် ကြည့်ရတာလည်း သိပ်ပြီး မျက်စိအေးတာပဲ'

ကြွေသည် ခပ်ယဲ့ယဲ့လေး ပြုံးနေမိသည်။ ရေထဲတွင် အရောင်ဟပ်နေသော တိမ်ရောင်စုံတို့၏အရိပ်ကို ငေးစိုက်ကြည့်နေရင်း ကိုလေးကို သတိရနေသည်။

ကြွေ ချစ်ခဲ့ရသော ကိုလေးသည်လည်း ဘယ်ကိုများရောက်နေသနည်း၊ ကြွေ မခန့်မှန်းတတ်၊ မမှန်းဆတတ်၊ ယခုလို သာယာသော ညနေခင်းတွင် တစ်ပါးသောမိန်းမပျိုအား ကြင်နာယုယစွာ ချစ်စကား ပြောလျှင်လည်း ပြောနေမည်ဖြစ်သည်။ တစ်အိုးတစ်အိမ် တည်ထောင်ကာ သားသမီးများရလျှင်လည်း ရနေလောက်ပေပြီ၊ ထိုကဲ့သို့တွေးမိသောအခါ ကြွေ ရင်ထဲတွင် နာနာကျင်ကျင်ဖြစ်လာသည်။

' ကြွေ တို့ပြန်ကြရအောင်'

အဆောင်ဘက်သို့ ပြန်လျှောက်လာသောအခါ မောင်မောင်သည် ကြွေ ဘေး၌ ငြိမ်တိတ်စွာ လိုက်လာသည်။ ညှိုးလျှသွားသော ကြွေမျက်နှာကဲကိုကြည့်ကာ အလိုက်သိစွာ ဘာစကားမျှမပြောဘဲ ငြိမ်နေသည်။

'ဟေး ကြွေ ကြည့်စမ်း၊ အေးသွယ်ကဖြင့် ကြွေ ဘယ်ရောက်

သွားလဲ ရှာလိုက်ရတာ၊ ဟင်း သူက အားကိုးရနေတော့ အေးသွယ်ကို တောင် အရေးမစိုက်တော့ဘူးပေါ့'

အေးသွယ်သည် အဆောင်ဘက်မှ လျှောက်လာသည်။ သူငယ်ချင်းနှစ်ဦး တွဲနေကျမှ ကြွေတစ်ဦးတည်းထွက်သွား၍ မခံချင်ဖြစ်နေပုံရသည်။ သူတင်ထားသည့် ရွှေမင်းသား မောင်မောင်ကိုပင် မကျေနပ်ချင်တော့သလိုလို ပေစောင်းစောင်းကြည့်နေသည်။ မောင်မောင့်ရင်ထဲတွင် ရှိန်းခနဲဖြစ်သွားပြီး ကြွေ့ကို အကူအညီတောင်းသော အကြည့်နှင့် ကြည့်မိသည်။

'ကြွေ အဆောင်မှာနေရတာ အသက်ရှူကျပ်လွန်းတာနဲ့ ကိုလေးကို သတိရလွန်းတာနဲ့ တစ်ယောက်တည်း ထွက်သွားတာပါ အေးသွယ် ရယ်၊ သူနဲ့တူတူသွားတာ မဟုတ်ပါဘူး၊ လမ်းကျမှ ဆုံတာပါ'

ကြွေက ရှင်းပြသောအခါ ဖျက်မြင်းကလေး အေးသွယ် သည် အဟက်ခနဲ ရယ်လိုက်သည်။ လျှာကလေးတစ်လစ်ထုတ်ရင်း မောင်မောင့်ကို အားနာသလို လှမ်းကြည့်သည်။

'သိပါဘူး၊ အေးသွယ်ကိုအရေးမစိုက်ကြတော့ဘူးဆိုပြီး စိတ်ဆိုးတော့မလို့'

မောင်မောင့် ရင်ထဲတွင် မှိုင်းညို့သွားသည်၊ ကြွေ၏နှလုံးသားတွင် ထင်ဟပ်နေသော ကိုလေး၏အရိပ်သည် မည်သည့်အခါမှ ပျောက် လိမ့်မည်မဟုတ်သည်ကို နားလည်လာသောကြောင့် ဖြစ်သည်။ မိမိ ချစ်ရသူ၏ နှလုံးသားနနတွင် အခြားတစ်ပါးသူ၏အရိပ်သည်သာ စွဲစွဲ မြဲမြဲထင်ဟပ်နေသည်ဆိုတော့ မောင်မောင့်ရင်ထဲတွင် တင်းကျပ်နေသည်၊ နာကျင်နေသည်။

ဘွဲ့နှင်းသဘင်ခန်းမကိုဖြတ်ကျော်မိသောအခါ အုတ်ခုံဖြူဖြူလေးနှင့်တကွ ခက်လက်ဝေဖြာသော စကားပင်လေးကိုပါ တွေ့ရသည်။ သုံးဦးသား စကားပင်အောက်သို့ တိတ်တိတ်ဆိတ်ဆိတ် လျှောက်ခဲ့ကြ

လေသည်။ ကြွေက တွေးနေသည်။ မောင်မောင်က ငေးနေသည်။ အေး
သွယ်လည်း သူတို့နှစ်ဦးကို အကဲခတ်ရင်း တိတ်ဆိတ်နေသည်။

မိုးရေလိမ်းကျံထားသော မြက်ခင်းပြင်တွင် စကားပွင့်ဖြူဖြူ
လေးများ ခပ်ကျဲကျဲကြွေကျနေသည်။ မိုးရေနှင့်ဆေးထားသော စကား
ရွက် စိမ်းစိမ်းများသည် မြစိမ်းရောင်တောက်ကာ သန့်ရှင်းနေသည်။
မြေသင်းနံ့နှင့်စကားပန်းနံ့တို့သည် ယဉ်ယဉ်ကလေး ဝေ့ပျံ့ပြီး လေပြည်
အေးတွင် အငြိမ့်စီးနေကြဟန်ရှိသည်။ မောင်မောင်သည် ညင်းညှံ့သော
လေအေးကို ရှိုက်ပြီးရှူလိုက်မိသည်။

'ကြွေ စကားပန်းကို သိပ်ကြိုက်တယ်နော်'

'အင်း'

'ဘာလို့လဲ ဟင်'

'စကားပန်းမှာလေ ပွင့်ချပ်မရှိ၊ ညှာတံမပါ၊ ဝတ်ဆံ ဝတ်မှုန်
လည်း မတွေ့ရ၊ ပွင့်ဖတ်ဖြူဖြူလေးနဲ့ချည်း လှနေ မွှေးနေတာ ဘယ်
လောက်ချစ်စရာကောင်းသလဲ'

မောင်မောင်သည် စကားပန်းလေးတစ်ပွင့်ကိုကောက်ယူပြီး
လက်ထဲတွင်လှည့်ကစားနေမိသည်။ ပွင့်ဖတ်ကလေးငါးခုနှင့်သာ ဖွဲ့
စည်းထားသော အညတြပန်းလေးသည် မောင်မောင်လက်ထဲတွင် ချာ
လည်လှည့်ကာ ကနေဟန်ရှိသည်။ အေးသွယ်သည် အုတ်ခုံဖြူဖြူလေး
ဘေးရှိ ရေမြောင်းထဲသို့ကျနေသော ပန်းများကိုမှ ပို၍လတ်ဆတ်သည်
ဟု ထင်ဟန်ရှိသည်။ ခက်ခက်ခဲခဲဆင်းပြီး မမီမကမ်းကောက်နေသော
ကြောင့်ဖြစ်သည်။

'ကြွေ ကိုလေးကို ကြွေ သိပ်ချစ်တယ်နော်'

'ကြွေသည် ဆတ်ခနဲ တုန်သွားပြီး မောင်မောင့်ကို တည့်တည့်
စူးစိုက်ကြည့်မိလေသည်။ တဇွတ်ထိုးနိုင်ဟန်ရှိသော မောင်မောင်သည်
ကြွေကို မကြည့်ဘဲ စကားပွင့်လေးကိုသာ ငေးကြည့်နေသည်။ ကြည်

လင်သန့်စင်သော မျက်ဝန်းညိုညိုများသည် မှုန်မှိုင်းရီဝေနေသည်။

‘ဘာဖြစ်လို့မေးတာလဲ’

‘ကျွန်တော် မနာလိုလို့’

‘အို’

မောင်မောင်သည် တဲ့ဒိုးပြောပြီး သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။ သူ့ကိုကြည့်ရသည်မှာ မုန့်တောင်း၍မရသော ကလေးလို အလိုမကျဖြစ်နေဟန်ရှိသည်ဟု ကြွေစဉ်းစားမိရင်း မသိမသာလေး ပြုံးလိုက်မိသည်။

‘ဘာလို့ အလကား မနာလိုဖြစ်နေရတာလဲ’

‘အို ကြွေကို သူက အရင်လည်း ချစ်ရသေးတယ်၊ ထားလည်း ပစ်ခဲ့သေးတယ်၊ အခု ကြွေကို ကျွန်တော်ချစ်တော့လည်း သူက အမြဲ ရှုပ်နေတယ်’

‘ဘယ်မှာ ရှုပ်လို့လဲ’

‘ရှုပ်နေတယ်၊ ကြွေ့ရင်ထဲမှာ သူက အမြဲ လွှမ်းမိုးနေတယ်၊ ရှုပ်နေတယ်၊ ကြွေ သူ့ကိုပဲ တွေးနေတယ်၊ ဟင်း ကြွေ့ရင်ထဲမှာ ကျွန်တော့အတွက် နေရာမရှိပါဘူးဗျာ’

‘အစ်ကို အစ်မတွေ ရှိလားဟင်’

ကြွေသည် မဆီမဆိုင်မေးလေသည်။ မျက်နှာညိုနေသော မောင်မောင်သည် အံ့ဩသွားသလို ကြွေကို လှမ်းကြည့်ရင်း ခေါင်းခါပြသည်။

‘ညီတွေ ညီမတွေရော’

‘ဟင့်အင်း’

‘သား တစ်ယောက်ထဲပေါ့’

‘ဟုတ်တယ်’

‘ဒါကြောင့် ဆိုးတာ’

'ဟာဗျာ'

မောင်မောင့်မျက်နှာသည် ရဲခနဲဖြစ်သွားသည်။ လက်ထဲမှ ပန်းပွင့်လေးကို ရက်ကိုးရက်ကန်းနှင့် လွှင့်ပစ်လိုက်မိသည်။

'ဘာဆိုင်လို့လဲ၊ ကြွေ ကိုလေးကရော သားတစ်ယောက်ထဲပဲ၊ သူရော ဆိုးသလား'

'သူကတော့ မဆိုးပါဘူး၊ ကြွေကို သိပ်ချစ်တာ'

'ဘာ ကျွန်တော်ကရော မချစ်လို့လား'

မောင်မောင်သည် မခံမရပ်နိုင်သလို ကြွေ့ လက်ချောင်းသွယ်သွယ်လေးများကို ဖမ်းဆုပ်လိုက်သည်။ ရေမြောင်းထဲမှတက်လာသော အေးသွယ်ကို သတိမူမိသောအခါမှ ဖျတ်ခနဲ ပြန်လွှတ်လိုက်သည်။

'ကြွေရာ ကြွေကလည်း သိပ်ချစ်တာပဲ မဟုတ်လား၊ ရှိပါစေတော့ဗျာ၊ ကျွန်တော်က နောက်ကျတဲ့သူကိုး။ နောက်ကျပြီး တွေ့ခဲ့ရလို့ နောက်ကျပြီးချစ်ခဲ့ရတဲ့ ကျွန်တော့်ကို ပြန်ပြီးမချစ်ရင်နေပါဦး၊ မေတ္တာကိုတော့ အသိအမှတ်ပြုသင့်ပါတယ်'

မောင်မောင်သည် ဆို့နင့်တုန်ယင်စွာနှင့်ပြောသည်။ ကြွေသည် ဘာမှပြန်မပြောဘဲ ကျောက်ရုပ်လေးလို ငြိမ်နေမိလေသည်။ ခေါင်းထဲတွင် မူးနောက်ကာ ရင်ထဲတွင်လည်း နောက်ကျိနေသည်။ အသက်ရှူ၍ မဝသလို ပင်ပင်ပန်းပန်းဖြစ်လာသည်။

သူတို့သုံးဦးသား တိတ်တိတ်ဆိတ်ဆိတ်ပြန်လာခဲ့ကြသည်။ အေးသွယ်နှင့် ကြွေတို့ အဆောင်ဝင်းထဲဝင်သွားကြသည်ကို မောင်မောင်သည် ငြိမ်သက်စွာ ရပ်ကြည့်နေ၏။ ကြွေသည် အဆောင်ထဲမဝင်မီ မောင်မောင့်ကို လှည့်ကြည့်လိုက်မိသည်။ ရီဝေနေသော မျက်ဝန်းညို နှစ်စုံသည် အရှိန်ဖျော့တော့စွာ ဆုံဆည်းမိကြလေသည်။

'ကြွေ သူ့ကို မချစ်ဘူးလား'

အေးသွယ်သည် ကြွေ့လက်မောင်းကိုဆုပ်ကိုင်ကာ တိုးတိုး

လေး မေးသည်။ ကြွေ ရင်ထဲတွင် နွေးလာသော်လည်း လက်ဖျားများ အေး စက်လာသည်။

'ကြွေ မ သိ ဘူး'

ကြွေက တုန်ယင်စွာ ပြောသည်။ ကိုလေးသာ ထာဝစဉ် စိုးမိုးနေ သော ကြွေ့နှလုံးသားထဲသို့ မောင်မောင်ဟူသည့် လူသည် တဖွတ်ထိုး ဝင်ရောက်လာနေသည်ကား အမှန်ပင်။ စိုးရွံ့ထိတ်လန့်မှုနှင့် အေးစိမ့်နေ သော ကြွေ၏ရင်ထဲတွင် နွေးထွေးလာနေသည်လည်း အမှန်ပင်။

'သူဟာ လူကောင်းတစ်ယောက်ပဲ ကြွေ၊ ကြွေ့ကိုလည်း တကယ်ချစ်တယ်၊ အေးသွယ်တော့ သဘောတူတယ်၊ ကြွေ အိပ်မက်က နေ နိုးချိန်တန်နေပြီ'

'အိပ်မက်က နိုးချိန်တန်နေပြီ တဲ့'

ကြွေသည် ထပ်ဆင့် ရေရွတ်လိုက်မိသည်။ ကြွေ ပါးလေးများ သည် နီမြန်းလာပြီး ရီဝေသော မျက်လုံးလေးများလည်း နူးညံ့လာလေ သည်။

'သြော် တရေးနိုးရတော့မှာပေါ့'

❖

ထိုနေ့သည် ဇူလိုင်လ ၁၀ ရက်၊ ကြွေ တရေးနိုးသော နေ့ ဖြစ်သည်ဟု မောင်မောင် အမှတ်ထင်ထင်ရှိသည်။ မိုးကောင်းကင်သည် ဖြူနီးခနဲ သဲသဲမဲမဲရွာချတော့မလို ညိုမည်းနေသည်။ မိုးသက်လေကလည်း တသွင်သွင်တိုက်ခတ်နေသည့်အတွက် ကြွေ့ထဘီအနားစသည် တဖျပ်ဖျပ်လွင့်နေသည်။ မောင်မောင့်ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ပြီး ဝမ်းသာအားရပြောမိသည်။

'ကြွေ ကြွေ တကယ်ပြောတာလား ဟင်'

'သြော် ယောကျ်ားတစ်ယောက်ရဲ့မေတ္တာကို လက်ခံပါတယ်လို့ ဘယ်မိန်းကလေးက နောက်ပြောင်ပြီး ပြောမှာလဲရှင်'

'ကျွန်တော့ကို ချစ်တယ်ပေါ့'

ရှက်ရိပ် ရှက်ယောင်နှင့် နီတွေးနေသော မျက်နှာလေးကို အောက်ငုံ့လိုက်ပြီး ကြွေသည် ရိပ်ရိပ်လေးပြုံးနေသည်။

မောင်မောင်သည် ကြွေ့လက်ကလေးကို ဖျတ်ခနဲဆွဲပြီး တင်းတင်းဆုပ်ထားလိုက်သည်။ မောင်မောင့်လက်ထဲသို့ အလိုက်သင့်ပါလာသော ကြွေ့လက်ဖဝါးနူးနူးညံ့ညံ့လေးများသည် နွေးထွေးနေသည်။

'ပြောစမ်းပါ ကြွေရယ် ပြောစမ်းပါ'

'ကြွေ ချစ် ချစ် ပါတယ်'

'ဘယ်သူ့ကိုလဲ ဟင်'

ကြွေသည် မျက်လုံးလေးဝိုင်းသွားပြီး မောင်မောင့်ကို မေးငေါ့ပြသည်။ မောင်မောင်သည် ရွှင်လန်းစွာ ရယ်လိုက်ရင်း ကြွေကို မြတ်နိုးစွာငေးကြည့်နေမိသည်။ သူ့ကိုအခေါ်ရခက်နေမှန်းသိသဖြင့် တိုး၍ စချင်သော်လည်း ရှက်စိတ်များ ဝေဖြာနေသော ကြွေတစ်ယောက် အနေခက်မည်စိုးသောကြောင့် ရယ်မောရင်း ကြွေ့လက်ကလေးကို လွှတ်လိုက်သည်။

'ကျွန်တော် ပျော်လိုက်တာ ကြွေရယ်၊ တကယ့်ကို သိပ်ပျော်တာပဲ။ အခုဆိုရင် ကျွန်တော်တို့စစ်တမ်းတင်ရခါနီး တကယ်ကို အလုပ်များ ကြိုးစားရတဲ့အချိန်ပါ။ ကျွန်တော် ကြွေ့ကိုမမြင်ရရင် မနေနိုင်လွန်းလို့ မအားတဲ့ကြားထဲက အမြဲ လာနေခဲ့တယ်၊ ကျွန်တော် သိပ်ပျော်တာပဲဗျာ။ ကျွန်တော် ကြိုးစားမယ်၊ အဆင့်ကောင်းကောင်းနဲ့အောင်ဖို့အတွက် ကြိုးစားမယ်နော် ကြွေရယ်။ ဒါမှ အလုပ်မြန်မြန်ရပြီး ပိုက်ဆံ မြန်မြန်စုနိုင်မှာ'

'ဘာလုပ်ဖို့လဲ ဟင်'

'ဩော် ကြွေရယ် တစ်အိုးတစ်အိမ် တည်ထောင်တယ်ဆိုရင် ငွေကတော့ ပိုတယ်မရှိ၊ လိုမှာပဲ မဟုတ်လား။ တချို့လူတွေကတော့ ချစ်တဲ့အရေးမှာ အိမ်ထောင်ရေးမပါဘူး ကြွေရဲ့။ ကျွန်တော်ကတော့ ချစ်တာနဲ့ လက်ထပ်တာနဲ့ တစ်ခုတည်းပဲ။ ကြွေ ကျွန်တော့ကို လက်ထပ်ရမှာနော်၊ ကျွန်တော်နဲ့ အတူတူနေရမှာနော်'

မောင်မောင်သည် စိတ်မချနိုင်သလိုပြောသည်။ ကြွေ့ရင်ထဲက နွေးပြီး မောင်မောင့်ကို အားကိုးတကြီးမော့ကြည့်မိသည်။ မာနရိပ်ကင်း စင်သော ကြွေမျက်ဝန်းများတွင် မေတ္တာရည်လဲ့လဲ့ရွှန်းကာ ဝင်းပနေ လေသည်။

အုံ့ဆိုင်းမည်းမှောင်နေသော မိုးသားများကြောင့် လူအသွား

အလာ ကျဲပါးနေသည်။ မိုးသက်လေသည် ပြင်းပြင်းလေးဝေ့လာပြီး မိုးမှုန်ဖွဲဖွဲလေးများပါ လွင့်ပါးလာသည်။ စိမ့်အေးနေသော မိုးဖွဲလေးများ သည် သူတို့မျက်နှာပေါ်သို့ ဖွဖွလေး ခုန်ဆင်းလာကြသည်။

'ကြွေ ကျွန်တော်နဲ့ စ သိကတည်းက ကျွန်တော့နာမည်ကို တစ်ခါမှ တပ်မခေါ်ဘူး၊ ခုရော ကျွန်တော့ကို ဘယ်လိုခေါ်မှာလဲ ဟင်'

'ကြွေတစ်ယောက်တည်းကို ချစ်ပြီး တစ်ယောက်ထဲကိုပဲ လက် ထပ်ဖို့ စိတ်ကူးယဉ်ခဲ့တယ်။ သူ့ကိုလည်း ကိုလေးလို့ခေါ်တယ်ပေါ့၊ အခု စိတ်ကူးသလို ဖြစ်မလာဘူးလေ။ ဒါပေမယ့် ကြွေ လက်ထပ်ရမယ့် ကြွေ ချစ်သူကိုတော့ ကိုလေးလို့ပဲ ခေါ်ချင်တယ်၊ ကိုလေးလို့ပဲ ခေါ်ပါရစေ'

'ကို လေး'

မောင်မောင်သည် သူ့မျက်နှာပေါ်တွင်တင်နေသော မိုးရေစက် များကို လက်နှင့်သပ်ချလိုက်ရင်း တိုးတိုးလေး ရေရွတ်လိုက်မိသည်။

'ဟို ကိုလေးကို နေရာတကာ လိုက်ရှုပ်ရကောင်းလားလို့ စိတ် ဆိုးမနေနဲ့နော်၊ ဒီ ကိုလေးကိုလည်း ကြွေတကယ်ချစ်ပါတယ်။ ကိုလေး နေရာမှာ အစားဝင်လာတဲ့ ကိုလေးပါ နော် ကိုလေးရယ် ဟော ကိုလေး ချင်းရှုပ်ကုန်ပြီ'

'ခေါ်ဗျာ ကြိုက်သလို ခေါ်'

မိုးမှုန်များ သိပ်သည်းလာသောအခါကျမှ မောင်မောင်တို့ အဆောင်ဘက်သို့ပြန်ခဲ့ကြသည်။ ချစ်သောသူနှင့် လက်ချင်းတွဲပြီး မိုး ထဲ လေထဲ ဖြည်းဖြည်းသက်သာ လျှောက်ရသော ချမ်းမြေ့ခြင်းမျိုးကို မောင်မောင် ထာဝစဉ် သတိရနေမည်ဖြစ်သည်။

'ကြွေ ကျွန်တော် စစ်တမ်းတင်ဖို့ သိပ်နီးနေပြီ၊ နောက် တစ် ပတ်၊ နှစ်ပတ်လောက် ကြွေဆီကိုမလာဘဲ ကြိုးစားလိုက်ဦးမယ်၊ ကျွန် တော် အဲ ကိုလေးမလာရင် စိတ်မဆိုးနဲ့နော်၊ ကိုလေးရဲ့စိတ်ကို ကြွေ နားမှာ ထားခဲ့တယ်'

'ကြွေ ယုံပါတယ် ကိုလေးရယ်'

ကြွေသည် မောင်မောင့်လက်ကို ညှစ်ကိုင်၍ နှုတ်ဆက်လိုက်ပြီး အဆောင်ထဲ ပြေးဝင်ခဲ့သည်။ စိုးရိမ်ကြောက်ရွံ့မှု အမြွေးကြီး ကွာကျသွားသော ကြွေ့နှလုံးသားများသည် တဒိတ်ဒိတ်ခုန်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ မိုးရေများပက်ဖျန်းကာ တစ်ကိုယ်လုံး အေးမြနေသော်လည်း ကြွေ့ရင်ထဲတွင် နွေးနွေးထွေးထွေး ဖြစ်နေလေသည်။

'ဟေ့ ကြွေ'

ကြွေသည် လှေကားကို သွက်သွက်ကလေး လှမ်းတက်လိုက်စဉ် တစ်စုံတစ်ဦးသည် ကြွေ့လက်ကိုလှမ်းဆွဲလိုက်သည်။ အေးသွယ်ဖြစ်သည်။ ထာဝစဉ် ရွှင်ကြည်နေတတ်သော အေးသွယ်၏မျက်နှာလေးသည် ညှိုးနေသည်။

'ဟင် အေးသွယ် ဘာဖြစ်လို့လဲ'

'ဦးလေးလှ စောင့်နေတယ် ကြွေ ကြာလှပြီ'

'အေးသွယ် ကြွေ့ကိုပြောစမ်းပါ၊ ဘာဖြစ်လို့လဲ'

အေးသွယ်သည် ကြွေ့ကို ခပ်ငေးငေးလေး ကြည့်နေသည်။ အပြောရခက်သလို နှုတ်ခမ်းလေးများ မသိမသာ တုန်နေသည်။

'ကိုလေးလေ ကြွေ ကိုလေးက အမေရိကားမှာတဲ့၊ အဲဒါ လေယာဉ်မောင်းသင်တန်းမှာ ဘယ်လိုဖြစ်ပြီး ခိုက်မိတယ် မသိဘူး၊ မျက်လုံးမျက်လုံးကန်းသွားတယ်တဲ့၊ ဦးလေးလှဆီကို စာလာတယ်တဲ့'

'ဟင်'

နီတွေးနေသော ကြွေ့မျက်နှာလေးသည် ရုတ်ခြည်းဖြူဆွတ်သွားသည်။ မူးမိုက်သွားသလို လှေကားလက်ရန်းကို ထိန်းကိုင်လိုက်ပြီး မျက်လုံးကိုစုံမှိတ်ထားလေသည်။

ဦးလေးလှစောင့်နေရာ ဧည့်ခန်းသို့ ကြွေဝင်သွားသောအခါ အေးသွယ် လိုက်မသွားဖြစ်တော့ချေ။ အပေါ်ထပ်သို့ လေးကန်စွာ တက်

သွားမိသည်။ အော်ဟစ် ငိုကြွေးပစ်လိုက်ချင်သလို အေးသွယ်၏ရင်ထဲတွင် တင်းကျပ်နေသည်။

အိပ်ရာပေါ်တွင် တုန်ယင်စွာ လဲလျောင်းလိုက်ပြီး ကြွေအလာကိုသာ စောင့်နေမိသည်။ ကြွေလာလျှင် မည်ကဲ့သို့ နှစ်သိမ့်ရမည်နည်း။ အားပေးရမည်နည်း၊ အေးသွယ် မစဉ်းစားတတ်အောင် ရှိတော့သည်။ ကျေးဇူးရှင် မွေးစားမိဘများ၏ သား၊ ကြွေ၏ ချစ်ဦးသူ ကိုလေး တစ်ယောက် တစ်ပြည်တစ်ရပ်ခြားတွင် စုံလုံးကန်းဘဝသို့ ရောက်သောအခါ ကြွေ ရင်ထဲတွင် မည်ကဲ့သို့ခံစားရမည်ကို အေးသွယ် ကိုယ်ချင်းစာ၍ပင် စဉ်းစားမကြည့်ရဲချေ။

နာရီဝက်ခန့်ကြာသောအခါမှ ကြွေသည် အခန်းထဲသို့ လေးကန်စွာဝင်လာလေသည်။ ဘဝအားမာန်မရှိဘဲ ဖျော့တော့နေတတ်သော ကြွေမျက်နှာလေးသည် ထူးထူးခြားခြား တည်ငြိမ်နေသည်။ မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ စိမ့်အိုင်နေသော်လည်း နှုတ်ခမ်းလေးများက မသိမသာလေး ပြုံးနေလေသည်။

'အေးသွယ်'

ကြွေသည် တိုးတိုးလေးခေါ်ရင်း အေးသွယ်၏ဘေးတွင် လဲလျောင်းလိုက်သည်။ အေးသွယ်သည် ပြောစရာစကား ရှာမတွေ့သည့်အတွက် ကြွေလက်ချောင်းလေးများကို တင်းတင်းဆုပ်ကိုင်ထားရင်း ငြိမ်နေမိသည်။ ကြွေသည် မျက်လုံးကိုစုံမှိတ်ထားရင်း အသက်ကို မှျင်း၍ ရှူနေလေသည်။ မျက်ရည်များတွေတွေစီးကျနေသော်လည်း လုံးဝ မရှိုက်ဘဲ ငြိမ်သက်လှသည်။

'သူငယ်ချင်း ကြွေ့ကို အားမပေးတော့ဘူးလား၊ ကြွေ ကိုလေးဆီကို လိုက်သွားမယ်နော်၊ အမြန်ဆုံးလိုက်သွားမယ်၊ သူ အားကိုးရာမဲ့နေတဲ့အချိန်မှာ သူ့ဘေးမှာ ကြွေ ရှိသင့်တယ် မဟုတ်လား၊ ဘဘသော်တို့ရဲ့အသက်က ကြွေ့အပေါ်မှာ အကြွေးကြီးလို ထင်နေတယ်၊ အဲဒီ

အကြွေး တွေကို ကြွေ ဆပ်မယ်နော်’

ကြွေ အသံသည် တိုးသော်လည်း တည်ငြိမ်နေသည်။ အေးသွယ်သည် ပင့်သက်ရှိုက်ရင်း တွေဝေစွာ ငေးနေမိသည်။

❖

ကိုလေးရယ်

ကြွေ ခရီးရှည်ကြီး ထွက်ရမယ်၊ ဟို အဝေးကြီးကို ပေါ့၊ ကိုလေးကို လူချင်းတွေ့ပြီး နှုတ်မဆက်ရက်လို့ တိတ်တိတ်လေး ပဲ ထွက်သွားတော့မယ်၊ ကြွေ့ကိုခွင့်လွှတ်ပါနော်၊ ခွင့်လွှတ်ပါ ကိုလေး ရယ်၊ ကြွေ့ကိုယ်စား စကားပွင့်လေး ပေးခဲ့တယ်။

ကြွေ

ကိုလေးရေ

ကိုလေးတို့ အောင်စာရင်း ဒီနေ့ သတင်းစာထဲမှာ ကြွေ ဖတ်ရတယ်၊ ကိုလေး ထိပ်တန်းကအောင်လို့ ကြွေ ဝမ်းသာလိုက်တာ၊ ဟော ခရီးသည်တွေကိုခေါ်နေပြီ ကြွေသွားမယ်နော်၊

ကိုလေးရဲ့ ကြွေ

ကိုလေးရယ်

နက်ဖြန်ဆိုရင် ကြွေ့ဘဝမှာ အမှောင်ဖုံးတော့မယ်၊ မမှောင်ခင် နှုတ်ဆက်လိုက်ပါတယ်ကွယ်၊ ကိုလေးအနေနဲ့ ကြွေ့ကိုမေ့မှာ မဟုတ်ဘူး ဆိုတာ ကြွေ သိတယ်၊ ဒီတော့ ကြွေ့ကို မေ့လိုက်

ပါလို့တော့ ကြွေ မပြောချင်ပါဘူး၊ ဒါပေမဲ့ ကိုလေးရယ် ကြွေ ဆိုတဲ့မိန်းကလေးကို စိတ်ထဲက မပျောက်ပေမဲ့ ကြိုးစားပြီး ဖျောက်ထားပါနော်၊ ကြွေ ကိုလေးကို ဒုက္ခပေးခဲ့ရတဲ့အတွက် တော့ အမြဲတမ်း စိတ်မကောင်းဖြစ်နေရမှာပဲ၊ လူတကာကို အမြဲဒုက္ခပေးနေခဲ့တဲ့ ကြွေ ကောင်းမှုလေးတစ်ခုလောက် တော့ပြုပါရစေဦး၊ စကားပန်းလေးတွေမြင်ရင်လည်း ကြွေကို မတွေးမိ ဘဲပျော်နိုင်ပါစေလို့ ကြွေ ဆုတောင်းလိုက်ပါတယ်၊ ကြွေ သွားတော့မယ် ကိုလေးရယ်၊ အမှောင်ကမ္ဘာထဲကို ကြွေသွားတော့မယ်နော်၊

တစ်ခါက ကြွေ

မောင်မောင်သည် ကြွေစာလေးကို တယုတယ ခေါက်သိမ်း လိုက်ရင်း ငိုင်တွေးနေမိသည်။ စာရေးရင်း ကြွေမျက်ရည်ကျခဲ့လေ သလား မသိချေ။ စာလုံးများ ဝါးကာ မင်ပြန့်နေသည်။ နောက်ဆုံးစာ သည် အမေရိကားမှ ရောက်လာသော စာဖြစ်သည်။ စာအိတ်မှ တံဆိပ် ကိုကြည့်ကာ ကြွေတစ်ယောက် တစ်ပြည်ရပ်ခြားသို့ ရောက်နေကြောင်း ကို သိရတော့သည်။ ကြွေစကားများသည် ပဟေဠိ ဆန်လှသည်။ မောင် မောင် နားမလည်၊ အေးသွယ်ဆီရောက်ပြန်သောအခါ၌လည်း အေး သွယ် ချုံးပွဲချ ငိုတတ်လေသည်။

'အေးသွယ်ကိုမမေးပါနဲ့၊ မမေးပါနဲ့' ဟုတုန်ယင်စွာ ပြော သည် မှအပ ဘာမျှမေး၍ မရချေ။ မောင်မောင်သည် သက်ပြင်းချရင်း ပြန်လာ ခဲ့ရသည်သာ ဖြစ်၏။

'ချစ်ပါတယ်ဆိုပြီးမှ ထွက်ပြေးတာ တရားရဲ့လား ကြွေရယ်၊ အနာကိုပတ်တီးစည်းပေးပြီး အပေါ်ကနေ အက်စစ်လောင်းချတာမျိုး ကတော့ မကောင်းပါဘူး၊ ကြွေ နှိပ်စက်တယ်၊ ရက်စက်တယ်'

တစ်ခါတစ်ရံ မောင်မောင်သည် တစ်ဦးတည်း အရူးလို ရေရွတ် နေမိသည်။ ကြွေသာ မြန်မာပြည်အတွင်း၌ရှိလျှင် မြေအနံ့ ခြေဆန့်ကာ ရှာဖွေမိမည်ဖြစ်သည်။ ပျောက်သောသူကိုရှာလျှင် တွေ့ရမည်ဟု မောင်မောင် တွေးမိသည်။ ယခုတော့ တစ်ပြည်တစ်ရွာ တွင်ရောက်နေသော ကြွေ့ကို မောင်မောင် ဘယ်လိုသွားတွေ့ရမည်နည်း၊ မသိတတ် နိုင်အောင် ရှိတော့သည်။

စကားပွင့်ကိုမြင်လျှင်လည်း သတိမရဘဲ နေနိုင်ပါစေဟု ကြွေက ဆုတောင်းခဲ့သော်လည်း မောင်မောင်သည် ကြွေကို သတိရတိုင်း ဂျပ်ဆင်မြက်ခင်းပြင်ရှိ စကားပင်လေးများအောက်သို့ ရောက်သွားမိတတ်သည်။ ပန်းကောက်နေသော ကြွေကို စိတ်ကူးနှင့်ဖန်ဆင်းကြည့်မိရင်း တွေဝေစွာ ငေးမောနေတတ်သော မောင်မောင့်ကို သတိထားမိသူများက တစေ့တစောင်းကြည့်ရင်း ပြုံးရယ်တတ်ကြသည်။ "အလွမ်းမင်းသား" ဟု အမည်ပေးကြသည်။ တစ်ခါတစ်ရံ အေးသွယ်နှင့် ဆုံမိကြလျှင်လည်း နှစ်ဦးသား စကားမပြောမိဘဲ ငေးငိုင်နေမိကြသည်သာ ဖြစ်၏။

'ကြွေက ကျွန်တော့ကို ရှုးအောင်ပြုစားသွားတယ်၊ ကျွန်တော့ကို ချစ်ပါတယ်ဆိုပြီးမှ ထွက်ပြေးတယ်'

'ထွက်ပြေးတာတော့ မဟုတ်ပါဘူး ရှင်၊ အခြေအနေက သူထွက် သွားရအောင် ဖန်တီးတာပါ'

'ဘာကိစ္စနဲ့ သွားတာလဲ၊ ဘာဖြစ်လို့လဲ'

မောင်မောင်က ဖွတ်မေးလျှင် အေးသွယ်သည် မျက်ရည်ဝိုင်းလာတတ်သည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး ခေါင်းကို ယမ်းခါပြတတ် သည်။

'အေးသွယ် မပြောပါရစေနဲ့'

'ကြွေ ထွက်သွားတာ လေးလ ကျော်ပြီ'

'လေး လ'

'ကျွန်တော် ရူးတာလည်း လေးလ ကျော်ပြီ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်တော် စကားပင်အောက်မှာထိုင်နေရင် ကြွေ ရောက်လာတာပဲ၊ စကားပွင့်တစ်ပွင့်ကြွေရင် ကြွေတစ်ယောက် ရောက်လာတယ်။ ဟော ကျွန်တော့ဘေးမှာလည်း စကားပွင့်တွေ အများကြီးကြွေနေရော၊ ကြွေကလည်း ကိုယ်ပွားရုပ်ပွားတွေနဲ့ ကျွန်တော့ဘေးမှာဝိုင်းနေရော အဲဒီ ကြွေတွေကိုတော့ ကျွန်တော် ပိုင်ပါတယ်ဗျာ၊ ကျွန်တော် ဖန်ဆင်းရင် အမြဲပေါ်လာတာပဲ'

မောင်မောင်သည် နာကျင် ပြင်းပြသော ဝေဒနာကို သက်သာစေရန် ခပ်ပေါ့ပေါ့ပြောပြီး ရယ်သွမ်းသွေးမိသည်။ ထိုအခါမျိုးတွင်မူ အေးသွယ်သည် သူ့မျက်ဝန်းမှ စီးကျလာသောမျက်ရည်ပူများကို လက်ဖမိုးနှင့်ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်ရတတ်လေသည်။ မောင်မောင့်အား ကြွေ ထွက်သွားရသည့်အကြောင်းရင်းကို ပြောမပြပါဟု ကြွေ့ကို ကတိပေးခဲ့ရသည့်အတွက် အေးသွယ်သည် သူ့လည်ချောင်းဝတွင် တစ်ဆို့လာသော စကားလုံးများကို အတင်းမျိုချပစ်နေရသည်။ သူ တင်သော မင်းသားခမျာ နှစ်ပါးသွား ကရန် အစပျိုးရုံရှိသေး၊ လွမ်းတေးကောက်ဆိုပြီး အလွမ်းက က နေရသောအခါ အေးသွယ်သည် "အေးသွယ်ကြောင့်" ဟု မပြောမိသော်လည်း စိတ်ထဲတွင် သူ့ကိုယ်သူ တရားခံသဖွယ် မလုံမလဲဖြစ်နေသည်။

သြော် တဖြည်းဖြည်းနှင့် ကြွေ တစ်ယောက် တက္ကသိုလ်နယ်မြေမှ ရုတ်ချင်းပျောက်သွားသည်မှာ ငါးလပင်ကျော်၍ ခြောက်လနီးချေပြီ။ ပျောက်သောသူ ကြာလျှင်မေ့မည်ဆိုပါက သက်သာဖွယ်ရှိသော်လည်း အေးသွယ်နှင့်မောင်မောင်သည် ကြွေကို ကြာလေ သတိရလေမို့ မရှင်နိုင်အောင် ရှိတော့သည်။

"ကြွေ သွားတော့မယ် ကိုလေးရယ်၊ အမှောင်ကမ္ဘာထဲကို

ကြွေ သွားတော့မယ်နော်”

ကြွေ ကိုယ်တိုင်လာပြောနေသလို ကြားယောင်ရသဖြင့် မောင်မောင်သည် နေရာမှ ဝုန်းခနဲထလိုက်မိသည်။ ကြွေ ဝှက်ထားသော ပဟေဠိကို အေးသွယ်ကိုပင် ဖော်ခိုင်းရမည်၊ မရ ရအောင်မေးမည်ဟု တဇွတ်ထိုးစိတ်ကလေးနှင့် အေးသွယ်ဆီသို့သွားမိသည်။ အေးသွယ်သည် အဆောင်တွင်မနေတော့ဘဲ စံရိပ်ငြိမ်မှအိမ်လေးတစ်အိမ်တွင် ငှားလျက်နေသည်။ ကြွေပျောက်သွားသော ဝေဒနာကို အတော်ကလေး ပြင်းပြစွာ ခံလိုက်ရသော အေးသွယ်သည် ကြွေနှင့်အတူသွား၊ အတူစား နေထိုင်ခဲ့သောအဆောင်တွင် တစ်ဦးတည်း ဆက်ပြီးနေလိုဟန်မရှိချေ။

‘ကျွန်တော်သိပါတယ် အေးအေးသွယ်၊ ကျွန်တော့မျက်လုံးကမျက်ကြည်လွှာကို အစားထိုးကုဖို့အတွက် မျက်လုံးရောင်းတဲ့သူ ရှိတယ်ဆိုလို့ ကျွန်တော်ဝယ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီငွေတွေအကုန်လုံးကို ကျွန်တော် စာတိုက်ကတစ်ဆင့် ပြန်ရခဲ့တယ်။ လိပ်စာရေးထားတာက ကျွန်တော့ညီမ ကြွေရဲ့လက်ရေးတွေပါ။ ရေခြားမြေခြား တစ်ပြည်တစ်ရွာအထိလိုက်ပြီး မျက်လုံးချင်းလဲခဲ့တာ ကြွေမဟုတ်ဘူးလားဟင်၊ အဲဒါ ကြွေမဟုတ်ဘူးလား’

ဧည့်ခန်းထဲသို့ လှမ်းဝင်တော့မည်ပြုသော မောင်မောင်၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ သူ့ထက်ဦးသူတစ်ယောက်သည် အေးသွယ်နှင့် စကားပြောနေသည်။ သူ့အသံများသည် အဖျားခတ်ကာ တုန်တုန်ယင်ယင်ဖြစ်နေသည်။

‘ကျွန်တော် အဆင့်ဆင့်စုံစမ်းပြီးတော့ လိုက်လာရတာပါဗျာ။ ဟိုက ဆရာဝန်တွေကိုမေးလည်း မပြောဘူး၊ နောက်ဆုံးတော့ ဆရာမလေး တစ်ယောက်က ကျွန်တော့ကိုသနားလို့ထင်ပါရဲ့ မျက်လုံးရောင်းတဲ့ မိန်းကလေး သူ့ပြည်ကိုပြန်သွားပါပြီတဲ့။ ကျွန်တော်လည်း မြန်မာပြည်ကို အမြန်ဆုံးပြန်လာခဲ့တယ်။ ဦးလေးလှနဲ့သွားတွေ့တော့လည်း

သက်ပြင်းသာ တဟင်းဟင်းချနေတယ်၊ ဘာမှမပြောဘူး။ ကျွန်တော် ဘာလုပ်ရမလဲ အေး အေးသွယ်ရယ်'

အေးသွယ်သည် နှုတ်ခမ်းကိုကိုက်ကာ ကျောက်ရုပ်လေးလို ငြိမ်နေသည်။ နဖူးပြင်တွင် စို့နေသော ချွေးများကိုပင် မသုတ်အားဘဲ ဇာခန်းဆီး ဝါဖျော့ဖျော့လေးများကို ငေးကြည့်နေသည်။

'ကျွန်တော့ကို ကူညီပါ အေးအေးသွယ်ရယ်။ ကြွေ ဘယ်မှာရှိနေလဲ ပြောပါ၊ ကျွန်တော် သွားတွေ့ပါရစေ။ သူ့မျက်လုံးတွေနဲ့မြင်နေရတဲ့ ကျွန်တော် မျက်မမြင်လေး ကြွေ့ကို သွားတွေ့ပါရစေ'

'ဘုရား ဘုရား'

မောင်မောင့်မျက်လုံးများ ပြာဝေပြီး မိုက်ခနဲဖြစ်သွားသည်။ နံရံကို အားလျော့စွာမှီလိုက်ရင်း ဝရန်တာတွင် ယှက်နွယ်ပေါက်နေသော စက္ကူပန်းနီနီလေးများကို ငေးကြောင်စွာကြည့်နေမိသော်လည်း ဘာဆိုဘာမှမမြင်။ ဧည့်ခန်းတွင် မောင်မောင့်ထက်စောစွာ ရောက်နေသူသည် ကြွေ၏ တစ်ချိန်က ကိုလေးမှန်း သိလိုက်သည်။ မောင်မောင် အရူးအမူး ချစ်ခဲ့ရသော ကြွေတစ်ယောက် မျက်မမြင်လေးဘဝနှင့် မြန်မာပြည်ကို ပြန်ရောက်နေပြီဟူသောအသိကလည်း မောင်မောင့်နှလုံးသွေးကို ရုတ်ချင်းလျော့နည်းသွားစေသည် ထင်သည်။ အသက်ကိုပင် မေ့တစ်ချက် လျော့တစ်ချက်ရှူရင်း နှုတ်ခမ်းကိုပြတ်လုမတတ် ကိုက်ထားလိုက်မိ သည်။

'ပြောပါဗျာ ကျွန်တော်တို့အကြောင်း အေးအေးသွယ် အတော်များများ သိမှာပေ့ါ၊ ကြွေနေတဲ့နေရာကိုလည်း အေးသွယ်ပဲ ပြောနိုင်မှာပါ၊ ကျွန်တော် သိပါရစေ'

'ကြွေလား စကားပင်တွေကြားထဲမှာပဲ နေတော့မယ်တဲ့'

အေးသွယ်သည် အိပ်မက်မက်ရာမှ ယောင်ယမ်းပြီး ပြောနေသူလို ခပ်တိုးတိုးပြောသည်။ အခန်းထဲတွင် ရုတ်ချင်း တိတ်ဆိတ်သွားလေသည်။ ကိုသက်နိုင်သည် မျက်မှောင်ကုတ်ရင်း အေးသွယ်ကို ငေးကြည့်

နေသည်။ ထူထဲသောမျက်ခုံးများအောက်မှ မျက်ဝန်းညိုညိုများကို ရင်ဆိုင်မကြည့်လိုသည့်အတွက် အေးသွယ်သည် မျက်လုံးကို အောက်စိုက်ရင်း ကြမ်းပြင်ကိုသာ ကြည့်နေမိသည်။ ကိုသက်နိုင်သည် အတန်ကြာငြိမ်နေပြီးမှ ဝမ်းသာအားရအော်ကာ နေရာမှ ဝုန်းခနဲထလိုက်သည်။

'ဒါကို ကျွန်တော်လုံးဝမေ့နေတယ်၊ ကျွန်တော်သိပြီ၊ အေးအေးသွယ် ကျေးဇူးတင်ပါတယ်ဗျာ'

ပခုံးကျယ်ကျယ် အရပ်မြင့်မြင့်နှင့်လူတစ်ဦးသည် မောင်မောင့်ဘေးမှ ဝီးခနဲဖြတ်ကျော်ကာ အပြေးအလွှား ထွက်သွားသည်။ မောင်မောင်သည် သူ့ကျောပြင်ကို ရီဝေစွာကြည့်နေမိလေသည်။ ကြွေ ဆီကို သူသွားတော့မည် ဟူသောအသိက မောင်မောင့်ရင်ကို တင်းကျပ်ပြီးနာကျင်စေသည်။

'ဟင် ကို မောင် မောင်'

အေးသွယ်သည် တံခါးရွက်ကို မှီရင်း တိတ်ဆိတ်စွာရပ်နေသော မောင်မောင့်ကို တအံ့တသြနှုတ်ဆက်လိုက်သည်။ မျက်ဝန်းများနီကြင်နေသော အေးသွယ်သည် ငိုချင်စိတ်ကို ထိန်းထားမှန်း သိသာလှသည်။

'ကို သက် နိုင် ဆိုတဲ့လူလား၊ ကြွေရဲ့ ကိုလေးလား'

'ဟုတ်တယ်'

'ကြွေ ဆီကိုသွားပြီပေါ့နော်'

'ဟုတ် တယ်'

'ကျွန်တော် အမြဲနောက်ကျခဲ့တယ် အေးသွယ်ရယ်၊ ကြွေ့ကိုနောက်ကျပြီးမှ တွေ့ခဲ့ရတယ်၊ နောက်ကျပြီးမှ ချစ်ခဲ့ရတယ်၊ အခုလည်းနောက်ကျ ပြန်ပြီ၊ သူ ကြွေဆီကိုသွားပြီ၊ ကျွန်တော်ကတော့ မသွားနိုင်ဘူး၊ ကျွန်တော် ချစ်တဲ့ကြွေ ဘယ်မှာရှိမှန်းလည်း မသိဘူး၊ ကျွန်တော့်အမေက ကျွန်တော့်ကို သူများတွေထက် နောက်ကျစေဖို့ မွေးထားခဲ့တာ

လား မသိဘူး'

အေးသွယ်သည် ဣန္ဒြေမဆောင်နိုင်တော့ဘဲရှိုက်ငင်လာသည်။ မောင်မောင်သည် အေးသွယ်ကိုမကြည့်ဘဲ ကောင်းကင်ပြာကိုငေးမော ကြည့်ရင်း မျက်တောင် တဖျပ်ဖျပ် ခတ်နေသည်။

'ကြွေ မျက်စိမမြင်တော့ဘူး'

'ကျွန်တော် ကြွေ့မျက်လုံးတွေကို ချစ်တာ မဟုတ်ပါဘူးဗျာ'

အေးသွယ်သည် ချုံးပွဲချ၍ ငိုတော့သည်။ ထို့နောက် အခန်းထဲသို့ ပြေးဝင်သွားပြီး စာလေးတစ်စောင်ကို ယူလာသည်။

'အဲဒါ ကြွေ အေးသွယ်ဆီကိုရေးတဲ့စာပါ၊ ကြွေ ရေးခဲ့တဲ့စာပါ'

မောင်မောင့်ကို ကမ်းပေးရင်း ဗလုံးဗထွေး ပြောရှာသည်။ မောင်မောင်သည် ရီဝေနေသောမျက်ဝန်းများဖြင့် ကြွေ စာလေးကို အားစိုက်ပြီး ဖတ်ရသည်။

အေးသွယ် သူငယ်ချင်းရယ်

ကြွေ ကို အပြစ်မတင်ပါနဲ့၊ သနားလည်း မသနားပါနဲ့လားကွယ်၊ ကြွေ့ မျက်လုံးတွေကို ကြွေ ပေးလိုက်တော့မယ်နော်၊ ဘဘသော်တို့ရဲ့အသက်ကို ကြွေ့ရဲ့ဘဝနဲ့ လဲပါရစေတော့၊ နက်ဖြန်ဆိုရင် ကြွေ ခွဲစိတ်ခံရတော့မယ်၊ ကြွေ တစ်ပြည်တစ်ရွာမှာ ကြာရှည်မနေချင်ဘူး အေးသွယ်ရယ်၊ ကြွေတို့ရဲ့ မြန်မာပြည်ကိုပဲ ပြန်လာခဲ့မယ်၊ ကြွေကို တစ်ခုတော့ ကူညီပါ ဦးနော်၊ ကြွေ ပြန်လာရင် ကြွေကို လေဆိပ်က ဆီးကြိုပြီး စကားမြိုင်ကို အရောက်ပို့ပေးပါလား သူငယ်ချင်းရယ်၊ ကြွေလေ ကျန်တဲ့ဘဝ သက်တမ်းကို စကားပင်တွေကြားမှာပဲ နေပါရစေတော့၊ ကြွေ အေးသွယ်ရဲ့ ဓာတ်ပုံ လေးကိုကြည့်နေတယ်၊ ကြွေ အမှောင်ကမ္ဘာ ထဲရောက်သွားပေမဲ့ အေးသွယ်ဟာ ကြွေ့ရဲ့ ဘေးမှာအမြဲအားပေး နေမှာမို့ ဝအောင် ကြည့်ထားရတယ်၊

ဒီအကြောင်းတွေကို မြန်မာပြည်က ကိုလေးတစ်ယောက်တော့ မသိပါစေနဲ့၊

'ကြွေ စကားမြိုင်မှာ ရှိပါတယ်၊ အေးသွယ်လိုက်ပို့ခဲ့တယ်၊ လိုက်သွားပါ၊ အမြန်ဆုံးလိုက်သွားပါ၊ မှီရာ ရထားနဲ့လိုက်သွားပါတော့ ရှင်၊ စကားမြိုင်က စကားပင်တွေကြားထဲမှာ မျက်မမြင်လေး ကြွေ ရှိနေလေရဲ့'

အေးသွယ်၏ အသံသည် တိုးပြီး ဝါးကျန်ရစ်သည်။ မောင်မောင်သည် အေးသွယ်ကိုပင် နှုတ်မဆက်နိုင်ဘဲ အပြေးထွက်ခဲ့သောကြောင့်ဖြစ်သည်။ သို့သော် တုန်ယင်သောအသံကလေးသည် မောင်မောင့်နောက်သို့ ကပ်ပါလာသည်။

'စကားမြိုင်က စကားပင်တွေကြားထဲမှာ မျက်မမြင်လေး ကြွေ ရှိ နေ လေ ရဲ့'

❖

စကားမြိုင်သည် မောင်မောင့်ကို ငြိမ်သက်အေးချမ်းစွာဆီးကြိုလေသည်။ ကြိုးတံတားသွယ်လေးကို ခပ်ဖြည်းဖြည်းဖြတ်လာရင်း လေတွင် ပျံ့ဝဲနေသော စကားပန်းနံ့ သင်းသင်းကို ရှူရှိုက်ရသည်။ ကိုယ့်ချစ်သူ ငယ်ဘဝက ပျော်မွေ့ခဲ့သောနေရာဖြစ်သောကြောင့် မောင်မောင့်ရင်ထဲတွင် နွေးလာသည်။

'ကြွေ ညီမရယ် ဘယ်လိုများ လုပ်လိုက်တာလဲ၊ ကိုလေးကို ရူးအောင်လုပ်တာလား'

ဧည့်ခန်းထဲမှ ဆို့နင့်စွာပြောလိုက်သောအသံကိုကြားရသည်။ မောင်မောင်သည် အသက်ကို ပြင်းပြင်းရှိုက်ရင်း တံခါးပေါင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။ ဒီတစ်ခါလည်း သူနောက်ကျပြန်ချေပြီကို နားလည်လိုက်သည်။

ကြွေသည် တံခါးဝကိုမျက်နှာမူရင်း ပုံ့ပုံ့ယုံ့ယုံ့လေး ထိုင်နေသည်။ နဂိုက သွယ်သော ကြွေမျက်နှာလေးသည် ပို၍သွယ်ပြီး ပိန်သွားသယောင် ရှိသည်။ မောင်မောင့်ဘက်သို့ ငေးငေးလေးကြည့်နေသော်လည်း ကြွေ မျက်လုံးများသည် အမြင်အာရုံမရှိတော့ကြောင်း နားလည်ထား၍ မောင်မောင်သည် ကြေကွဲစွာငေးကြည့်နေမိသည်။

ကြွေ့ရှေ့တွင် မားမားကြီးရပ်နေသော ကိုသက်နိုင်သည် ရင်

ထဲမှ တုန်လှုပ်မှုကို မခံနိုင်သလို လှုပ်လှုပ်ရှားရှား ဖြစ်နေလေသည်။

'ဘယ်လိုသဘောနဲ့ ဒီထိအောင် သူ့ရဲ့ကောင်းဆန်ရတာလဲ ညီမ ရယ်။ ကြွေကတော့ မျက်မမြင်လေးဖြစ်လို့၊ ကိုလေးကတော့ ကြွေ့ မျက်ကြည်လွှာကိုယူပြီး အလင်းရလို့၊ ဟာ ဒီလိုဘဝမှာ ကိုလေး စိတ် ချမ်းသာလိမ့်မယ် ထင်သလား၊ မိုက်လိုက်တာကွယ်'

'ဘ ဘ သော် တို့ သေ တာ ကြွေ့ ကြောင့်'

ကြွေ့အသံသည် တိုးသော်လည်း ပြတ်သားလှသည်။

ကိုသက်နိုင်သည် ရုတ်တရက်ပေါက်ကွဲသွားသူလို အော်လိုက် ပြီး ကြွေ့ပခုံးနှစ်ဖက်ကို တင်းတင်းဆုပ်လိုက်လေသည်။

'တော်စမ်း ကြွေ တော်စမ်း၊ ဒါကြောင့်မို့ ကြွေက အကြွေးဆပ် သလို မျက်လုံးအစားပေးခဲ့တာပေါ့ ဟုတ်လား ဟင် ဟုတ်လား'

'ဒီ လို လည်း မဟုတ်ပါဘူး ကိုလေးရယ်'

ကြွေသည် နွမ်းလျစွာပြောရင်း သူ့လက်ထဲမှထိုးလက်စ ပလပ် စတစ်အိတ်လေးကို စမ်းသပ်နေသည်။ ဖွာလျာကျနေသော ပလပ်စတစ် ကြိုးဖြူဖြူလေးများကို လက်နှင့်ဆော့ကစားရင်း အတန်ကြာအောင် ငြိမ် သက်နေသည်။ ထို့နောက် ခေါင်းကို ဆတ်ခနဲမော့လိုက်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

'ကိုလေးရယ် ဘာလို့အခန်းဝမှာ ရပ်နေရတာလဲ ဝင်ခဲ့ပါ၊ ကြွေ ကိုလေးရဲ့ အသက်ရှူသံကို သဲ့သဲ့လေး ကြားနေရပါတယ်'

မောင်မောင့်ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။ ကိုသက်နိုင် သည် နားမလည်နိုင်သလို ခေတ္တမျှ ငေးနေပြီး တံခါးဝကို ဖျတ်ခနဲ လှည့် ကြည့်လိုက်သည်။ ဆို့နင့်ကြေကွဲနေသော လူငယ်နှစ်ဦးသည် တစ်ဦးကို တစ်ဦး ငေးစိုက်ကြည့်မိကြလေသည်။ မောင်မောင်ကစပြီး မျက်လုံးများ ကို လွှဲဖယ်လိုက်သည်။ အခန်းထဲသို့ ခပ်ဖွဖွ နင်းဝင်လာသော မောင် မောင်၏ခြေသံကို ကြွေသည် နားစိုက်၍ ထောင်နေလေသည်။

'သူ့ကိုလည်း ကြွေ ကိုလေးလို့ပဲ ခေါ်တယ်။ သူ့မေတ္တာကို လက်ခံမိတဲ့နေ့မှာပဲ ကိုလေးရဲ့သတင်းကိုကြားပြီး ကြွေ သူနဲ့ဝေးရာ ပြေးခဲ့ရတယ်'

'ကြွေ ပိန်သွားတယ်'

မောင်မောင်သည် ကြွေကို ရီဝေစွာကြည့်ရင်း ကရုဏာမကင်း ပြောသည်။ ကြွေသည် ဘာမျှပြန်မပြောဘဲ ယဲ့ယဲ့လေးပြုံးနေလေသည်။

'အေးသွယ်ဆီက ကြားခဲ့တာလား၊ အကြောင်းစုံ သိပြီးရောပေါ့ နော်'

'သိပါတယ် ကြွေရယ်၊ အားလုံးသိပြီးပါပြီ။ ကျွန်တော် အမြဲ တမ်းနောက်ကျခဲ့လို့၊ ဒီတစ်ခါလည်း နောက်ကျမှာစိုးလို့ အမြန်ဆုံးလာ တာပါ။ ဒါပေမဲ့ ကြွေရယ် နောက်ကျတာပါပဲ။ ကျွန်တော်က ဒုတိယ လူပါ'

မောင်မောင်သည် ကိုသက်နိုင်ကို ဝေ့ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။ အရပ်မြင့်ပြီး မေးရိုးကားသော ကိုသက်နိုင်သည် မောင် မောင့်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူနှင့်ယှဉ်လျက် ကြွေမေတ္တာကို လုမ်းနိုင်ခဲ့သူအား ငေးကြည့်ရင်း သဘောထားကြီးနိုင်အောင် ကြိုးစား နေပုံရသည်။ မောင်မောင်သည် သူ့မျက်လုံးကို ဖျတ်ခနဲလွှဲလိုက်ပြီး ခပ်ဆတ်ဆတ်ပြောလိုက်သည်။

'ကျွန်တော့ကိုရှုံးအောင်လုပ်နေတာလား ကြွေရယ်။ ကျွန်တော် ကြွေနဲ့ ခွဲမနေနိုင်ဘူး၊ ကြွေကို ကျွန်တော် အမြန်ဆုံး လက်ထပ်မယ်'

'ဒီ လို မ လုပ် ပါ နဲ့'

ကြွေက တုန်လှုပ်စွာပြောသည်။ ကြွေ မျက်လုံးများက မြင်နိုင် စွမ်းမရှိသော်လည်း ကြွေ ရှေ့တွင် ကြေကြေကွဲကွဲ ရပ်နေသူနှစ်ဦး၏ ခံစားမှုကို ကြွေ သိနေသည်။ ပလပ်စတစ်အိတ်လေးကို တင်းတင်းကိုင် ရင်း အသက်ကို ပြင်းပြင်းရှူနေမိသည်။

'ကျွန်တော် ပြန်ရင် ကြွေ လိုက်ခဲ့ရမယ်'

မောင်မောင်က တဖွတ်ထိုးပြောသည်။ ကြွေ တစ်ယောက် ကိုသက်နိုင်နောက်သို့ ပါသွားမည်ကို ကြောင့်ကြသောစိတ်နှင့် ရင်ထဲတွင် ဗလောင်ဆူနေသည်။ ထိုစဉ်တွင် မောင်မောင့် ပခုံးကို လက်တစ်ဖက်က ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

'ဒီမှာ ငါ့ညီ၊ ကြွေ့ကို နောက်မှတွေ့ပြီး နောက်မှချစ်ရတာ တောင် ဒီလောက်ချစ်သေးရင် အရွယ်မရောက်ခင်ကတည်းက ညီမလို တစ်မျိုး၊ နောက်တော့ ချစ်သူလိုတစ်မျိုးချစ်ခဲ့ရတဲ့ သူဟာ ဘယ်လောက် ချစ်မလဲဆိုတာ ကိုယ်ချင်းစာကြည့်ပါကွယ်။ အခြေအနေ အရပ်ရပ် ကြောင့် တစ်ပြည်တစ်ရွာကိုလွင့်သွားခဲ့ပေမယ့် ကြွေဆိုတဲ့ မိန်းကလေး ကို တစ်နေ့မှ မေ့မရခဲ့ပါဘူး'

'ကျွန်တော်ကတော့ ရှုံးတော့မယ်၊ တစ်နေ့ မပြောနဲ့ တစ်နာရီ တောင်မှ မမေ့နိုင်ဘူး၊ တစ်မိနစ်တောင် မေ့မရဘူး၊ ကျနော် ကြွေကို သိပ်ချစ်တယ်'

'ဒို့လည်း ချစ်ပါတယ်ကွယ်'

မောင်မောင့်အသံသည် စိုးရိမ်ကြောင့်ကြမှုရောကာ မာကျော နေသည်။ ကိုသက်နိုင်သည် သူ့ထက်ငယ်သော၊ တဖွတ်ထိုးနိုင်သော မိုက်ရူးရဲကလေးတစ်ယောက်ကို ဖျောင်းဖျနေသလို ညင်သာပျော့ပျောင်းစွာ ပြောသည်။

ကြွေသည် သူတို့နှစ်ဦး၏စကားသံများကို နားစိုက်၍ ထောင်နေရင်း နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ယင်နေသည်။ မည်သူ့ဘက်ကမျှ လိုက်၍ မပြောရဲသည့်အတွက် နံရံကို တင်းတင်းလေးမှီပြီး ငြိမ်နေမိသည်။ ရင်ထဲတွင်မူ ပြင်းပြင်းပြပြ ငိုကြွေးရင်း အေးသွယ်ကို တမ်းတနေမိလေသည်။ အေးသွယ်သာရှိလျှင် အေးစက်လာသော ကြွေ လက်ဖဝါးများကို ဖွဖွလေးဆုပ်ကာ အားပေးမည်ဖြစ်သည်။

မောင်မောင်နှင့် ကိုသက်နိုင်တို့သည် တစ်ဦးနှင့်တစ်ဦး ခပ်တင်း တင်း ရင်ဆိုင်ကြည့်နေကြသည်။ ထိုနောက် ကိုသက်နိုင်သည် သက်ပြင်းကို ဟင်းခနဲချလိုက်သည်။ ကြွေကိုလှမ်းပြောသောအသံသည် တိုး သော်လည်း ကြွေ နားထဲသို့ ဖုံးကွဲသလို ဟိန်း၍ဝင်လာလေသည်။

'ကဲ ကြွေ ညီမရေ ဆုံးဖြတ်ပေတော့၊ တစ်ယောက်ယောက်ကို ရွေးပေးတော့၊ ကြွေ ဘယ်သူ့ကို ပိုချစ်လဲ'

'အို ကြွေ မသိဘူး မ သိ ဘူး'

ကြွေသည် ပလပ်စတစ်အိတ်လေးကို ဖြုန်းခနဲ လွှင့်ပစ်လိုက် ပြီး ငိုသံလေးနှင့် အော်လိုက်သည်။

အခန်းထဲတွင် ရုတ်ချင်း တိတ်ဆိတ်သွားလေသည်၊ ကြွေ ရင်ထဲတွင် နောက်ကျိနေသည်။ ကိုသက်နိုင်နှင့်မောင်မောင်တို့သည် သူ့နှလုံးသားကို တစ်ဖက်တစ်ချက်ဆီမှ အတင်းဆွဲနေကြသလို နာနာ ကျင်ကျင် ကြီးဖြစ်နေသည်။ သူတို့နှစ်ဦး၏အသက်ရှူသံကို နားထောင် ရင်း လိုက်မောလာသည်။ သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ရန်သူလို ကြည့်နေကြလေမည်လား တွေးရင်း ကြွေမျက်နှာသည် ငိုမဲ့မဲ့လေး ဖြစ် လာသည်။

'တစ်ခုခုတော့ ဆုံးဖြတ်ပါ ကြွေရယ်၊ ကြွေ ဆုံးဖြတ်တဲ့အတိုင်း ကျွန်တော်တို့ နာခံပါ့မယ်'

မောင်မောင်သည် တုန်ယင်စွာ ပြောသည်။ ကြွေသည် နှုတ် ခမ်း ကို ကိုက်ရင်း ခေါင်းကလေးငုံ့ထားလေသည်။ သူ့အဆုံးအဖြတ်ကို နားထောင်နေကြဟန်နှင့် ငြိမ်သက်နေသောအခြေအနေတွင် ကြွေ နှလုံး သားများက ပြင်းထန်စွာလှုပ်ခါနေသည်။

'ကြွေ ဆုံးဖြတ်ပါ့မယ်၊ ဒါပေမဲ့ နက်ဖြန်မှ ပြောပါရစေ ကိုလေး တို့ရယ်'

❖

နောက်တစ်နေ့ နံနက်တွင် မောင်မောင်သည် စောစီးစွာ အိပ်ရာမှနိုးလာသည်။ နှင်းမှုန်များသည် သိပ်သိပ်သည်းသည်းကျနေသည့်အတွက် ဝန်းကျင်တစ်ခုလုံး အုံ့ဆိုင်းနေသည်။ သွပ်မိုးပေါ်သို့ နှင်းစက်များကျသံသည် မိုးပေါက်များကျသည့်အလား တပေါက်ပေါက် မြည်နေလေသည်။

တောင်ကျရေစီးသံသဲ့သဲ့သည် နှင်းပေါက်များကျသံနှင့်အတူ မောင်မောင့်နားထဲသို့ တိုးဝင်ရိုက်ခတ်လာသည်။ ကြွေ ဟူသည့်မိန်းကလေးသည် မွှေးပျံ့သောစကားပန်းရနံ့ကို ရှူရှိုက်ရင်း တောင်ကျရေစီးသံကိုအဖော်ပြုကာ ဘဝကိုကုန်ဆုံးရန် စိတ်ကူးခဲ့ဟန်ရှိသည်။ အေးချမ်းလှသော စကားမြိုင်တွင် သူ့ဘဝကို မထင်မရှားမြှုပ်ရန် စိတ်ကူးခဲ့သော မိန်းကလေးသည် ယနေ့တွင် ဆုံးဖြတ်ချက်တစ်ခုကို ချတော့မည်ဖြစ်သည်။ သူ့ဆုံးဖြတ်ချက်ကို မှန်သည်မှားသည် စောဒကမတက်ဘဲ မောင်မောင်လက်ခံရမည်ဖြစ်လေသည်။ မောင်မောင်သည် ခြင်ထောင် အမိုးဖြူဖြူကိုငေးကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိသည်။

'ဒေါ်ဒေါ်စော၊ ကြွေရော'

'ခြံထဲမှာလေ'

'စောစောစီးစီးဗျာ လင်းတောင်မလင်းသေးဘူး'

'သြော် မောင်သက်နိုင်ရယ် သူ့အတွက်တော့ အလင်းနဲ့အမှောင်ဟာ အတူတူပါပဲ'

'ခလုတ်တိုက်ပြီး လဲပြိုနေပါဦးမယ်'

'ခြံထဲမှာတော့ သူ့ခြေရာချည်းပဲ၊ ဘယ်တော့မှ မလဲဘူး။ တစ်ခါတလေ ကြိုးတံတားပေါ်တောင် လျှောက်သေးတယ်။ ဒေါ်ဒေါ်စောက စိုးရိမ်ပြီးတားလည်း မရဘူး၊ ဒီနေရာတွေကို သူအလွတ်ရပါတယ်တဲ့'

မောင်မောင်သည် အိပ်ရာမှ လူးလဲထလိုက်မိလေသည်။ ကိုသက်နိုင်သည် သူ့ထက်စောစီးစွာ အိပ်ရာမှနိုးနေခဲ့ပုံရသည်။ သို့တည်း မဟုတ် တစ်ညလုံးပင် အိပ်မပျော်ဘဲ တလူးလူးတလွန့်လွန့်ဖြစ်နေရော့ သလားမသိ၊ အခန်းထဲမှထွက်လာသော မောင်မောင့်ကို ပြုံး၍နှုတ်ဆက် လေသည်။

ဒေါ်ဒေါ်စော ကျွေးသော ကောက်ညှင်းပေါင်း ပူပူကိုပင် မစားနိုင်၊ မောင်မောင်သည် ခြံထဲသို့ဆင်းလာမိသည်။ စကားမြိုင်ဟူသော အမည်နှင့်လိုက်ဖက်စွာ တစ်ခြံလုံး စကားပင်များ စီရရီနှင့် သာယာလှသည်။ ပင်ခြေများကို ပြောင်စင်အောင်လှည်းကျင်းထားသည်ဖြစ်ရာ စကားပွင့်ဖွေးဖွေးလေးများသည် မြေတလင်းတွင် ကျဲပြန့်နေကြ၏။

'ကျွန်တော် မနေ့တုန်းက တစ်ကိုယ်ကောင်းဆန်သွားတာ တောင်းပန်ပါတယ်ဗျာ၊ ကြွေကို ကျွန်တော်ချစ်သလို တခြားလူလည်း ချစ်လိမ့်မယ်ဆိုတာ ကျွန်တော်မေ့သွားတယ်'

မောင်မောင်သည် စတင်ပြီးတောင်းပန်လိုက်မိသည်။ ကိုသက်နိုင်သည် နှုတ်ခမ်းများကိုစေ့ကာပြုံးလိုက်ရင်း မောင်မောင့်ပခုံးကို ညှစ်ကိုင်လိုက်သည်။

'ဒို့များ သူ့ရဲ့ အဆုံးအဖြတ်ကိုပဲ ကျေကျေနပ်နပ် လက်ခံကြရအောင်'

မောင်မောင်သည် သဲ့သဲ့လေးပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ကိုသက်နိုင်အပေါ်မှာ မနာလိုငြူစူသောစိတ်များသည် တစ်ညအိပ်ပြီးသောအခါ အတော်လျော့ပါးသွားသည်။ လူကြီးဆန်သော ရင့်ကျက်သောသူ့ကို အထိုက်အလျောက် လေးစားလာသည်။

သူတို့နှစ်ဦးသည် ဘာစကားမျှဆက်မပြောမိကြဘဲ အတန်ကြာ ငြိမ်သက်နေမိကြသည်။ ထို့နောက်မှ ကြွေရှိရာသို့ နှစ်ဦးအတူ လျှောက် လာမိကြသည်။

'ဟိုမှာ ကြွေ ရယ်'

ကြွေကို ကြိုးတံတားကလေးပေါ်တွင်တွေ့ရသည်။ မထုံးမနှောင်ဘဲ စုစည်းထားသဖြင့် ဖားဖားဝေသောဆံပင်များသည် လေတွင် လွင့်နေ လေသည်။ ဒီနေ့မှ ဘာစိတ်ကူးပေါက်သည်မသိ တစ်ပွင့်တည်း ပန်နေ ကျ စကားပန်းများကို ဝေနေအောင်ပန်ဆင်ထားသည်။ နှင်းမှုန်များ ကြားထဲတွင် ရောစောင်အဖြူလေးခြုံကာရပ်နေသော ကြွေသဏ္ဍာန်သည် မှုန်ဝါးဝါးလေးဖြစ်နေလေသည်။

သူတို့သည် ရှေ့ဆက်မလျှောက်ဖြစ်ကြဘဲ ကြွေကို ခပ်လှမ်းလှမ်းမှနေပြီး ရင်ဖိုစွာကြည့်နေမိကြသည်။ ကြွေ တွေးနေသည်။ ကြိုးတံတားမှ လက်ရန်းကြိုးလေးကိုဆုပ်ကိုင်ရင်း ခေါင်းလေးကို ငုံ့ထားသည်။ အကျပ်အတည်းမှ ရုန်းထွက်နေရသလို နှုတ်ခမ်းလေးကို တင်းတင်းစေ့ ထားလေသည်။

မောင်မောင်သည် အသက်ပင်မရှူရဲဘဲ ကြွေကို ငေးကြည့်နေမိသည်။ ကြွေသည် သူတို့နှစ်ဦးအား ချိန်ထိုးဆုံးဖြတ်နေကြောင်း သိသည့် အတွက် ရင်ဖိုနေမိသည်။ သူရှုံးမည်လား နိုင်မည်လား မောင်မောင်သည် ဆက်၍မတွေးရဲတော့ဘဲ ရင်ထဲတွင် ပြင်းပြင်းထန်ထန်လှုပ်ရှားလာသည်။

ကြွေကို ကြည့်ရသည်မှာ ကျောက်ဖြူနှကို ထုထားသော ကျောက်ဆစ်ရုပ်တုလေးလို ငြိမ်သက်လှသည်။ အသက်ရှူရန်ပင် မေ့လျော့နေဟန်နှင့် တွေငေးနေသည်။

စကားပန်းနံ့က ပြင်းပြင်းပြပြမွှေးလာသည်။ မောင်မောင်သည် မွှေးပျံ့သောရနံ့ကိုရှိုက်၍ ရှူမိစဉ်တွင် ကြွေခေါင်းလေးသည်

ဆတ်ခနဲ မော့လာလေသည်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချပြီး ဟန်နှင့် ကြွေမျက်နှာလေးသည် တည်ငြိမ်နေသည်။ တသိမ့်သိမ့်လှုပ်နေသော ကြိုးတံတားလေးပေါ်တွင် ကြွေသည် သွက်သွက်လေးလျှောက်ရန် ဟန် ပြင်လိုက်သည်။

ထိုစဉ် ထိုစဉ်တွင် ထိုမြင်ကွင်းကို မောင်မောင်တစ်သက် မေ့တော့မည်မထင်။ သူ့ပခုံးပေါ်မှ လျှောကျသွားသော ရောစောင်ဖြူလေးကို ကြွေသည် လက်မှန်းနှင့် ရမ်းပြီးဖမ်းလိုက်သည်။ ကြိုးတံတားလေးက ညွတ်ပြီးတစ်ဖက်ယိမ်းသွားစဉ် ကြွေအားပြုထားသော လက်ရန်းကြိုးလေး ပြတ်ထွက်သွားလေသည်။

'ကြွေ ကြွေရဲ့'

'ကြွေ ညီမလေး'

မောင်မောင်တို့နှစ်ဦးသား စိုးရိမ်တကြီး အော်ဟစ်လိုက်မိကြသည်။ ကြွေသာ မျက်စိမြင်လျှင် အခြားလက်ရန်းများကို ဖမ်းဆွဲနိုင်မည်ထင်သည်။ ယခုတော့ တသိမ့်သိမ့်ညွတ်နေသော ကြိုးတံတားစွန်းလေးတွင် အယိမ်းယိမ်း အယိုင်ယိုင်ဖြစ်နေသော ကြွေသည် မိမိရရ မဆွဲငင် မဆုပ်ကိုင်နိုင်ရှာချေ။

'ကိုလေးရေ ကိုလေး'

သူတို့နှစ်ဦး အားသွန်၍ ပြေးလာကြစဉ် အားကိုးတကြီးခေါ်လိုက်သံလေးကို ကြားရသည်။ ထို့နောက် မဟန်နိုင်တော့သည့် ဖြူရိပ်ရိပ်သဏ္ဌာန်လေးသည် ချောက်ထဲသို့ ယိမ်း၍ကျသွားသည်။

'ကိုလေးရဲ့'

ကြွေ ခေါ်သံလေးသည် ချောက်နှုတ်ခမ်းဘေးများကို ပဲ့တင်ရိုက်ကာ ထွက်ပေါ်လာသည်။ မောင်မောင့်မျက်လုံးများ ပြာဝေကာ တစ် ကိုယ်လုံး ဖောချွေးများ ရွှဲနစ်လာသည်။

'ကြွေ ကြွေရေ ကြွေ ကြွေရဲ့'

အက်ကွဲသောအသံနှင့်ကျုံး၍ အော်လိုက်မိသည်။ ကြွေ ထူးသံကို မကြားရချေ။ ကြွေအသံအစား တဝေါဝေါစီးနေသော ရေသံက ပဲ့တင်သံလို ရိုက်ခတ်လာသည်။

မြူနှင်းများသည် ပို၍ သိပ်သည်းစွာကျလာသည်။ နှင်းမှုန်ဖွေးဖွေးကြောင့် ချောက်အောက်ခြေတွင် ဝဲကတော့လှည့်ကာ အရှိန်ပြင်းပြင်းစီးနေသော တောင်ကျရေများကိုပင် ကောင်းစွာမမြင်ရ၊ ဖြူဖျော့သောကြွေသဏ္ဌာန်လေးသည် နှင်းမှုန်များကြားထဲတွင် လူးလွန့်ရင်း အကူအညီတောင်းကာ ခေါ်နေမည်လားဟု ထင်မိရင်း မောင်မောင့်ရင်ထဲတွင် မီးတောက်နေသည်။

'ကြွေရေ ဘာမှမကြောက်နဲ့၊ ကိုလေးလာမယ်ကွဲ့ အချစ်ရဲ့'

'သတိထားမှပေါ့ ငါ့ညီရယ်'

မောင်မောင်သည် သူရူးသဖွယ် ချောက်ထဲသို့ ခုန်ဆင်းမည်ပြုစဉ် သူ့ပခုံးကို သန်မာသောလက်များက တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်လေသည်။

'အကျိုးမရှိတာကို မလုပ်ပါနဲ့ကွယ်၊ ဒို့များချောက်ထဲ ဆင်းရှာကြတာပေါ့၊ သြော် ကံဆိုးလိုက်တဲ့ မိန်းကလေးရယ်'

စကားမြိုင်သည် ရုတ်တရက် ပြန်လည်တိတ်ဆိတ်သွားသည်။ နှင်းမှုန်များကြားထဲတွင် ခက်လက်ဝေဖြာစွာ ရိပ်ရိပ်ကလေးမြင်နေရသော စကားပင်များကမူ တိတ်တခိုး ငိုကြွေးနေဟန်ရှိသည်။ ဖြူဖွေးဖွေးစကားပွင့်လေးများသည် ချောက်ထဲသို့ ရုတ်ရုတ်သဲသဲ ကြွေကျနေကြသည်။ တောင်ကျရေထဲတွင် ချာလည်လှည့်ကာစီးရင်း သူတို့၏သခင်မလေးကို ရှာဖွေကြလေမည်လား မသိရချေ။ စကားပန်းနံ့က ခါတိုင်းထက်ပင် ပိုမွှေးနေသယောင်ရှိသည်။ ကြိုးတံတားပေါ်တွင် ငြိတွယ် ကျန်ရစ်သော ရှောစောင်ဖြူဖြူလေးသည် လေထဲတွင် တဖျပ်ဖျပ်လွင့်နေသည်။

'ကြွေ ကြွေရဲ့ ထူးပါဦး ကြွေရဲ့'

မောင်မောင်သည် အက်ကွဲသောအသံနှင့် အော်ဟစ်နေမိလေသည်။ ကြွေကို အော်ခေါ်လေတိုင်း စကားပန်းများကသာ သင်းပျံ့ပျံ့မွှေးလာသည်။ မောင်မောင်သည် တဒင်္ဂအတွင်းဖြစ်ပျက်သွားသော အဖြစ် အပျက်များကို လုံးဝမယုံနိုင်သလို ငေးကြောင်ကြောင် ဖြစ်နေသည်။ အိပ်မက်ဆိုးမက်တာပါဟု တွေးရင်း စိတ်သက်သာအောင် ဖန်တီးနေမိသည်။ တဖျပ်ဖျပ်လွန့်လူးနေသော ရောစောင်ဖြူလေးကမူ 'ကြွေချောက်ထဲကျသွားပြီ ကျသွားပြီ'ဟု အတည်ပြုကာပြောနေဟန်ရှိသည်။

ကိုသက်နိုင်သည် ရွာထဲမှလူများကိုပါ အကူအညီတောင်းပြီးချောက်ထဲဆင်းကာ ရှာဖွေနေသော်လည်း မောင်မောင်သည် နေရာမှ မရွေ့ရှားမိသေးချေ။

'ကြွေ ကြွေရေ'

အော်ဟစ်ခေါ်ငင်သံများက ပဲ့တင်ထပ်နေသည်။ ပြန်လည်ထူးသံကိုကား မကြားရချေ။ စကားပင်ကိုမှီကာ မလှုပ်မယှက်ရပ်နေမိသော မောင်မောင်သည် လေတွင် လွန့်လူးနေသော ရောစောင်ဖြူဖြူလေးကို သတိလက်လွတ် ငေးကြည့်ရင်း မျက်ရည်များစိမ့်ဝဲလာသည်။

'ကိုလေးရေ ကိုလေး'

ကြွေ ဆုံးဖြတ်ချက်ချအပြီး တမ်းတခေါ်ငင်သွားသော အသံလေးကို ကြားယောင်နေသည်။ မည်သူ့ကိုခေါ်ခြင်းဖြစ်သည်ဟု မသိရသော်လည်း သူ ဆုံးဖြတ်ပြီးကြောင်း သိနိုင်သည်။ မောင်မောင့်ရင်ထဲတွင် စူးစူးရှရှနှင့် နာနာကျင်ကျင် ဖြစ်နေသည်။ စကားပင်ကို ခေါင်းစိုက်ကာ ယောကျ်ားတန်မဲ့ မျက်ရည်တွေတွေကျမိလေသည်။

'ကြွေ မသေပါနဲ့ မ သေ ပါ နဲ့ လား ကြွေရယ်'

ခြေကုန်လက်ပန်းကျကာ ပြန်လာသော ကိုသက်နိုင်သည် သူရူးသဖွယ် တစ်ဦးတည်းရေရွတ်နေသောမောင်မောင့်ကိုတွေ့ရလေသည်။

❖

တိတ်ဆိတ် အေးချမ်းသော စကားမြိုင်တွင် စကားပန်းနံ့က သင်းပျံ့နေမြဲ ဖြစ်လေသည်။ ဖွေးဖွေးဖြူသော စကားပန်းလေးများသာ စကားပြော တတ်ကြလျှင် "ကြွေ့"အကြောင်းကို ကြေကွဲစွာ ပြောပြကြလိမ့်မည် ထင် သည်။

ကြိုးတံတားထိပ်ရှိ စကားပင် နှစ်ဖော်သည် ချောက်ဘက်သို့ ပို၍ ညွတ်ကိုင်းလာသည်။

တောင်ကျချောင်းရေက ရေစီးပြင်းထန်သောနေ့များတွင် စကားပန်းများ ရတ်ရတ်သဲသဲ ကြွေတတ်သည်။ ထို့နောက် ချောက်ထဲမှ ''ကိုလေးရေ ကိုလေးရေ'' ဟူသော ခေါ်သံသဲ့သဲ့လေးကို ကြားရသည်ဟု ပန်းလှရွာရှိ လူများက ပြောကြလေသည်။

မစန္ဒာ



မစန္ဒာ
ပန်းစကား
ကြွေ သေရင်တောင်မှလေ
စကားပန်းလေးရောင် ဖန်ဆင်းပြီး
ကိုလေးနားကိုကြွေကျမယ်၊ ကိုလေးကကောက်ယူနော်၊
ကိုလေးကပန်းလေးကို နမ်းရင် သင်းပျံ့ပျံ့ ရနံ့လေးနဲ့ အတူ
ကြွေကို မမေ့နဲ့နော်လို့ တိုးတိုးလေး ပြောမယ်လေ...